# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကာမဂုဏ်၌ မတပ်မက်၊ မငြီးတွယ်

ပန်းခူးသောသူသည် ကောင်းနိုးရာရာပန်းများကို ခူးသကဲ့သို့ ကာမဂုဏ်တရားတို့ကို ရယူသိမ်းပိုက်တတ်ကြ၏။ ထိုသူတို့သည် ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာသောစိတ်ဖြင့် မည်သည့်အခါမျှ မရောင့်ရဲနိုင်သောကြောင့် သေမင်းနိုင်ငံသို့ လိုက်ရသည်သာဖြစ်၏။ ကာမဂုဏ်တို့ကို မတောင့်တ၊ မငြိတွယ်ဘဲ ရောင့်ရဲတတ်သူကား သေမင်း၏လက်မှ လွတ်မြောက်ရ၏။ ကာမဂုဏ်တို့၌ မတပ်မက်၊ မငြိတွယ်ဘဲ နေနိုင်အောင် ကြိုးစားရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၄၈)


၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ (၅၇)၊ အမှတ် (၀၂၀)




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ(အီးယူ) သံအမတ်ကြီး H.E. Mr. Kristian Schmidt အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)

# ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ(အီးယူ) သံအမတ်ကြီး H.E. Mr. Kristian Schmidt အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အီးယူ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအား အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ကမ္ဘောဇ (BFM)မှ ငွေကျပ် သိန်း ၃၀၀၀၀ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ၏ မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ရှိ ငွေစုဘဏ်စာရင်းအမှတ် (CF-003434)သို့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့် ကဏ္ဍစုံလုပ်ငန်းစဉ်များတွင် အသုံးပြုရန် အလှူငွေကျပ် သိန်းပေါင်း ၃၀၀၀၀ ကို ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM)က အောက်တိုဘာ ၁၉ ရက်တွင် ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) အနေဖြင့် အပြစ်မဲ့သူများထိခိုက်မှုမရှိစေရေးအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရန် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်မှုကို ကူညီအားပေးသည့်အနေဖြင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၅* ✻

## ဖိနှိပ်ချုပ်ချယ်မှုများ ဆက်လက်ပြုလုပ်နေပါက ပါလီမန်လွှတ်တော်၌ မဲခွဲဆုံးဖြတ်ကာ လွတ်လပ်ရေး ကြေညာမည်ဖြစ်ကြောင်း ကက်တလိုနီးယားခေါင်းဆောင် ခြိမ်းခြောက်

စာ » ၁၉

## အဝါရောင်အဆင့်မုန်တိုင်းငယ် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်မည့်အခြေအနေမရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**


ယနေ့ နံနက် ၁၀နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်(Depression) အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၂၀၀ ခန့် ချန့်ဘာလီမြို့၏တောင်ဘက် မိုင် ၂၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး အိန္ဒိယနိုင်ငံ သြရိသကမ်းခြေကို ပူရီမြို့နှင့် ချန့်ဘာလီမြို့တို့အကြားမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် မြောက်လတ္တီကျု ၁၆ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)




KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

မြန်မာ့အလင်း

# တိုးတက်ဖွံ့ဖြိုးမှု၏ ခွေးသွားစိတ်များ

တိုးတက်ဖွံ့ဖြိုးမှုဟူသည် ရှုထောင့်ပေါင်းစုံမှ သုံးသပ်ကိုင်တွယ်ဆောင်ရွက်ရသော ကိစ္စရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော ပြည်ပကုမ္ပဏီတို့၏ ရှုထောင့်မှ စဉ်းစားသုံးသပ်ပါက မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေတစ်ရပ်လုံးကို ခြုံငုံသိရှိလိုကြမည်ဖြစ်ပါသည်။ တိုင်းပြည်၏ စီးပွားရေးအခြေအနေတစ်ရပ်လုံးကို ထင်ဟပ်ဖော်ပြသည့် ဤကဲ့သို့သော ကိန်းဂဏန်းတို့ကို နိုင်ငံတော်အစိုးရက နှစ်စဉ်ပုံမှန်ထုတ်ပြန်လေ့ရှိပါသည်။ သို့သော် နိုင်ငံခြားလေ့လာသုံးသပ်သူတို့၏ အမြင်အရ မြန်မာနိုင်ငံရှိ ကုမ္ပဏီတို့၏ အချက်အလက်ကိန်းဂဏန်းတို့မှာမူ အားနည်းနေဆဲဖြစ်ပါသည်။

မည်သို့သော ကုမ္ပဏီတို့သည် မည်သို့သောကဏ္ဍ၌ ဆောင်ရွက်လုပ်ကိုင်နေကြသည်ဟူသော ကိန်းဂဏန်းအချက်အလက်တို့သည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော ပြည်ပကုမ္ပဏီတို့အတွက် အရေးပါသော စာရင်းဇယားများဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ကုမ္ပဏီတို့၏ တယ်လီဖုန်းလမ်းညွှန်ကဲ့သို့သော စာအုပ်များရှိပြီးဖြစ်သော်လည်း ကုမ္ပဏီတို့၏အသေးစိတ် အချက်အလက်တို့ကို မှတ်တမ်းတင်ဖော်ပြသည့် စာအုပ်တို့မှာမူ အားနည်းနေဆဲဖြစ်ပါသည်။ ကုမ္ပဏီတစ်ခုချင်းအလိုက် မည်ကဲ့သို့သော စီးပွားရေးလုပ်ငန်းတို့ကို လုပ်ကိုင်သည်၊ ဝန်ထမ်းအရေအတွက်မည်မျှရှိသည်၊ စီးပွားရေးလုပ်ငန်းတို့၏ အမြတ်/အရှုံးမည်မျှရှိသည်၊ အခွန်မည်မျှထမ်းဆောင်ထားသည် စသော စသော အချက်အလက်တို့သည် ကုမ္ပဏီတစ်ခုချင်း၏ အနေအထားကို သုံးသပ်ရာ၌ အရေးပါသော အချက်အလက်တို့ဖြစ်ပါသည်။

ဥပမာအနေဖြင့် အခွန်ကိစ္စကို တင်ပြလိုပါသည်။ လူထုအစိုးရသစ်သည် စီးပွားရေးလုပ်ငန်းတိုင်းက ထမ်းဆောင်သင့် ထမ်းဆောင်ထိုက်သော အခွန်တို့ကို ပေးဆောင်ကြပါရန် ပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေတို့နှင့်အညီ ကုမ္ပဏီတို့က အခွန်ထမ်းဆောင်ကြ၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတို့ကလည်း ရသင့်ရထိုက်သော အခွန်တို့ရရှိရေးကို ဖိဖိစီးစီးဆောင်ရွက်နိုင်ပါက အခွန်ဆိုင်ရာကိန်းဂဏန်းအချက်အလက်တို့သည် ပြည်ပရင်းနှီးမြှုပ်နှံသူတို့အတွက် အရေးကြီးသောညွှန်ပြကိန်းတစ်ရပ် ဖြစ်လာမည်ဖြစ်ပါသည်။ ကုမ္ပဏီဆိုင်ရာ စာရင်းအင်း အချက်အလက်တို့ကို နိုင်ငံတကာစံချိန်စံညွှန်းသတ်မှတ်ချက်တို့နှင့်အညီ ပြုစုထားရှိနိုင်ရေးသည်လည်း အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းတို့နှင့် ကိုက်ညီသည့် စာရင်းအင်းအချက်အလက်တို့ရှိမှသာ ပြည်ပရင်းနှီးမြှုပ်နှံသူတို့က အဆိုပါ စာရင်းအင်းအချက်အလက်တို့အား သုံးသပ်၍ လက်တွဲထိုက်သော ကုမ္ပဏီဟုတ်သည်/မဟုတ်သည်ကို သုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းကုမ္ပဏီတို့အနေဖြင့် နိုင်ငံတော်မှ ပံ့ပိုးသင့်သော ကိစ္စရပ်တို့ကို တင်ပြတောင်းဆိုရန် လိုအပ်သကဲ့သို့ တစ်ချိန်တည်းမှာပင် ကုမ္ပဏီတစ်ခုချင်းအလိုက် ရှိသင့်ရှိထိုက်သော စာရင်းအင်းအချက်အလက်တို့ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြုစုထားရှိရေးကို အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း လေးစားစွာ တိုက်တွန်းတင်ပြအပ်ပါသည်။ ။

# ဂေါ်ရခါးရိုးရာယဉ်ကျေးမှု ဒီပဝါလီပွဲတော် တာချီလိတ်မြို့၌ ကျင်းပ




**တာချီလိတ် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး ဟိန္ဒူဓမ္မအဖွဲ့ချုပ်၏ တာချီလိတ်အဖွဲ့ခွဲနှင့် ဂေါ်ရခါးရိုးရာယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် နှစ်စဉ်ကျင်းပလာခဲ့သည့် ဒီပဝါလီပွဲတော် အထိမ်းအမှတ်ပွဲတော်ကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် တာချီလိတ်မြို့ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ် ဦးဆူရာပါချ်က ဆီမီးထွန်းညှိဖွင့်လှစ်သည်။ ထို့နောက် ရှမ်းပြည်နယ် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံ၊ တာချီလိတ်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦးနှင့် တာချီလိတ် ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ဥက္ကဋ္ဌ ဦးတင်ရွှေတို့က မင်္ဂလာနှုတ်ခွန်းဆက်စကားများပြောကြားကြပြီး ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဂျီးဝမ်းက ဒီပဝါလီပွဲတော်ကျင်းပခြင်းသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ဂေါ်ရခါးလူမျိုးတို့၏ ၁၂ ရာသီပွဲတော်များအနက် ဒီပဝါလီပွဲတော်သည် မြန်မာလူမျိုးတို့၏ သီတင်းကျွတ်မီးထွန်းပွဲတော်ကဲ့သို့ဖြစ်ပြီး ပါဠိဘာသာ ဒီပ "အလင်းရောင်"နှင့် ဝါလီ"အများအပြား"ကို ပေါင်း၍ ခေါ်ဝေါ်ခြင်းဖြစ်ကာ အမှောင်ထုအပေါ် အလင်းရောင်က ဖြိုခွင်းလင်းလက်ဖောက်ထွင်းနိုင်မှု၊ မကောင်းမှုအပေါ် ကောင်းမှုက အောင်ပွဲခံမှုကို ကိုယ်စားပြုကျင်းပသည့် ဂေါ်ရခါးလူမျိုးတို့၏ တစ်ခုတည်းသောပွဲတော်ဖြစ်ကြောင်း။ အဝေးရောက်နေကြသည့် ညီအစ်ကို မောင်နှမများအားလုံး ဆုံတွေ့ကြပြီး ညီအစ်မများက ညီအစ်ကိုများ၏ နဖူးပေါ်တွင် တီးကားလိမ်းပေးသောကြောင့် "ဘိုင်တီးကား" ဟု ခေါ်ရခြင်းဖြစ်ကြောင်း၊ သုံးရက်အတွင်း နေ့လယ်ပိုင်းတွင် မိသားစုများစုစည်း၍ ရိုးရာအစားအစာများ စုံလင်စွာချက်ပြုတ်စားသောက်ကြပြီး ညဘက်တွင် ဂေါ်ရခါးလူမျိုးမောင်မယ်များ စုပေါင်းကာ တစ်အိမ်ဝင် တစ်အိမ်ထွက် ဂေါ်ရခါးရိုးရာယဉ်ကျေးမှု အဆို၊ အတီးများဖြင့် ကပြဖျော်ဖြေပြီး ဆုတောင်းမေတ္တာ ပို့သကြကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**

## ထင်သာမြင်သာ ပြုပြင်စရာ

# မလှိုင်မြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၃)ရှိ ရေစင်ဘုတလမ်းပိုင်းပျက်စီးနေ၍ ပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မလှိုင်မြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၃)ရှိ ဒေသအခေါ် ရေစင်ဘုတလမ်းပိုင်းသည် နေ့စဉ် ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူ သွားလာနေသောလမ်းပိုင်းဖြစ်သော်လည်း ယခုအခါ ပျက်စီးနေခြင်းကြောင့် သွားလာရေးအတွက် အခက်အခဲဖြစ်ပေါ်နေကြောင်း ဒေသခံများထံမှ သိရသည်။

"အခုပျက်စီးနေတဲ့လမ်းပိုင်းဟာ စည်ပင်လမ်းနယ်နိမိတ်အတွင်း ပါရှိနေတာပါ။ ဒီလမ်းပိုင်းအနီးမှာ ယခုနှစ်ပညာသင်နှစ်ကဖွင့်လှစ်ခဲ့တဲ့ အမှတ် (၃) အမက စာသင်ကျောင်းလည်းရှိနေတာကြောင့် ဒီကျောင်းမှာ နေ့စဉ်ပညာသင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမတွေကလည်း အခုပျက်စီးနေတဲ့လမ်းပိုင်းကို အသုံးပြု သွားလာနေရပါတယ်။ အရင်နှစ်တွေက မလှိုင်မြို့နယ်မှာ မိုးရွာသွန်းမှုနည်းပါးခဲ့ပေမယ့် အခုနှစ်မှာ စဉ်ဆက်မပြတ်ရွာသွန်းခဲ့တာကြောင့် အခုလို လမ်းပိုင်းတချို့ ပျက်စီးနေတာကို သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ အမြန်ဆုံးဆောင်ရွက်ပေးစေလိုပါတယ်"ဟု အဆိုပါစာသင်ကျောင်းအနီးနေထိုင်သူ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်၌ ယခုနှစ်မိုးစဉ်ဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်/ကန်များ



ရေပြည့်ခဲ့၍ လမ်းတံတားတချို့လည်း ပျက်စီးခဲ့ကြောင်းသိရပြီး ယခုအခါ ကျောင်းသား ကျောင်းသူနှင့် အများပြည်သူသွားလာနေသည့် ပျက်စီးနေသောလမ်းပိုင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြောင်း သိရသည်။ **ကျော်ကျော် (မလှိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၉-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၅/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၇၉၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၈ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ . ၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၁ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၉၃ |
| တရုတ် | တစ်ယွမ် | ၂၀၅ . ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂ . ၇၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## ကျိုက်လတ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၃ ရွာ တိုးချဲ့ဖော်ဆောင်

**ကျိုက်လတ် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တိုးချဲ့ဖော်ဆောင်မည့် မြစိမ်းရောင်ကျေးရွာ ၁၃ ရွာသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို အောက်တိုဘာ ၁၉ ရက်က ပေးအပ်လိုက်ကြောင်း သိရသည်။

အဆိုပါ အရင်းမပျောက် လည်ပတ်ရန်ပုံငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းလှိုင် တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက မြစိမ်းရောင်စီမံကိန်းငွေစာရင်းဆိုင်ရာစည်းကမ်းချက်များ၊ စီမံကိန်းကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုရရှိနေပြီဖြစ်သည့် ကျေးရွာများ၏ အတုယူဖွယ် စံနမူနာပြလုပ်ဆောင်ချက်များကို မြစိမ်းရောင်ကျေးရွာ စတင်အကောင်အထည်ဖော်ကြမည့် ကျေးရွာတာဝန်ရှိသူများအား ရှင်းလင်းပြောကြားကာ ရန်ပုံငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် လက်ရှိအချိန်၌ မြစိမ်းရောင်စီမံကိန်း ၆၇ ရွာ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော်  အောက်တိုဘာ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး **H.E. Mr. Kristian Schmidt တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဗဟိုကော်မတီစည်းဝေး

**နေပြည်တော်  အောက်တိုဘာ ၁၉**

နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ တိရစ္ဆာန်ကောင်ရေစာရင်း ရှေ့ပြေးကောက်ယူခြင်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါန်းဇွန်၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မိတ္ထီလာ၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များရှိ ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၁၁၃ ရွာတို့၌




လည်းကောင်း၊ FAO-LIFT Fund စီမံကိန်းမှ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မလှိုင်၊ မြင်းခြံ၊ နွားထိုးကြီး၊ ပခုက္ကူ၊ တောင်သာနှင့် ရေစကြိုမြို့နယ်၌လည်းကောင်း ကောင်ရေစာရင်း ကောက်ယူနေသည့်အတွက် စုစုပေါင်း မြို့နယ် ၁၄ မြို့နယ်၊ အိမ်ခြေပေါင်း ၄၂၂၆၁၈ အိမ်၌ ကောင်ရေစာရင်း ကောက်ယူပြီးဖြစ်ပါကြောင်း။

တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းသည် အချိန်၊ လူအင်အား၊ နည်းပညာများရှိရုံဖြင့် အောင်မြင်နိုင်သည့် လုပ်ငန်းတစ်ခု မဟုတ်ပါကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ပံ့ပိုးမှု၊ ဆက်စပ်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ စာရင်းကောက်များ၏ ကျွမ်းကျင်မှု၊ ပြည်သူပြည်သားအားလုံး၏ စိတ်ရောကိုယ်ပါ ပွင့်လင်းမြင်သာစွာ ပူးပေါင်းကူညီမှုတို့ရှိမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း။

လက်ရှိတွက်ချက်မှုများအရ မြန်မာနိုင်ငံတွင်ရှိသည့် မြို့နယ်ပေါင်း ၃၃၀၊ ကျေးရွာပေါင်း ၆၃၈၆၀ ၌ ကျေးရွာမရှိသည့် မြို့နယ်များနှင့် စာရင်းကောက်ပြီး မြို့နယ်များကို ချန်လှပ်၍ မြို့နယ်ပေါင်း ၂၈၃ မြို့နယ်ရှိ ကျေးရွာ/ရပ်ကွက် ၂၀ ရာခိုင်နှုန်းတွင် စာရင်းကောက်ယူမည်ဖြစ်သည့်အတွက် ကျေးရွာပေါင်း ၁၂၃၉၉ ရွာနှင့် ၅၁၅ ရပ်ကွက်ရှိ အိမ်ခြေပေါင်း ၁၅ သိန်းခန့်မှ စာရင်းကောက်ယူသွားမည် ဖြစ်ပါကြောင်း။

တိရစ္ဆာန်ကောင်ရေစာရင်း တိကျမှန်ကန်စွာ ကောက်ယူရရှိနိုင်မှသာ မွေးမြူထုတ်လုပ်မှုနယ်ပယ်အတွက် မူဝါဒများ၊ ရည်မှန်းချက်များ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်မှာဖြစ်ပြီး နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းနှင့် အချက်အလက်များ အသုံးချခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဗဟိုကော်မတီဝင်များက ပြန်လည်သုံးသပ်တင်ပြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်တင်ပြကြသည်။
**(သတင်းစဉ်)**

# (၅)ကြိမ်မြောက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၉**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွှန်ပရာဘွန်မြို့၌ အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပသည့် (၅)ကြိမ်မြောက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။




အစည်းအဝေးဖွင့်ပွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လူမှုဝန်ထမ်းနှင့် အလုပ်သမားဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်က အမှာစကားပြောကြားရာ အာဆီယံနိုင်ငံများတွင် သဘာဝဘေးဖြစ်ပေါ်ပါက အာဆီယံနိုင်ငံများ စုပေါင်း၍ အတူတကွကူညီဆောင်ရွက်သော ONE ASEAN ONE RESPONE အစီအစဉ်ဖြင့် ကူညီဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးစင်တာ (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management - AHA Centre) က အဓိကဆောင်ရွက်ပေးနေကြောင်း၊ ယခုအခါ သဘာဝဘေးအန္တရာယ်များသာမက လူကြောင့်ဖြစ်သောဘေးများတွင်လည်း ကူညီဆောင်ရွက်လျက်ရှိရာ ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တို့တွင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့သည် အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ASEAN Day for Disaster Management ကို ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်အဖြစ် မဲခေါင်မြစ်အတွင်းသို့ ငါးများလွှတ်ကြသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ အာဆီယံနိုင်ငံများမှ တစ်နိုင်ငံချင်းအလိုက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြသည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆွေးနွေးရာ AHA Centre မှတစ်ဆင့် အာဆီယံနိုင်ငံများမှ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ပြည်သူများအတွက် အမေရိကန်ဒေါ်လာ လေးသိန်းကျော်တန်ဖိုးရှိသော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများ ထောက်ပံ့ပေးခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ အာဆီယံနိုင်ငံများသည် တူညီသော ရေမြေသဘာဝနှင့်ရာသီဥတုများရှိခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများကိုလည်း တူညီစွာခံစားရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များကို အရင်ကထက် ပိုမိုခံစားနေရကြောင်း၊ အစိုးရအနေဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန်နှင့် လျော့နည်းစေရန် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယသမ္မတ(၂)ဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြိုတင်သတိပေးစနစ်များ ဖော်ဆောင်ခြင်း၊ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ ဘက်စုံသုံး Cyclone Shelter များ ဆောက်လုပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ပုံငွေများလည်း တိုးမြှင့်ချထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူသားအရင်းအမြစ်များ စွမ်းရည်မြှင့်မားရေးအတွက်လည်း သင်တန်းကျောင်းများဖွင့်လှစ်၍ ဆောင်ရွက်နေပါကြောင်း၊ Myanmar Action Plan for Disaster Risk Reduction (MAPDRR) ကိုလည်း ရေးဆွဲ၍ ဦးစားပေးလုပ်ငန်း ၃၂ ခုဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ခံနိုင်သော အာဆီယံဒေသဖြစ်စေရန်နှင့် ONE ASEAN ONE RESPONSE လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် AHA Centre မှ သဘာဝဘေးအန္တရာယ်များတွင်သာမက လူကြောင့်ဖြစ်သော ဘေးဒုက္ခများတွင်ပါ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနေမှုကိုလည်း အလေးထားဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင် ကျင်းပသော (၃၁)ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး၏ အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့ပြီး အဆိုပါ အစည်းအဝေးများမှ ဆွေးနွေးရရှိချက်များကို အာဆီယံဝန်ကြီးများက ဆွေးနွေးဆုံးဖြတ် အတည်ပြုပေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လူမှုဝန်ထမ်းနှင့် အလုပ်သမားဝန်ကြီးဌာနက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ကိုရီးယားနိုင်ငံက ချီးမြှင့်သည့် မှတ်တမ်းတင်ဂုဏ်ပြုလွှာအား အမျိုးသားပြတိုက်(နေပြည်တော်)သို့ လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၉

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ကိုရီးယားသမ္မတနိုင်ငံမှ ပေးအပ်ချီးမြှင့်ခဲ့သည့် မှတ်တမ်းတင်ဂုဏ်ပြုလွှာကို အမျိုးသားပြတိုက် (နေပြည်တော်)သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အမျိုးသားပြတိုက်(နေပြည်တော်)၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။**

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၂၀၀၄ ခုနှစ်တွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ကျော်မှ ရဟန်းသံဃာ၊ သီလရှင်၊ ယောဂီများနှင့် နိုင်ငံ့ခေါင်းဆောင်များ အင်အား ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြပါကြောင်း၊ အဆိုပါညီလာခံတွင် ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ချုပ်ဖွဲ့စည်းရန် မူအားဖြင့် သဘောတူခဲ့ကြသော်လည်း ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါကြောင်း၊ ယခု အာရှနိုင်ငံများမှ ဗုဒ္ဓဘာသာအဖွဲ့ချုပ်များ ပူးပေါင်းပြီး အာရှဗုဒ္ဓဘာသာအသင်းဖွဲ့စည်းရန် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဖွဲ့စည်းရခြင်းမှာ မြတ်ဗုဒ္ဓ၏ သာသနာတော် အဓွန့်ရှည်တည်တံ့စေရန် ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံက မြတ်ဗုဒ္ဓ၏ ဒေသနာများကို အာဂုံဆောင်နိုင်သည့် သာသနာ့အာဇာနည် ရဟန်းသံဃာတော်များ ပေါ်ထွန်းသည့်အတွက် ဦးဆောင်စေခြင်းဖြစ်ပါကြောင်း၊ အာရှဗုဒ္ဓဘာသာအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ဤမှတ်တမ်းတင် ဂုဏ်ပြုလွှာကို စက်တင်ဘာ ၁၃ ရက်က ရန်ကုန်မြို့ ကရဝိက်နန်းတော်ဟိုတယ်၌ ကျင်းပခဲ့သည့် အာရှဗုဒ္ဓဘာသာအသင်း ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံမှ ဦးဆောင်ဆရာတော် Dr. Mok Tak က ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါမှတ်တမ်းလွှာအား ၉၉ ဒသမ ၉၉ အရည်အသွေးရှိ ရွှေစင်ငါးကျပ်သားခန့်ဖြင့်



ပြုလုပ်ထားသည်ဟု သိရှိရပါကြောင်း၊ နိုင်ငံနှင့် လူမျိုး၊ ဘာသာသာသနာအတွက် ဂုဏ်ယူဖွယ်ကောင်းသည့် မှတ်တမ်းလွှာဖြစ်ပြီး အများပြည်သူကြည့်ရှုလေ့လာ သိရှိစေလိုသည့်အတွက် အမျိုးသားပြတိုက် (နေပြည်တော်)၌ ခင်းကျင်းပြသထားရှိရန် ပြန်လည်လွှဲပြောင်းပေးအပ်ရခြင်း ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်ထံသို့ လွှဲပြောင်းပေးအပ်သည်။**(အပေါ်ပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြန်မာနိုင်ငံသည် ပျူခေတ်မှ လက်ရှိကာလအထိ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြပါကြောင်း၊ ပျူမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရခြင်း၏ အဓိကတစ်ချက်မှာ အရှေ့တောင်အာရှနိုင်ငံများအနက် ဗုဒ္ဓဘာသာကို အစောဆုံး လက်ခံယုံကြည်ကိုးကွယ်ခဲ့ပြီး လက်ရှိအချိန်အထိ ယုံကြည်ကိုးကွယ်မှုပင်ဖြစ်ပါကြောင်း၊ ယခု ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ရှေ့ပြေးအဖြစ် အာရှဗုဒ္ဓဘာသာအသင်းဖွဲ့စည်းရန် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရရှိလာသည့် မှတ်တမ်းတင်ဂုဏ်ပြုလွှာကို အမျိုးသားပြတိုက်(နေပြည်တော်)၌ ပြသခြင်းအားဖြင့် မြန်မာနိုင်ငံရှိ ရဟန်းသံဃာများနှင့် ပြည်သူလူထုတို့အတူ ပေါင်းစည်းတည်ရှိမှုကို ပြည်တွင်းပြည်ပ ဧည့်သည်များအား ထုတ်ဖော်ပြသနိုင်မည်ဖြစ်ရာ မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်လွှဲပြောင်းပေးအပ်သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

မှတ်တမ်းတင် ဂုဏ်ပြုလွှာတွင် နိဗ္ဗာန်ရောက်ကြောင်း စိတ်စေတနာကောင်းများဖြင့် ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေး၊ ပေါင်းစည်းညီညွတ်ရေးများဖြစ်ပေါ်စေရန် ရှေးရှုလျက် ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးပေးပါသော ပြည်ထောင်စုဝန်ကြီးကို လေးစားစွာဖြင့် ဂုဏ်ပြုအပ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက အိမ်နီးချင်းနိုင်ငံ အခက်အခဲရှိခဲ့ပါက အနီးအနားနိုင်ငံများမှ အခက်အခဲအား အတူတကွကျော်ဖြတ်နိုင်ရေး လက်တွဲခေါ်ဆောင်ဖို့ စိတ်ဆန္ဒထားရှိရန် လိုအပ်သည့် ယခုလိုအခြေအနေမျိုးတွင် ဗုဒ္ဓမြတ်စွာဘုရား၏အဆုံးအမဖြင့် ဗုဒ္ဓဘာသာဝင်ရဟန်းတော်များ တစ်နေရာတည်းတွင် စုဝေးခွင့်ရရှိပြီး တစ်သားတည်းဖြစ်စေရန် အခွင့်အလမ်းဖန်တီးပေးပါသော ပြည်ထောင်စုဝန်ကြီးအား အထူးပင်ကျေးဇူးတင်ရှိပါသောကြောင့် ဂုဏ်ပြုမှတ်တမ်းအား ချီးမြှင့်အပ်ပါသည်ဟု ဖော်ပြထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေများအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၁၉

**ဂျပန်နိုင်ငံ တိုကျိုမြို့၌ (၆)ကြိမ်မြောက် သဘာဝဓာတ်ငွေ့အရည်ထုတ်လုပ်သူများနှင့် သုံးစွဲသူများဆွေးနွေးပွဲ(LNG Producer - Consumer Conference 2017) သို့ တက်ရောက်ရန် ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်စင်နှင့်အတူ ယနေ့နံနက်ပိုင်းက ယိုကိုဟားမားမြို့ရှိ ကျောက်မီးသွေးသုံး Isogo Coal Fired Thermal Power Plant သို့ ရောက်ရှိလေ့လာသည်။** (ယာပုံ)





စက်ရုံရှင်းလင်းဆောင်ခန်းမ၌ စက်ရုံမှ တာဝန်ရှိသူများက ကျောက်မီးသွေးကို အဆင့်ဆင့်ပြုပြင်ပြီး လေနှင့်မှုတ်၍ မီးရှို့အသုံးပြုနေသည့် အခြေအနေများ၊ မီးချိုးကို ကျောက်မီးသွေး အပူဓာတ်အားပေးစက်ရုံသည် တိုကျိုပင်လယ်ကွေ့တွင် တည်ရှိပုံ၊ ဓာတ်အားပေးစက်ရုံမှ တိုကျိုဒေသရှိ လူဦးရေသန်း ၁၄၀ သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများ၊ မဂ္ဂါဝပ် ၁၂၀၀ အထိ ကျောက်မီးသွေးသုံး၍ ဓာတ်အားထုတ်လုပ်ပေးနေမှုများ၊ ၄၅ ရာခိုင်နှုန်းအထိ Efficient ဖြစ်စေရန် ခေတ်မီနည်းစနစ်သုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုအခြေအနေများ၊ ကာဗွန်ဒိုင်အောက်ဆိုက်ထွက်ရှိမှု လျော့ကျစေရန် နည်းပညာသုံးထုတ်လုပ်မှုအခြေအနေများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းအောင် ဆောင်ရွက်ထားရာ SOX,NOX များ ပါဝင်မှုအနေဖြင့် SOX 0.001 g/KWh နှင့် NOX 0.06 g/KWh သာ ပါရှိသည့် အခြေအနေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ကျောက်မီးသွေးစက်ရုံလည်ပတ်နိုင်မှုကြောင့် ယင်းစက်ရုံအနီးတွင် တိုကျိုမြို့ပြလူထုအနေဖြင့် ထိခိုက်သက်ရောက်မှုမရှိဘဲ နေထိုင်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ရုံအတွင်းသို့ လှည့်လည်၍ အဆင့်မြင့် Clean Coal နည်းပညာဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးအောင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုများကို လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ယိုကိုဟားမားမြို့ရှိ Iwatani group ၏ Yokohama Liquefied gas Terminal သို့ သွားရောက်လေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အိမ်ထောင်စုများသို့ ဓာတ်ငွေ့ဖြန့်ဖြူးပေးမှုစနစ်၊ အိမ်ထောင်စုများသို့ ဓာတ်ငွေ့အိုး လဲလှယ်ပေးမှုနည်းစနစ်၊ ဓာတ်ငွေ့ဖိုးကောက်ခံနေမှု နည်းစနစ်၊ အိမ်များ၌ ဓာတ်ငွေ့ဆလင်ဒါဘူးများ တပ်ဆင်မှုနည်းစနစ်၊ လက်လီဖြန့်ဖြူးမှုနည်းစနစ်၊ ကမ္ဘာ့ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေတို့ကို အသေးစိတ် မေးမြန်းဆွေးနွေးသည်။

ယင်းနောက် TEPCO ၏ Futtu Thermal Power Station နှင့် LNG Terminal သို့ ရောက်ရှိကြပြီး စက်ရုံတာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ Power plant capacity သည် ၅၁၆၀ မဂ္ဂါဝပ်ရှိကြောင်း၊ LNG ကို TEPCO မှ တင်သွင်းပါကြောင်း၊ ၂၀၁၆ ခုနှစ်က 22.5 Million ton တင်သွင်းခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။ LNG သိုလှောင်ကန်များ၊ LNG ဆိပ်ကမ်း၊ LNG ဆိပ်ကမ်းတွင် ရပ်နားထားသော LNG Carrier များကို လည်းကောင်း၊ တာဘိုင်များနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုကို လည်းကောင်း၊ Main Control room တို့ကို လည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြပြီး ပြည်တွင်းသုံးအတွက် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆီယံ သိပ္ပံနှင့် နည်းပညာကော်မတီနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၉**

အာဆီယံ သိပ္ပံနှင့် နည်းပညာကော်မတီနှင့်ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ရုရှား၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂတို့၏ ဆက်စပ်အစည်းအဝေးများကိုယနေ့ နံနက်ပိုင်းမှစတင်၍ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအမှတ်(၂)ရှိသတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးများ၌ အာဆီယံ သိပ္ပံနှင့် နည်းပညာကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မည့် သိပ္ပံနည်းပညာဆိုင်ရာ စီမံကိန်းများအား အတည်ပြုခြင်း၊ တိုးချဲ့ဆောင်ရွက်သွားမည့် အခန်းကဏ္ဍများအားဆွေးနွေးခြင်း၊ လာမည့်အစည်းအဝေးများတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးများသို့ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့် ဦးဆောင်သော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရုရှားနိုင်ငံ International Centre for Innovations in Science, Technology and Education မှ Executive Director Ms.Irina Kuklina၊ U.S Mission to ASEAN မှ Deputy Permanent Representative Ms. Jane Bocklage ၊ European Commission မှ Head of Unit Mr.Kostas Glinos တို့ တက်ရောက်ခဲ့သည်။

(၁၇)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့်နည်းပညာဝန်ကြီးအဆင့်အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ **သူရဇော်(သတင်းစဉ်)**

**ဓာတ်ပုံ - ထိန်နန်နှော်**

*** *ရှေ့ဖုံးမှ***

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ သေဆုံး၊ ဒဏ်ရာရရှိခဲ့သော နိုင်ငံ့ဝန်ထမ်းများအတွက် ငွေကျပ် သိန်း ၄၇၀ ၊ ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ် သိန်း ၃၀၀၀ နှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လှူဒါန်းငွေကျပ် သိန်း ၁၁၆၉၀ ကိုလည်းကောင်း လှူဒါန်းခဲ့ပြီး ယခုလှူဒါန်းသည့် ငွေကျပ် သိန်း ၃၀၀၀၀ အပါအဝင် စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၆၅၁၆၀ ကို ရခိုင်ပြည်နယ်အတွက် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖောင်ဒေးရှင်းသည် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ချိန်တွင်လည်း ငွေကျပ် သိန်းပေါင်း ၁၅၀၀၀ ကျော်ကို ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းခဲ့သည်။

အလားတူ BFM ဖောင်ဒေးရှင်းမှ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ငွေကျပ် သိန်းပေါင်း ၃၀၀၀၀ ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေ (NRPC-Peace Fund) အဖြစ် ပေးအပ်လှူဒါန်းခဲ့သည်။

ဒေါ်နန်းလိုင်းခမ်းဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)သည် စတင်တည်ထောင်သည့် ၂၀၀၈ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတော်နှင့် ပြည်သူအတွက် ကဏ္ဍပေါင်းစုံတွင် စုစုပေါင်း ငွေကျပ် ၁၃၅ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

# ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအတွက် တိုင်းရင်းဆေးများနှင့်အလှူငွေများ လှူဒါန်းပွဲကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)မှ တိုင်းရင်းဆေးများနှင့် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ) ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းရင်းဆေးများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားရာတွင် ယခုအခါ ရခိုင်ဒေသဖြစ်စဉ်များကို တစ်ကမ္ဘာလုံးက အာရုံစိုက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး တစ်စိတ်တစ်ဝမ်းတည်းရှိသည့် အချိန်အခါလည်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ လိုအပ်သည့်အချိန်အခါတွင် လိုအပ်သည့် တိုင်းရင်းဆေးဝါးများနှင့် အလှူငွေများ ပေးအပ်သည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း၊ ဆေးတစ်မျိုးချင်းစီ၏ အာနိသင်များကို ရှင်းလင်းဖော်ပြသည့် ဆေးအညွှန်းများကိုလည်း ပူးတွဲပေးပို့ပေးစေလိုပါကြောင်း၊ ယခု လှူဒါန်းသည့် တိုင်းရင်းဆေးများနှင့် အလှူငွေများကို ရခိုင်ဒေသ၌ နေထိုင်သူများထံသို့ အမြန်ဆုံးပေးပို့သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းဆေးကဏ္ဍတိုးတက်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လက်တွေ့ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယနေ့ လှူဒါန်းသည့် တိုင်းရင်းဆေးဝါးများမှာ အပူငြိမ်းဆေး၊ ချွဲသလိပ်ပျော်ဆေး၊ သူငယ်နာရင်လူးဆေး၊ လေငန်း၊ အကြော၊ ဒဏ်ကြေ၊ ကျီးပေါင်းလိမ်းဆေး၊ ငန်းနီကျော်၊ ငန်းဆေး၊ အဖျားဖြတ်ဆေး၊ အခိုးပွင့်ဆေး၊ အစာကြေလေနိုင်ဆေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါသောက်ဆေး၊ သွေးချို ဆီးချိုကျဆေး၊ သွေးတိုးကျဆေးအပါအဝင် တိုင်းရင်းဆေးအမျိုးပေါင်း ၂၆ မျိုး၏ ဆေးဘူး၊ ဆေးထုပ်အရေအတွက်ပေါင်း သုံးသိန်းကျော်၊ တန်ဖိုးငွေကျပ် ၆၈၁ သိန်းကျော်နှင့် ငွေသားအလှူငွေကျပ် ၂၃ သိန်း စုစုပေါင်း ငွေကျပ် ၇၀၄ သိန်းဖိုးခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**❐ *ကျောဖုံးမှ***

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် မရှိမဖြစ်အရေးပါလျက်ရှိနေပြီး မောင်တောဒေသ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်လျက်ရှိရာတွင် မောင်တောမြို့နယ်အား ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် လျှပ်စစ်မီးပေးနိုင်ရေးနှင့် ရသေ့တောင်မြို့နယ်အား ၂၀၁၈ ခုနှစ် မတ်လတွင် လျှပ်စစ်မီးပေးနိုင်ရေး တည်ဆောက်ရေးပိုင်းမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်မှုဖြစ်စဉ်မတိုင်မီက မောင်တောဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဒီဇယ်ဂျင်နရေတာများကို အသုံးပြုကာ တစ်ရက်လျှင် ငါးနာရီနှုန်း မီးပေးနိုင်ခဲ့ကြောင်း သိရသည်။ လျှပ်စစ်ဓာတ်အား ရောက်ရှိပါက မောင်တောမြို့နယ်တွင် ကျေးရွာ ၁၅ ရွာနှင့် ဘူးသီးတောင်မြို့နယ်တွင် ကျေးရွာ ၁၁ ရွာတို့အား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

---

# စစ်တွေမြို့ မညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းရှိ ဟိန္ဒူဘာသာဝင်များအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်တွေ အောက်တိုဘာ ၁၉**

စစ်တွေမြို့ မညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ခေတ္တခိုလှုံနေထိုင်နေကြသည့် ဟိန္ဒူဘာသာဝင်များအား ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ဟိန္ဒူဘာသာဝင်များအား ကျန်းမာရေးစောင့်ရှောက်ရာတွင် ရင်ကျပ်၊ အနာပေါက်၊ ချောင်းဆိုးခြင်းနှင့် အရေပြားရောဂါများ အများဆုံးကုသပေးခဲ့ရကြောင်း စစ်တွေမြို့တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဦးသိန်းဌေးအောင်က ပြောသည်။

ထို့သို့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရာတွင် စစ်တွေမြို့တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဦးသိန်းဌေးအောင်၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်း ငါးဦးတို့မှ မညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ခေတ္တခိုလှုံနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင် ၁၅၆ ဦးတို့အား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



---



# ရခိုင်ပြည်နယ် သတင်းထုတ်ပြန်ရေးကော်မတီအဖွဲ့ဝင်များနှင့် စစ်တွေမြို့အခြေစိုက် သတင်းမီဒီယာများတွေ့ဆုံ

**စစ်တွေ အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ် သတင်းထုတ်ပြန်ရေးကော်မတီအဖွဲ့ဝင်များနှင့် စစ်တွေမြို့အခြေစိုက် သတင်းမီဒီယာများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် စစ်တွေခရိုင်ပြန်ကြားနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်သတင်းထုတ်ပြန်ရေးကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က ရခိုင်ပြည်နယ်အတွင်း သတင်းရယူနေကြသည့် သတင်းမီဒီယာများအနေဖြင့် လိုက်နာရမည့် စည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက မိမိတို့ သတင်းဌာနအလိုက် သတင်းရယူနေမှုနှင့် သတင်းရယူရာတွင် တွေ့ကြုံကြရသည်များကို ဆွေးနွေးတင်ပြကြရာ သတင်းရဲတပ်ဖွဲ့(စစ်တွေ) ဒုတိယရဲမှူး ကြည်စန်းလွင်နှင့် တာဝန်ရှိသူများက ယုံကြည်မှုတည်ဆောက်ပြီး ပူးပေါင်းကာ ရခိုင်ပြည်နယ် သတင်းမှန်ထုတ်ပြန်နိုင်ရေး ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ သတင်းရဲတပ်ဖွဲ့(စစ်တွေ) ဒုတိယရဲမှူး၊ စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ စစ်တွေမြို့အခြေစိုက် Eleven၊ RFA၊ Sky Net၊ News Watch၊ DVB၊ MCN၊ Irrawaddy၊ Narinjara၊ Rakhine Gazette စသည့် သတင်းဌာနများမှ သတင်းသမား ၁၁ ဦး တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

# Lancang-Mekong Sub Regional Commodity Exposition (LMCE) ကုန်စည်ပြပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နိုင်ငံတကာကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

Lancang-Mekong Sub Regional Commodity Exposition (LMCE) ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Dianchi International Convention and Exhibition Center ၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၇ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@gmail.comနှင့် မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်) ဖုန်း-၀၁-၂၅၄၀၂၄၊ Email: itpic.moc@gmail. com၊ website: www.trade. gov. mm နှင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်ရေးဆွဲသည့် ဥပဒေကြမ်းတင်သွင်း

**နေပြည်တော် အောက်တိုဘာ ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း တစ်ခု တင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

**ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်**

အစည်းအဝေးတွင် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **ရွှေကျင်မြို့နယ် မဒမချောင်းအတွင်း တည်ဆောက်ထားသည့် စက်ယန္တရားကြီးများ တပ်ဆင်ဆောက်လုပ်သည့် ရေယာဉ်ကြီးများသည် မည်သည့်ဌာနက မည်သည့်ခွင့်ပြုချက် အမျိုးအစားဖြင့် ခွင့်ပြုထားသနည်း၊ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိသေးမီ ယခုကဲ့သို့ ထုထည်ကြီးမားသည့် စက်ယန္တရားကြီးများ တပ်ဆင်တည်ဆောက်ခွင့်ရှိပါသလား၊ ဆောက်လုပ်ခွင့်မရှိဟုဆိုပါက ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်မှုအပေါ် မည်သို့အရေးယူမည်ကို သိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန **ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း** က မဒမချောင်းအတွင်း တပ်ဆင်ဆောက်လုပ်ထားသည့် စက်ယန္တရားကြီးများနှင့် ရေယာဉ်ကြီးများသည် ရွှေနေထွန်းလင်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တရားဝင်ခွင့်ပြုချက်လိုင်စင်မရှိဘဲ လုပ်ငန်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ တရားဝင်ခွင့်ပြုချက် လိုင်စင်ရရှိရေး တင်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့တင်ပြရာတွင် မဒမချောင်းတစ်လျှောက် မြစ်ကြောင်းရှင်းလင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက အဆိုပါဒေသပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများက ကန့်ကွက်ရန်မရှိဟု သဘောထားထောက်ခံချက်များ ပါဝင်သည်ကို သိရပါကြောင်း၊ စက်ယန္တရားကြီးများ တပ်ဆင်ဆောက်လုပ်မှုအပေါ် အကြောင်းကြားခဲ့သည့် အချိန်မှစတင်၍ စောင့်ကြည့်ကြပ်မတ်လျက်ရှိပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း မရှိပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲဆောက်လုပ်မှုအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း** က ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ **သစ်တောမြေများအတွင်း အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသော လယ်မြေများကို ဌာနမှစွန့်လွှတ်ပေးရန်နှင့် သစ်တောဌာန၏ သီးနှံ၊ သစ်တောရောနှောစိုက်ခင်းများ အောင်မြင်ရေး စီမံဆောင်ရွက်ထားသည့်အစီအစဉ်များရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် မတ်လတွင် စာရင်းကောက်ယူရရှိခဲ့သော သစ်တောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအတွင်းရှိ လယ်မြေ စုစုပေါင်း ၄၁၉၈၆၅ ဒသမ ၂၄ ဧက ကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးပြီးဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် ကြိုးဝိုင်းကျူးကျော် စာရင်းကောက်ယူစဉ်က ပါဝင်သော အိမ်ခြေ ၅၀ အောက် ပြန့်ကျဲအိမ်ထောင်စုများနှင့် ပြင်ပမှ ဝင်ရောက်ကျူးကျော်သည့် လယ်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ပေးမည့် အချိန်ရောက်သည့်အခါ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ယင်းကာလ စာရင်းကောက်ယူရာတွင် မပါဝင်ပါက ပယ်ဖျက်ခွင့်ပြုရေး ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို

**အောင်မြင်အောင် စီမံဆောင်ရွက်**

သစ်တောမြေအတွင်း လုပ်ကိုင်စားသောက်လျက်ရှိသည့် ယာမြေများကို သီးနှံ သစ်တောရောနှောစိုက်ပျိုးခြင်း နည်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခြင်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လကုန်အထိ အိမ်ခြေ ၅၀ နှင့်အထက် ကျေးရွာများနှင့် အိမ်ခြေ ၅၀ အောက် ကျေးရွာများအတွက် ဧရိယာ ၁၅၁၁၆၂ ဧကကို လုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ သစ်တောမြေအတွင်းရှိ ယာမြေ ၇၁၃၇၅ ဧက ကို ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်ယာမြေဧရိယာများကို မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းအစီအစဉ်ဖြင့် သီးနှံသစ်တောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခြင်းကို အောင်မြင်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်**၏ ညောင်လေးပင်မြို့တောရကြီးကျောင်း ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒဝံသ သာသနဓဇဓမ္မာစရိယ(မဟာဂန္ထဝါစကပဏ္ဍိတ) သည် ၁၉၇၅ ခုနှစ် က ပဲခူးမြို့ သာသနာမဏ္ဍိုင်ကျောင်းတိုက်တွင် ဓမ္မာစရိယစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ရာ အောင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် အောင်လက်မှတ်မိတ္တူ ပြန်လည်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း၊ **ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း**၏ ပေါင်မြို့နယ် ဥတ္တံတားကျေးရွာရှိ Long life Aggregate Mining Co.ltd.သည် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ် လုပ်ငန်းများ ထိခိုက်နေသောကြောင့် ဖျက်သိမ်းပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း၊ **ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း**၏ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးသွင်းရန်ကျန်ရှိသော ရွှေတူးဖော်ရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီတို့ကို တိကျသော အရေးယူမှုများ ဆောင်ရွက်သွားရန်နှင့် ကြွေးကျန်များ ကျန်ရှိမှုမရှိအောင် ကောက်ခံသွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် **စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်** ၏ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများ ပိုမိုရရှိစေရန် ကျောက်မျက်ရတနာရောင်းချပွဲများကို နှစ်လလျှင် တစ်ကြိမ်၊ တစ်နှစ်လျှင် ခြောက်ကြိမ် ကျင်းပပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဦးအုန်းဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်မည်**

ယင်းနောက် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်က **မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အကြိုအဖွဲ့ဝင် (Candidate) အနေဖြင့် ဝင်ရောက်ခဲ့သည့်** ( Extractive Industries Transparency Initrative – EITI ) **သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်သည့်အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှရရှိသည့် နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို** တင်သွင်းရာတွင် နိုင်ငံသားများအနေဖြင့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှ ရရှိလာသည့် အကျိုးကျေးဇူးများကို ခံစားခွင့်အနည်းဆုံး ၁၃ နိုင်ငံတွင် ပါဝင်နေပါကြောင်း၊ နိုင်ငံသားအားလုံး အကျိုးခံစားခွင့်ရှိပြီး တည့်မတ်မှန်ကန်သည့် သယံဇာတဆိုင်ရာစီမံခန့်ခွဲခြင်းကို ပြည်ထောင်စုအစိုးရအနေဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှုအခြေအနေတစ်ခုသို့ ရောက်ရှိရန် တွန်းအားပေးလိုသည့်အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EITI ၏ စံချိန်စံညွှန်း၊ လမ်းညွှန်ချက်၊ တိုက်တွန်းချက်များဖြင့်လုပ်ရန် တာဝန်ရှိသည်များကို တတ်နိုင်သမျှကိုက်ညီအောင် ဆောင်ရွက်ခြင်းသည် သဘာဝသယံဇာတတူးဖော်လုပ်ကိုင်ခြင်း ကဏ္ဍကြီးတစ်ခုလုံးကို ရေရှည်တိုးတက်စေမည်ဖြစ်ပြီး အဆိုပါကဏ္ဍမှ ရရှိသည့် တိုင်းပြည်ဝင်ငွေများကို နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှ ရရှိသည့် ဝင်ငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်မည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို တိုင်းပြည်နှင့်လူမျိုး အမှန်တကယ်အကျိုးရှိအောင် ပွင့်လင်းမြင်သာစွာ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် သုံးစွဲရမည်ဖြစ်ကြောင်း၊ EITI စံချိန်စံညွှန်းများအရ ပုဂ္ဂလိကကုမ္ပဏီများကို လိုင်စင်ချထား ဆောင်ရွက်စေခြင်းသည် လူမှုရေးအရတာဝန်ယူမှုရှိသည့် ပြည်တွင်း၌သာမက နိုင်ငံတကာကပါ လေးစားရသည့်၊ ဂုဏ်သိက္ခာရှိသည့်၊ ရေရှည်တည်တံ့အောင်မြင်သည့် ကုမ္ပဏီများဖြစ်လာစေရန် ပြုစုပျိုးထောင်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာဖြည့်ဆည်းခြင်း အကျပ်အတည်းကို ဖြေရှင်းရာလည်းရောက်ပါကြောင်း၊ EITI အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရ အားတိုက်တွန်းပါကြောင်းဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းသည်။



ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်

**အမည်စာရင်း တင်သွင်းနိုင်**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်ရေးဆွဲသည့် ဥပဒေကြမ်းကို တင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်ရေးဆွဲသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်ရေးဆွဲသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာများကို တိကျစွာဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# နာဂဒေသတွင် တာဝန်ထမ်းနေကြသောဝန်ထမ်းများအတွက် ခရီးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ထုတ်ယူသုံးစွဲခွင့်ရှိ

**နန်းယွန်း အောက်တိုဘာ ၁၉**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များအတွင်း တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် ခရီးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ထုတ်ယုသုံးစွဲခွင့်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးထံမှ သိရသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် လဟယ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကယ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူ့ဝန်ထမ်းများ နယ်လှည့်ကွင်းဆင်းရာတွင် အမှန်တကယ်ကုန်ကျစရိတ်ကို ခွဲဝေချထားပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို ဝန်ကြီးဦးစိုးဦးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

“နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ နိုင်ငံတော်ရဲ့ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ရာမှာ ကုန်ကျတဲ့ ပြည်တွင်းခရီးစရိတ်ကို ဘဏ္ဍာရေးနှစ်အလိုက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများရဲ့ သာမန်အသုံးစရိတ် ခေါင်းစဉ်အောက်မှာရှိတဲ့ ၀၂၀၁ ပြည်တွင်းခရီးစရိတ်ခေါင်းစဉ်မှ ရန်ပုံငွေလျာထားတောင်းခံပြီး ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ အမှန်တကယ် ကုန်ကျတဲ့ ခရီးစရိတ်ကိုသာ ထုတ်ယူခွင့်ရှိပါတယ်” ဟု ဦးစိုးဦးက ပြောကြားသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ဝေထားသည့် ဘတ်ဂျက်ခေါင်းစဉ် အမှတ်အသားများစာအုပ်မှာ သာမန်အသုံးစရိတ်စာရင်းတွင် ၀၂၀၁/ပြည်တွင်းခရီးစရိတ်/ မြန်မာပြည်ခရီးစရိတ်လက်စွဲ ဥပဒေအရ ရပိုင်ခွင့်ရှိသော ယာဉ်စရိတ်နှင့်ပုံသေခရီး စရိတ်များအပါအဝင် နိုင်ငံ့ဝန်ထမ်းများအတွက် ခရီးစရိတ်အားလုံး ကျခံရန်ဟု ဖော်ပြပါရှိကြောင်း သိရသည်။

“ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၂၀၁၅ ခု ဒီဇင်ဘာ ၂၁ ရက်ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၈၆/၂၀၁၅)မှာ တာဝန်နဲ့ခရီးသွားတဲ့ ဝန်ထမ်းတွေအတွက် ခရီးသွား နေ့တွက်စရိတ်နှုန်းကို ငွေကျပ် ၁၇၀၀ ကနေ ငွေကျပ် ၃၀၀၀ ကို ပြင်ဆင်သတ်မှတ်ထားပြီး ခရီးသွား နေ့တွက်စရိတ်နှုန်းကို ခရီးသွားလာခွင့်အမိန့်နဲ့ တာဝန်နဲ့ ခရီးသွားတဲ့ ဝန်ထမ်းကိုသာ ခွင့်ပြုဖို့ဖြစ်ပြီး ကိုယ်ရေးကိုယ်တာ ခရီးသွားတာကို တာဝန်လို့ သတ်မှတ်မဖော်ပြဖို့ ဝန်ကြီးဌာန အဖွဲ့အစည်းတွေအနေနဲ့ ကြပ်မတ်ဆောင်ရွက်ဖို့ ထုတ်ပြန်ထားပါတယ်။ အဲဒီလို ထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ရဲ့ သာမန်အသုံးစရိတ် ငွေစာရင်းခေါင်းစဉ် ၀၂၀၁ ပြည်တွင်းခရီးစရိတ် ခေါင်းစဉ်ကနေ ကျခံသုံးစွဲခွင့်ရှိပါတယ်” ဟု ဦးစိုးဦးက လွှတ်တော်တွင် ရှင်းလင်းဖြေကြားသည်။

**သံတိုင်ထွန်း**

## ဆေးရုံတက်ရောက်ကုသသော ဝေဒနာရှင်များအား အာဟာရများ နေ့စဉ်ဒါနပြု

**သီပေါ အောက်တိုဘာ ၁၉**

သီပေါမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက် ဆေးကုသလျက်ရှိသည့် ဝေဒနာရှင်များကို ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက အာဟာရဒါနအဖြစ် ကွေကာအုပ်၊ ကြက်ဥ၊ ကြက်သားဆန်ပြုတ်နှင့် ခေါက်ဆွဲပြုတ်များကို တစ်နေ့လျှင် သုံးကြိမ် ဝေဒနာရှင် ၇၀ ကျော်ခန့်အား ကျွေးမွေးဒါနပြုလျက်ရှိသည်။

ယနေ့ နံနက်တွင်လည်း ဘော်ကြိုဘုရားကြီးကျောင်းတိုက် ဘော်ကြိုဆရာတော်က လူနာများအား စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# အဏ္ဏဝါသုတေသနလုပ်ငန်းများကို စနစ်တကျ အဆက်မပြတ်ပြုလုပ်ပြီး ဇီဝဂေဟထိန်းသိမ်းမှုနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်သင့်

**နေပြည်တော် အောက်တိုဘာ ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိအမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၏ **သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ အခြေခံပညာအထက်တန်းကျောင်း ဟောင်းမြေနေရာအား ဒေသအကျိုးပြု အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းတစ်ခုအဖြစ် သတ်မှတ်ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆိုပါကျောင်း၌ အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၄၁၅ ဦး၊ အလယ်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၈၂၆ ဦး၊ မူလတန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၃၉၉ ဦး စုစုပေါင်းဦးရေ ၁၆၅၀ ရှိပြီး စာသင်ဆောင်ပေါင်းလေးဆောင်ဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကျောင်းဆောင်သစ်များ**

**ဆောက်လုပ်ရန် မြေနေရာမရှိ**

နောင်လာမည့် ပညာသင်နှစ်များတွင် ကျောင်းသား ကျောင်းသူဦးရေများ ထပ်မံတိုးပွားလာပါက ကျောင်းဆောင်သစ်များနှင့် KG ဆောင်များ ဆောက်လုပ်ရန်အတွက် မြေနေရာလိုအပ်ခြင်းကြောင့်လည်းကောင်း၊ အထက်တန်းကျောင်းဖြစ်သည့်အတွက် သိပ္ပံဆောင်များလိုအပ်ပြီး လက်ရှိမြေနေရာတွင် ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ရန် မြေနေရာလက်ကျန်မရှိခြင်းကြောင့် လည်းကောင်း၊ ထိုကျောင်း၏ ကျောင်း(ခွဲ)အဖြစ် မူလတန်းအဆင့်များကို ဖွင့်လှစ်ရန် လျာထားခြင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားကွင်းများအဖြစ် အသုံးပြုရန် လျာထားခြင်းကြောင့် လည်းကောင်း ကျောင်းဆောင်ဟောင်းမြေနေရာတွင် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း တစ်ကျောင်းအဖြစ် ဖွင့်လှစ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၏ **မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ အခြေခံပညာအထက်တန်းကျောင်း ပင်မကျောင်းဆောင် (ကျွန်စစ်သားဆောင်)ကို အန္တရာယ်ရှိကျောင်းဆောင်အဖြစ်သတ်မှတ်၍ အစားထိုး ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြစ်သားမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စုစုပေါင်း စာသင်ဆောင် ကိုးဆောင်ရှိပြီး ကျောင်းသား ကျောင်းသူဦးရေ အနေဖြင့် မူလတန်းအဆင့်တွင် ၄၂၉ ဦး၊ အလယ်တန်းအဆင့်တွင် ၁၁၉၈ ဦးနှင့် အထက်တန်းအဆင့်တွင် ၁၁၄၃ ဦး စုစုပေါင်း ၂၇၇၀ ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရပါကြောင်း။



ဦးဟန်ဝင်းသိန်း
တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)

**ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ**

ပင်မကျောင်းဆောင်(ကျွန်စစ်သားဆောင်)ကို အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ် သတ်မှတ်ပြီး ကျောင်းသား ကျောင်းသူများ စာသင်ကြားခြင်း မပြုလုပ်ရန်၊ အနီးမှ ဖြတ်သန်းသွားလာခြင်းမပြုရန်အတွက် ကန့်သတ်နယ်မြေအဖြစ်ထားရှိပါကြောင်း၊ လက်ရှိအချိန်တွင် အန္တရာယ်ရှိအဆောင်၌ စာသင်ကြားနေကြသော ကျောင်းသားကျောင်းသူ ၅၄၄ ဦးအတွက် သင်ကြားရေးအဆင်ပြေစေရန် အနော်ရထာဆောင်၊ တေဇဆောင်နှင့် သိပ္ပံလက်တွေ့ခန်းများတွင် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ စာသင်ကြားမှု အဆင်ပြေစေရန်အတွက် သာမန်အသုံးစရိတ် ရန်ပုံငွေခေါင်းစဉ်အောက်မှ ပေ (၉၀×၃၀) (Type-C) ယာယီဆောင် နှစ်ဆောင်ကို ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး နှစ်ထပ် E ပုံသဏ္ဌာန် စာသင်ဆောင်ကြီးကို ပြန်လည်တည်ဆောက်ရန်အတွက် နောက်ဘဏ္ဍာရေးနှစ်တွင် အဆိုပြုဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ နည်းပညာတက္ကသိုလ်များတွင် သတ္တုတူးဖော်ရေး အင်ဂျင်နီယာ ဒီပလိုမာဘာသာရပ်သင်တန်း ပြန်လည်ဖွင့်လှစ်ပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ဖြေကြားသည်။

**လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေး**

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့် ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ် ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်၊ ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ်စစ်ဆေးမှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB,CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းက အဆိုတွင် အဓိကရည်ရွယ်ချက် ၄ ချက်တွေ့ရှိရပါကြောင်း၊ ငါးတင်၊ ငါးချ ဆိပ်ကမ်းပေါ်တင်ဆောင်ပြီး စိစစ်ကြပ်မတ်ရမည်ဆိုသည့်နေရာတွင် စစ်ဆေးရေးဝန်ထမ်း၏လုပ်ငန်းကျွမ်းကျင်မှုနှင့် ဝန်ဆောင်ပေးနိုင်မှုသည် လွန်စွာအရေးကြီးသည့်အချက် ဖြစ်ပါကြောင်း၊ ပစ္စည်းအရည်အသွေးကျလျှင် ဈေးမရတော့ပါကြောင်း၊ တချို့နိုင်ငံများတွင် ငါးမျက်စိအရောင်ပြောင်းခြင်း၊ ငါးကြေးခွံကျွတ်ခြင်းစသည်တို့ ချို့ယွင်းလျှင် ရောင်း၍မရသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ငါးတင်၊ ငါးချ ဆိပ်ကမ်းပေါ်တင် စစ်ဆေးကြပ်မတ်ရမည်ဆိုသည့်အချက်သည် ကျွမ်းကျင်မှုနှင့် ဝန်ဆောင်မှုအပြည့်ပေးနိုင်ရန် လိုအပ်လှပါကြောင်း။



ဒုတိယဗိုလ်မှူးကြီးစိုးနိုင်
တပ်မတော်သားကိုယ်စားလှယ်

**အကျင့်ပျက်ခြစားမှု ထိရောက်စွာအရေးယူ**

တရားမဝင်ငါးဖမ်းဆီးခြင်းတွင် ပြည်တွင်းကမ်းဝေးငါးဖမ်းသင်္ဘောများ၊ ကမ်းနီးကမ်းဝေးငါးဖမ်းသင်္ဘောများက ကမ်းနီးဝင်ရောက်ခိုးဖမ်းသည်အထိဖြစ်နေပါကြောင်း၊ သင်္ဘောတွင်ပါသည့် ပိုက်ကွက်ကို ၂ လက်မ သတ်မှတ်ထားသော်လည်း တကယ့်ရေပြင်တွင် ဖမ်းနေသည်က လက်သန်းပင် လျှိုဝင်မရသည့် ပိုက်ကွက်စိပ် ပိုက်အိတ်များကို သုံးနေကြပါကြောင်း၊ ပိုက်ကွက်စိပ်များဖြင့် ကမ်းနီးဝင်ဆွဲသည့်အခါ ငါးသားပေါက်များပါသွားသောကြောင့် ငါးမျိုးတုံးနိုင်ပါကြောင်း၊ ယင်းကြောင့် ငါးဖမ်းသင်္ဘောမထွက်မီ Check Point တွင် သေချာစိစစ်နိုင်ရန်၊ အကျင့်ပျက်ခြစားမှုကိုလည်း ထိရောက်စွာ အရေးယူရန် ငါးဖမ်းသင်္ဘောများတွင် VMS တပ်ဆင်ရန် လိုအပ်သည့်အပြင် Mobile Team ဖြင့် ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းများ ပြုလုပ်သင့်ပါကြောင်း။

အဏ္ဏဝါသုတေသနလုပ်ငန်းများကို စနစ်တကျ အဆက်မပြတ်ပြုလုပ်ပြီး ဇီဝဂေဟထိန်းသိမ်းမှုနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်ပါကြောင်း၊ အကျင့်ပျက်ခြစားမှု၊ စည်းကမ်းပျက်လုပ်ငန်းနှင့် ယာဉ်များကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**အခွန်အခများဆုံးရှုံးနေမှုများမှ ကာကွယ်နိုင်**

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းက တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်မြို့နှင့် ကော့သောင်းမြို့တို့တွင် ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ မြိတ်စစ်ဆေးရေးစခန်းတွင် One Stop Service ကို ယခုအချိန်တွင် MFI ဟု ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့ကိုးဖွဲ့ရှိပါကြောင်း၊ မြိတ်စစ်ဆေးရေးစခန်းမှ အစစ်ဆေးခံ၍ လုပ်ကိုင်နေသော ငါးဖမ်းရေယာဉ် ၁၁၂၈ စင်း၊ နိုင်ငံခြားဖက်စပ် ငါးဖမ်းရေယာဉ် ငါးစင်း၊ ပြည်တွင်း ငါးသယ်ရေယာဉ် ၃၃ စင်းရှိပါကြောင်း၊ ငါးများကို ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိပါကြောင်း၊ ရေယာဉ်ကို စစ်ဆေး ရာတွင် ပုံစံလေးမျိုးဖြင့် စစ်ဆေးလျက်ရှိပါကြောင်း၊ တံတားပေါ်တွင် စစ်ဆေးမည်ဆိုလျှင် ကြီးမားကျယ်ဝန်းသော၊ ရေဆိပ်ခံကောင်းမွန်သော နိုင်ငံပိုင်တံတား ဖြစ်သင့်ပါကြောင်း၊ နည်းပညာကောင်းမွန်သည့် ယန္တရားကြီးများ၊ လျှပ်စစ်အားကောင်းသည့် အအေးခန်းစက်ရုံများလည်း လိုအပ်ပါကြောင်း၊ တရားမဝင် ငါးသယ်ယူမှုများမရှိစေရန် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းသိမ်းစနစ် VMS ကိုလည်း အမြန်ဆုံး အကောင်အထည် ဖော်သင့်ပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ထိန်းသိမ်းခြင်း၊ ရေရှည်ထုတ်ယူ သုံးစွဲနိုင်ခြင်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်းများ ဖြစ်ပေါ်လာပြီး ငါးနှင့် သယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ဆုံးရှုံးနေမှုများမှ ကာကွယ်နိုင်လာမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုးနိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့ကလည်း ဆွေးနွေးကြသည်။ **အေးအေးသန့်(သတင်းစဉ်)**

# မြန်မာနိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အဖွဲ့သည် အမေရိကန်နိုင်ငံ ဝါရှင်တန်တွင် အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။


မြန်မာကိုယ်စားလှယ်အဖွဲ့သည် နှစ်ပတ်လည် အစည်းအဝေးကာလအတွင်း အရှေ့တောင်အာရှ မဲပေးအုပ်စုဂါဗာနာများအစည်းအဝေး၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ တံခါးပိတ် အစည်းအဝေး၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ Asia and Pacific Department မှ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးကော်မတီ အစည်းအဝေးတို့ကို တက်ရောက်ခဲ့သည်။

ယင်းနောက် ဂျပန်နိုင်ငံ International Affairs of The Financial Services Agency (FSA) မှ Vice Minister Mr. Ryozo HIMINO နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အရှေ့တောင်အာရှ မဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Mr. JudaAgung နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် IMF ၏ နည်းပညာအကူအညီပေးမှု အစီအစဉ်များအားလည်းကောင်း ဆွေးနွေးသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အမေရိကန်နိုင်ငံ ဝါရှင်တန်မှ အောက်တိုဘာ ၁၇ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ညဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**တောင်ကုတ် အောက်တိုဘာ ၁၉-** တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျောင်းသား ကျောင်းသူလေးများ၏ ညဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးစန်းဝင်းက ပြိုင်ပွဲကျင်းပရခြင်း ရှင်းလင်းပြောကြားပြီး ဆုရရှိသူများကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



# ၆၆ ကေဗွီ ဓာတ်အားလိုင်းအူကြောင်းများနှင့်ပတ်သက်၍ ဟားခါး၌ရှင်းလင်းပွဲပြုလုပ်

**ဟားခါး အောက်တိုဘာ ၁၉**

လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း)မှ ချင်းပြည်နယ်အတွင်းဆောင်ရွက်မည့် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ အသိပေးရှင်းလင်းခြင်းကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က တက်ရောက်လာသူများအား မိတ်ဆက်ပေးပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့် ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများ (မြောက်ပိုင်း)၊ စီမံကိန်းညွှန်ကြားရေးမှူး ဦးမင်းနိုင်က ၆၆ ကေဗွီ ဓာတ်အားလိုင်းအူကြောင်းများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် မှာကြားသည်။

ချင်းပြည်နယ်တွင် ၆၆ ကေဗွီ မင်းတပ်-မတူပီဓာတ်အားလိုင်း ၅၀ ဒသမ ၉ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅-အမ်ဗွီအေ မတူပီဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ သိုင်းငင်း-တီးတိန်ဓာတ်အားလိုင်း ၁၆ ဒသမ ၃မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅-အမ်ဗွီအေ တီးတိန်ဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ ကျောက်တော်-ပလက်ဝဓာတ်အားလိုင်း ၃၇ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅-အမ်ဗွီအေ ပလက်ဝဓာတ်အားခွဲရုံများ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက် )**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အစိုးရနှင့်အတူ ကျေးလက်နေပြည်သူအားလုံးတို့က ပူးပေါင်းဆောင်ရွက်

**ဟားခါး အောက်တိုဘာ ၁၉**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်တင်မန်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၈ ရက်နေ့တွင် ဖလမ်းမြို့နယ်အတွင်းရှိ ဇာလိုင်ကျေးရွာနှင့် လိုင်ဇိုးကျေးရွာ ပြည်သူများနှင့် တွေ့ဆုံ၍ ဒေသလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံရာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရတစ်ခုတည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်၍ မရနိုင်ကြောင်း၊ အစိုးရနှင့်အတူ ကျေးလက်နေပြည်သူအားလုံးတို့က တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှသာ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားကာ ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်တင်ပြမှုများအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဖလမ်းမြို့ ဟရန်ထီးယို အားကစားကွင်း၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် ပထမအကြိမ် ဖလမ်းမြို့နယ်အသင်းတော်ပေါင်းစုံ မိတ်သဟာယ အမျိုးသားလူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆရာထောင်းဘိခ်က ဘောလုံးပြိုင်ပွဲကို ဆုတောင်း၍ ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက ၂၀၁၇ ခုနှစ် ပထမအကြိမ် ဖလမ်းမြို့နယ်အသင်းတော်ပေါင်းစုံ မိတ်သဟာယအမျိုးသား လူငယ်ဘောလုံးပြိုင်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်းအား တစ်သင်းလျှင် ထောက်ပံ့ကြေး ငွေကျပ် ၅၀၀၀၀ စီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ (ဝဲပုံ)

ဖွင့်ပွဲ ပွဲစဉ်အဖြစ် Evangelical Baptist Church (EBC) ဘောလုံးအသင်းနှင့် Bethlehem Baptist Church (BBC) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ BBC ဘောလုံးအသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre )၌ လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို အောက်တိုဘာ ၂၂ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် ပြည်ကြီးတံခွန် မဲဆန္ဒနယ်အမှတ်(၂)မှ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးစွဲရောဂါကုဆေးရုံမှ စိတ်ရောဂါအထူးကုဆရာဝန်ကြီး Dr. ထင်ကျော်ဦးနှင့် စာပေပညာရှင် စာရေးဆရာ ဆူးငှက်၊ ယုံကြည်ရာစာကြည့်တိုက်မှ ဦးဇော်ထက်အောင်တို့ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပျော်ဘွယ်မြို့နယ်အတွင်း ဓာတ်အားကောင်းမွန်စွာသုံးစွဲနိုင်ရေး ဆောင်ရွက်

**ပျော်ဘွယ် အောက်တိုဘာ ၁၉**

ပျော်ဘွယ်မြို့နယ်သို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် မန္တလေးဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌ ဦးသောင်းဟန်၊ အမှုဆောင်အရာရှိချုပ် ဦးသိန်းလှိုင်၊ အင်ဂျင်နီယာချုပ် ဦးကျော်သူတို့အဖွဲ့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၁၁ နာရီက ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့သို့ ရောက်ရှိလာပြီး ၃၃/၁၁ ကေဗွီ 2 x 5 MVA ဓာတ်အားခွဲရုံရှိ ထရန်စဖော်မာများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပျော်ဘွယ်မြို့နယ်၊ ရန်အောင်မြို့နယ် ရပ်ကွက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေးနှင့် ဗို့အားအပြည့်အဝ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပြီး ဓာတ်အား အတက်အကျဖြစ်နေမှုကို ထိန်းညှိဆောင်ရွက်ပေးခြင်း၊ ၃၃ ကေဗွီအေနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ဗို့အားကျဆင်းနေမှုများအတွက် ဗို့အားမြှင့်ကိရိယာ တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# ကရင်ပြည်နယ်အတွင်းရှိ ဝေးလံခက်ခဲသောကျေးရွာ ၁၀၀ ကျော်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးပေးနိုင်တော့မည်

**ဘားအံ အောက်တိုဘာ ၁၉**

ကရင်ပြည်နယ်အတွင်းရှိ ဝေးလံခက်ခဲသော ကျေးရွာပေါင်း ၁၀၀ ကျော်မှ တိုင်းရင်းသားကလေးငယ်များကို ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ထိုးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကရင်ပြည်နယ်အနေနဲ့ကတော့ ဝေးလံခက်ခဲတဲ့ဒေသမှာရှိတဲ့ တိုင်းရင်းသားကလေးတွေကို ကျန်းမာရေးနဲ့ ကယ်ဆယ်ရေးဌာနရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ကျေးရွာပေါင်း ၁၇၆ ရွာမှာရှိတဲ့ ကိုးလမှ ၁၅ နှစ်အောက်ကလေးငယ် ၂၁၀၅၃ ဦးကို ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးပေးနိုင်တော့မှာဖြစ်တယ်"ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က ပြောသည်။

ဘားအံမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၉ ရက် နံနက် ၁၁ နာရီက ကျင်းပသော နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း ပြည်နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်ဦးနှောင်ရောင်ရောဂါကာကွယ်ဆေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစပြီး ၁၁ ခုမြောက် ကာကွယ်ဆေးအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထည့်သွင်းသွားမည်ဖြစ်ကာ ဂျပန်ဦးနှောက်ရောင်ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေများမည်။ ဖြစ်ပွား ပါကလည်း နောက်ဆက်တွဲဆိုးကျိုးကြောင့် ထိခိုက်မှုများသည့် အသက်ကိုးလမှ ၁၅ နှစ်အရွယ်အတွင်းရှိ ကလေးငယ်များကို ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံပေးခြင်းဖြင့် လူထုအတွင်း အသက်အုပ်စုအတွင်းရှိ ကလေးငယ်များကို ရောဂါခုခံနိုင်မှုစွမ်းအားအမြင့်မားဆုံးရရှိစေရန်အတွက် ရည်ရွယ်ချက်ဖြင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ယခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းအခြေပြု ကျောင်းနေစာရင်းသွင်းထားသော အသက် ၁၅ နှစ်အောက် ကျောင်းသား ကျောင်းသူများနှင့် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ပြည်သူလူထုအခြေပြု အသက် ကိုးလမှ ၁၅ နှစ်အထိ ကျောင်းမနေသော ကလေးသူငယ်များ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် လွတ်ကျန်ခဲ့သော ကျောင်းသား ကျောင်းသူများကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တစ်ကမ္ဘာလုံး ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှုအခြေအနေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ခန့်မှန်းချက်အရ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားလေ့ရှိတဲ့ အရှေ့တောင်အာရှနဲ့ အနောက်ပစိဖိတ်ဒေသများရှိ နိုင်ငံ ၂၄ နိုင်ငံ၊ ရောဂါဖြစ်ပွားမှုနှုန်းမှာ လူဦးရေ တစ်သိန်းတွင် နှစ်ဦးခန့်ဖြစ်ပြီး နှစ်စဉ်ရောဂါဖြစ်ပွားသူ ၆၈၀၀၀ ခန့်နဲ့ သေဆုံးသူဦးရေ ၁၃၆၀၀ မှ ၂၀၄၀၀ ခန့်ရှိတယ်။ ရောဂါကူးစက်ခံရသူ ၂၅၀ မှာ တစ်ဦးသာ ပြင်းထန်တဲ့ရောဂါဖြစ်ပွားလေ့ရှိပြီး ပုံမှန်အားဖြင့် ကလေးတွေမှာသာ အဖြစ်များတဲ့ရောဂါအဖြစ် သတ်မှတ်ထားပေမယ့် အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပါ တယ်" ဟု ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းက ပြောသည်။

ဂျပန်ဦးနှောက်ရောင်ဗိုင်းရပ်စ်ပိုးသယ်ဆောင်ထားသည့် Culex Tritaenior-hynchus ခြင်ကိုက်ခံရလျှင် ရောဂါပိုးကူးစက်၍ ဖြစ်ပွားနိုင်ပြီး ဝက်များ၊ ရေစပ်နေငှက်များ၏ ခန္ဓာကိုယ်အတွင်း လှည့်ပတ်ကူးစက်ပွားများလေ့ရှိပြီး အဆိုပါ တိရစ္ဆာန်များကို ကိုက်သည့်ခြင်မှတစ်ဆင့် လူနှင့် အခြားတိရစ္ဆာန်များအား ကူးစက်လေ့ရှိပါက လူတစ်ဦးမှတစ်ဦးသို့ မကူးစက်နိုင်ကြောင်း ၎င်းက ပြောသည်။

ကရင်ပြည်နယ်၌ ၂၀၁၂ ခုနှစ်တွင် ဂျပန်ဦးနှောက်ရောင်လက္ခဏာစုရှိသော သံသယလူနာနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ဓာတ်ခွဲအတည်ပြုလူနာမရှိကြောင်းကို တွေ့ရှိရပြီး ၂၀၁၇ ခုနှစ်တွင် ဦးနှောက်ရောင်လက္ခဏာစုရှိသော သံသယလူနာ ၄၇ ဦးရှိကာ ဂျပန်ဦးနှောက်ရောင်ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (JE) ၁၇ ဦးရှိကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ကရင်ပြည်နယ်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနိုင်နိုင်ထွန်းက ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံပေးမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်စွာထိုးနှံပေးနိုင်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

ယင်းအသိပေးဆွေးနွေးပွဲသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

### ✳ *ကျောဖုံးမှ*

မီးလောင်ရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့စု ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်၊ သန္နေအရန်အင်အား ၆၇၀ ကျော်နှင့်အတူ မီးငြှိမ်းသတ်ရေးယာဉ် ၆၅ စီး၊ ကွပ်ကဲမှုယာဉ် ၁၀ စီး၊ အထောက်အကူပြုယာဉ် ၁၅ စီးအပြင် ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့ ယာဉ်များက ရောက်ရှိငြှိမ်းသတ်၍ အကူအညီများပေးအပ်ခဲ့သည်။

လောင်အားကောင်းသော မီးအရှိန်ကို နံနက် ၆ နာရီ ၂၁ မိနစ်တွင် စတင်ထိန်းနိုင်ခဲ့ပြီး နံနက် ၈ နာရီ ၂၄ မိနစ်တွင် မီးညွှန့်ကျိုးသွားခဲ့သည်။ မီးကြွင်းမီးကျန်များကို နံနက် ၁၀ နာရီကျော်သည်အထိ မီးသတ်တပ်ဖွဲ့ဝင်များက ငြှိမ်းသတ်ပေးနေရဆဲဖြစ်သည်ကို တွေ့ရသည်။

မီးလောင်ချိန်၌ အခန်း ၉၆ ခန်းတွင် ဧည့်သည်ပေါင်း ၁၄၀ ကျော်တည်းခိုလျက်ရှိပြီး ပြည်တွင်းဧည့်သည်ဦးရေ ၂၀ အောက်နှင့် နိုင်ငံခြားသားဦးရေ ၁၂၀ ခန့် တည်းခိုနေထိုင်လျက်ရှိသည်ဟု နံနက် ၁၁ နာရီက ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲ၌ ထူးကုမ္ပဏီမှ ဦးဌေးလွင်က ရှင်းလင်းပြောကြားခဲ့သည်။ ဟိုတယ်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအနေဖြင့် မီးငြှိမ်းသတ်ရေးထက် ဧည့်သည်များ ဘေးကင်းလုံခြုံရေးအတွက် အဓိကထား ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့သည်။

မီးလောင်ချိန်အတွင်း၌ မီးသတ်တပ်ဖွဲ့ဝင်များက ငါးလွှာ၌ အမျိုးသားတစ်ဦး သေဆုံးနေသည်ကို တွေ့ရ၍ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ၎င်းအမျိုးသားမှာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောပြချက်အရ အသက် ၅၀ ကျော်အရွယ်ရှိ ဂျပန်နိုင်ငံသားဟု ဆိုသည်။ ထို့အပြင် တရုတ်နိုင်ငံမှ အသက် ၄၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးကလည်း ခုနစ်ချမှုဖြစ်ခဲ့သည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။ ညနေပိုင်းရှင်းလင်းစဉ် ကျား/မ ခွဲခြား၍ မရသေးသော လူသေအလောင်းတစ်လောင်း ထပ်မံတွေ့ရှိရသည်ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူးရုံးမှ သိရသည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ အမှတ်(၂)ရဲလုံခြုံရေးကွပ်ကဲမှုအဖွဲ့ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကိုနှင့် လုံခြုံရေးစစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များက လာရောက်ဆောင်ရွက်ပေးခဲ့ကြသည်။

မီးလောင်ရခြင်းအကြောင်းရင်းကို ညနေ ၆ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းသော်လည်း စိစစ်ဆောင်ရွက်နေသည်ဟုသိရပြီး မီးလောင်မှုကြောင့် ဟိုတယ်ညပိုင်းမန်နေဂျာ ဦးသီဟအား မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှ စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

ကန်တော်ကြီးနန်းတော်ဟိုတယ်ကို မူလကန်တော်ကြီးဟိုတယ်ဘေး၌ ၁၉၉၂-၉၃ တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ နန်းတော်ပုံစံတည်ဆောက်ထားပြီး အတွင်း၌ မြန်မာ့ယဉ်ကျေးမှုနှင့် ထိုင်းယဉ်ကျေးမှုလက်ရာများ ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်သည်။ တည်ဆောက်မှု၏ ၈၀ ရာခိုင်နှုန်းကို ကျွန်းဖြင့်ပြုလုပ်အလှဆင်ခဲ့ပြီး ၂၀ ရာခိုင်နှုန်းကို အုတ်အင်္ဂတေဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ မီးလောင်ရာတွင် ဟိုတယ်နှင့် ကပ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ကန်တော်ကြီးဟိုတယ်မှာ မီးဘေးလွတ်ကင်းခဲ့ကြောင်း သိရသည်။

### မြန်မာ့ရုပ်မြင်သံကြား ၂၀-၁၀-၂၀၁၇ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၉း၁၀ | - | **ကုန်သွယ်လုပ်ငန်းခွန်အကြောင်းသိကောင်းစရာ** |
| ၉း၃၅ | - | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၁၅ | - | **ကုန်သွယ်ချစ်ကြည်တွဲလက်ညီ တရုတ်အာဆီယံ ကုန်စည်ပြပွဲ** |
| ၁၁း၃၅ | - | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **ပရိဂ္ဂိုဟ်ဆာ မကြီးစိုး** (ခန့်စည်သူ၊ နေဒွေး၊ စိုးမြတ်သူဇာ၊ သင်ဇာဝင့်ကျော်)(ဒါရိုက်တာ-ပြည်ဟိန်းသီဟ) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | World of Innovations |
| ၁၈း၂၀ | - | **တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း၊ ဓာတ်ခွဲခြင်းဆိုင်ရာ သိကောင်းစရာအဖြာဖြာ** |
| ၁၉း၅၀ | - | CHOICE (အပိုင်း-၁၉) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ |
| ၂၀း၃၅ | - | **အနောက်တံခါးဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီလှူဒါန်းစို့** |

## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**(မိုး/ဇလ)**



## မဟာမဲခေါင်ဒေသခွဲ စင်္ကြံလမ်းတစ်လျှောက်ရှိ မြို့များဖွံ့ဖြိုးမှု စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်အေးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ADB Bank ၏ မြန်မာနိုင်ငံအခြေစိုက် အဖွဲ့ခေါင်းဆောင် Ms.Yumiko Tamura ဦးဆောင်သည့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-7) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မဟာမဲခေါင်ဒေသခွဲ စင်္ကြံလမ်းတစ်လျှောက်ရှိ မြို့များဖွံ့ဖြိုးမှုစီမံကိန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## KBZ Bank Women's League ထိပ်ဆုံးမှ မြဝတီဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ Women's League ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ မြဝတီအသင်းက ဂန္ဓမာအသင်း ကို ၁၄ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြဝတီအသင်းသည် ခြေအသာဖြင့်ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပထမပိုင်းတွင် ခုနစ်ဂိုး၊ ဒုတိယပိုင်းတွင် ခုနစ်ဂိုး သွင်းယူခဲ့သည်။ မြဝတီအသင်းအတွက် လက်ရွေးစင်တိုက်စစ်မှူး ဝင်းသီရိထွန်းက တစ်ဦးတည်း ရှစ်ဂိုးသွင်းယူခဲ့ပြီး ၂၁၊ ၃၂၊ ၄၄၊ ၅၉ ၊ ၇၁၊ ၇၅၊ ၈၁၊ ၈၅ မိနစ်တွင် သွင်းယူခဲ့သည်။ ကျန်အနိုင်ဂိုးများကို ၁၇၊ ၁၉၊ ၂၇ ၂၈၊ ၅၂ မိနစ်တွင် ရှုပါနိုင်က ငါးဂိုး၊ ၇၈ မိနစ် မေစံပယ်ဖူးက တစ်ဂိုးသွင်းယူခဲ့သည်။ ပွဲစဉ်(၁၂) အပြီးတွင် မြဝတီအသင်းက ၁၀ ပွဲကစား ၂၈ မှတ်၊ သစ္စာမာန်အသင်းက ၁၀ ပွဲကစား ၂၄ မှတ်၊ အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းက ၁၁ ပွဲကစား ၂၃ မှတ်၊ အား/ကာ သိပ္ပံအသင်းက ၁၀ ပွဲကစား ၁၁ မှတ်၊ ဂန္ဓမာ အသင်းက ၁၀ ပွဲကစား ၁၀ မှတ်၊ ဇွဲကပင်အသင်းက ၁၁ ပွဲကစား ငါးမှတ် ၊ YREO အသင်းက ၁၀ ပွဲကစား တစ်မှတ် ရရှိထားသည်။

**ရဲရင့်ရှိန်း**

## ကမ္ဘာ့နိုင်ငံပေါင်းစုံ ရိုးရာနဂါးလှေပြိုင်ပွဲတွင် မြန်မာအသင်းပဉ္စမနေရာရရှိ

**ရန်ကုန် အောက်တိုဘာ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့နိုင်ငံပေါင်းစုံ တံခွန်စိုက်ရိုးရာနဂါးလှေ (13th IDBF World Nations Championship) ပြိုင်ပွဲကို ယနေ့နံနက်က ဆက်လက်ကျင်းပခဲ့ရာ မြန်မာအမျိုးသား+အမျိုးသမီး မီတာ ၁၀၀၀ (၂၀)တက်ပြိုင်ပွဲ၌ ပဉ္စမနေရာသာ ရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပြိုင်ပွဲတွင် ပထမရရှိခဲ့ပြီး ဗိုလ်လုပွဲ၌ ရေလမ်းကြောင်း ဘေးတစ်ဖက်တစ်ချက်မှ လှိုင်းရိုက်ခတ်မှုကြောင့် လှော်တက်ကျိုးခဲ့၍ ပြိုင်ပွဲ၌ ပဉ္စမနေရာရရှိခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ပထမ တရုတ်၊ ဒုတိယ ကနေဒါ၊ တတိယ အမေရိကန်၊ စတုတ္ထ ထိုင်း၊ ပဉ္စမ မြန်မာ၊ ဆဋ္ဌမ ဩစတြေးလျအသင်းတို့ အသီးသီးရရှိခဲ့ကြသည်။

မြန်မာလှေလှော်အားကစားအဖွဲ့သည် အောက်တိုဘာ ၂၀ ရက်တွင် အမျိုးသား+ အမျိုးသမီး မီတာ ၅၀၀(၁၀) တက်လှော် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဦးသောင်းထိုက်မင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ အုပ်ချုပ်၊ နည်းပြ၊ အားကစားသမား အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၃ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**အေကေလင်း**

## ရန်ကုန်အသင်း အဝေးကွင်း၌ သရေကစားပြီး ဗိုလ်လုပွဲတက်

**မန္တလေး အောက်တိုဘာ ၁၉**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံး/ထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ကျင်းပသည့် ရတနာပုံနှင့် ရန်ကုန်အသင်းပွဲမှာ **(အောက်ပုံ)** ဂိုးမရှိ သရေကျခဲ့သည်။

ရန်ကုန်အသင်းသည် အဝေးကွင်း၌ ဂိုးမရှိ သရေကစားခဲ့ပြီး နှစ်ကျော့ပေါင်း ရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ရတနာပုံကို အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်သည်။

ရတနာပုံအသင်းသည် နှစ်ကြိမ်ဆက် ဆီမီးဖိုင်နယ်အဆင့်ဖြင့် ကျေနပ်ခဲ့ရပြီး နှစ်နှစ်စလုံး ရန်ကုန်အသင်းကို အရှုံး ပေးခဲ့ရသည်။ ပွဲအစ လေးမိနစ်တွင် အောင်သူ၏ ပြစ်ဒဏ်ဘော ကန်ချက် တိုင်ထိထွက်ခဲ့သလို ၂၆ မိနစ်တွင် ဝီလျံ၏ အနီးကပ်ခေါင်းတိုက်သွင်းယူမှုကို ရန်ကုန်ဂိုးသမား ကျော်ဇင်ထက် ကာကွယ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ဂိုးမပေးရရေး အဓိကထားကစားခဲ့သော်လည်း ဂိုးပေါက် ခြိမ်းခြောက်မှုပြုလုပ်နိုင်ခဲ့ပြီး နှစ်သင်းစလုံး ဂိုးမသွင်းနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင် ရတနာပုံအသင်းက အနိုင်ဂိုးရရှိရန် ရဲကိုဦး၊ ဝင်းနိုင်စိုးတို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သလို ရန်ကုန်အသင်းကလည်း ဂိုးမပေးရရေးအတွက် ခံစစ်ကို ပိုမိုစနစ်တကျ ကစားခဲ့သည်။ ရန်ကုန်အသင်း၏ ခံစစ်ကစားပုံမှာ အမှားအယွင်းမရှိခဲ့သောကြောင့် ရတနာပုံအသင်းဂိုးရရန် ပိုမိုရုန်းကန်လာရသည်။ ရတနာပုံအသင်းသည် ဝါရင့်ကစားသမား ရန်ပိုင်ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ပက်ထရစ်၏ ခေါင်းတိုက်ချက်ကို ရန်ကုန်ဂိုးသမားကျော်ဇင်ထက် ကာကွယ်နိုင်ခဲ့သလို နောက်ခံလူ ဝီလျံ၏ အပိုင်ပိတ်သွင်းယူမှုမှာလည်း လွဲချော်ခဲ့၍ ရတနာပုံအသင်း အိမ်ကွင်း၌ နိုင်ပွဲမယူနိုင်ဘဲ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။

ဗိုလ်လုပွဲအဖြစ် ရှမ်းယူနိုက်အသင်းနှင့် ရန်ကုန်အသင်းတို့ အောက်တိုဘာ ၂၅ ရက်တွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## တနိုင်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**တနိုင်း အောက်တိုဘာ ၁၉**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ အသက် ၂၃ နှစ်အောက် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်အားကစားကွင်း၌ စတင်ကျင်းပသည်။

ယင်းနေ့ ဖွင့်ပွဲစတင် ကျင်းပသည့်ရက်တွင် ပွဲဦးထွက်အဖြစ် မုန်ဒိန်ရပ်ကွက်အသင်းနှင့် ပုန်ခုန်းရပ်ကွက် အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေကျခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ တနိုင်းမြို့ ဒေသကွပ်ကဲရေးဌာနချုပ် ဗိုလ်မှူးကြီး ကျော်ကျော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဦးမြင့်ဆောင်နှင့် ကော်တီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာမှ တာဝန်ရှိသူများအပြင် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်တွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပပေးရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားခဲ့သည်။

**မင်းခေတ်**

## မြန်မာနိုင်ငံ၌ကျင်းပမည့် MMA ပြိုင်ပွဲကြီးတွင် အောင်လအန်ဆန်နှင့် အလိန်းနဂါလာနီ အဓိကတွဲဆိုင်းအပါအဝင် ပွဲစဉ် ၁၀ ပွဲ ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နိုဝင်ဘာ ၃ ရက်တွင် လက်ခံကျင်းပမည့် One Championship အဖွဲ့ ဦးဆောင်ကျင်းပလျက်ရှိသော MMA(ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ) အတိုက်ပြိုင်ပွဲကြီးတွင် အဓိကတွဲဆိုင်းအဖြစ် MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ မြန်မာပြည်ဖွား အောင်လအန်ဆန်နှင့် ဟောင်ကောင်နိုင်ငံသား အလိန်းနဂါလာနီ အဓိကတွဲဆိုင်းအပါအဝင် ပြည်တွင်း၊ ပြည်ပပွဲစဉ် ၁၀ ပွဲ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကြီးကို လာမည့် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကြီးကို One Championship အဖွဲ့ကြီးနှင့် မြန်မာလက်ခမောင်းတို့ အဓိကပူးတွဲဦးဆောင် စီစဉ်ကျင်းပခြင်းဖြစ်ပြီး လတ်တလောထွက်ပေါ်လာသော တွဲဆိုင်းများမှာ အဓိက Main Fight အဖြစ် မြန်မာနိုင်ငံသား ကချင်ပြည်နယ်ဖွား MMA ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံ အောင်လအန်ဆန်နှင့် ဟောင်ကောင်နိုင်ငံသား အလိန်းနဂါလာနီ၊ ဖိုးသော်(မြန်မာ)နှင့် စောဘဦး(မြန်မာ)၊ Ma Hao Bin (တရုတ်) နှင့် NikoSoe (စင်ကာပူ)၊ သပြေညို (မြန်မာ)နှင့် AsrafulIslam (ဘင်္ဂလားဒေ့ရှ်)၊ Pongsiri Mitsatit (ထိုင်း)နှင့် Jeremy Miado(ဖိလစ်ပိုင်)၊ စောမင်းမင်း(မြန်မာ) နှင့် ရဲသွေးနီ(မြန်မာ)၊ Chen Lei (တရုတ်)နှင့် Burn Soriano (ဖိလစ်ပိုင်)၊ Miao Jie (တရုတ်)နှင့် AmiraHafizovic (ဩစတြေးလျ)၊ Zhangze Hao (တရုတ်)နှင့် Bala Shetty (အိန္ဒိယ)၊ Nita Dea (အင်ဒိုနီးရှား)နှင့် Jomary Torres (ဖိလစ်ပိုင်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး အဆိုပါတွဲဆိုင်းများမှာ အနည်းငယ်ပြောင်းလဲမှုရှိနိုင်ကြောင်း သိရသည်။

အဓိက Main Fight ပွဲစဉ်တွင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် အောင်လအန်ဆန်သည် ဟောင်ကောင်နိုင်ငံသား အလိန်းနဂါလာနီက စိန်ခေါ်ခြင်းဖြစ်ပြီး အသက်ပိုင်းကွာခြားမှုရှိသလို ဝိတ်တန်းကွာခြားမှုကလည်း အောင်လအန်ဆန်ထက် ပိုမိုများပြားခြင်းကြောင့် မြန်မာပရိသတ်များအနေဖြင့် အောင်လအပေါ် စိုးရိမ်မှုရှိသော်လည်း အောင်လအန်ဆန်အနေဖြင့် မှတ်တမ်းဝင် ပွဲတစ်ပွဲဖြစ်ရန်နှင့် မြန်မာ့သတ္တိကို ကမ္ဘာ့အလယ်မှာ ဖော်ထုတ်လိုခြင်းကြောင့် ယခုပွဲကို လက်ခံယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ကြောင်း အွန်လိုင်းစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။ အောင်လသည် အမေရိကားမှ မြန်မာနိုင်ငံသို့ အောက်တိုဘာ ၂၃ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး နဂါလာနီနှင့်ယှဉ်ပြိုင်ထိုးသတ်ရန် အစွမ်းကုန် ကြိုတင်ပြင်ဆင်မှုများကို မြန်မာနိုင်ငံ၌ ဆက်လက်လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ယင်း MMA အထူးစိန်ခေါ်ပွဲကြီးတွင် လက်မှတ်ခဈေးနှုန်းများကို ငွေကျပ် နှစ်သိန်း၊ ငွေကျပ် ငါးသောင်း၊ ငွေကျပ် နှစ်သောင်းနှင့် ငွေကျပ် တစ်သောင်း အတန်းအလိုက် အသီးသီးသတ်မှတ်ထားပြီး အောက်တိုဘာ ၄ ရက်တွင် ကျင်းပမည့် WLC- 3 ရိုးရာလက်ဝှေ့ပြိုင်ပွဲလက်မှတ်များနှင့် ပူးတွဲဝယ်ယူပါက ရာခိုင်နှုန်း ၃၀ လျှော့ချပေးမည်ဖြစ်သည်။ WLC- 3 လက်မှတ်များမှာ ငွေကျပ် တစ်သိန်း၊ ငါးသောင်း၊ တစ်သောင်းနှင့် ငါးထောင် အသီးသီးသတ်မှတ်ပေးထားကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေဆံတော်ဘုရား၏ အောက်ဆုံးပစ္စယံပြိုကျ၍ နေဝင်/နေထွက်ကြည့်ရှုမှု ခေတ္တပိတ်ထား

**နေပြည်တော် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက တောင်ဘီကျေးရွာရှိ ရွှေဆံတော်ဘုရား၏ အရှေ့တောင်ထောင့် အောက်ဆုံးပစ္စယံ၌ အလျား ၂၁ ပေ ၁၅ လက်မ၊ အမြင့်ခြောက်ပေ သုံးလက်မ၊ ထုနှစ်ပေ ခုနစ်လက်မခန့် ကွာကျခဲ့သဖြင့် **(ယာပုံ)** ဩဝါဒါစရိယဆရာတော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ဂေါပကအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး သန့်ရှင်းရေးနှင့် ယာယီထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ပြိုကျခဲ့သည့်အတွက် ရွှေဆံတော်ဘုရားပေါ်မှ နေထွက်/နေဝင် ကြည့်ရှုခြင်းအား ပြင်ဆင်မှုပြီးစီးသည်အထိ ခေတ္တပိတ်ထားမည်ဖြစ်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အမြန်ပြီးစီးရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး၌ အောက်တိုဘာ ၁၈ ရက် နံနက် ၄ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး မိတ္ထီလာကန်မှ ပိုလျှံရေများ ပို့လွှတ်မှုကြောင့် သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီး ကားလမ်း မိုင်တိုင် (၁၁/၄-၇)အကြား ကားလမ်းပေါ်၌ ရေအမြင့် တစ်ပေခန့် စီးဆင်းလျက်ရှိပြီး ကွမ်းခြံရိုးကျေးရွာ ဘုန်းကြီးကျောင်းနှင့် အလကခွဲကျောင်းဝင်းအတွင်းသို့ ရေအမြင့် တစ်ပေခွဲနှင့် နှစ်ပေခန့် ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၈ ရက် နံနက် ၇နာရီခွဲက ဇီးတောကျေးရွာအဝင်ရှိ အရှည်ပေ ၆၀၊ အနံ ခြောက်ပေရှိ ယာယီသစ်သားတံတားတိုင်များ ပြိုကျပျက်စီးသွားသဖြင့် ဇီးတောကျေးရွာအနောက်ဘက်ရှိ မိတ္ထီလာမြို့ရှောင် ကားလမ်း (ကန်တောင်-ပျဉ်သာ-သပြေဝ)မှ သွားလာလျက်ရှိကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၇ ရက် ည ၁၁ နာရီကစ၍ ပျော်ဘွယ်မြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ချောင်းကောက်ဆည်အတွင်းရေများ ဝင်ရောက်ကာ ဆည်ရေပို့မြောင်းမှ စီးဆင်းရေများသည် ဇောင်ချမ်းကုန်းကျေးရွာရှိ နေအိမ် ၃၇ လုံး၊ ဘုမကုန်းကျေးရွာရှိ နေအိမ် ၇၆ လုံးအတွင်း ရေတစ်ပေခွဲ ဝင်ရောက်လျက်ရှိ သဖြင့် ကျွဲ/နွားများအား ရွာတောင်ဘက် ကုန်းမြင့်သို့ ရွှေ့ပြောင်းထားကြောင်း သိရသည်။

ကယားပြည်နယ် ဖရူဆိုမြို့ လောဘူးဒါးရပ်ကွက်၌ အောက်တိုဘာ ၁၈ ရက် နံနက် ၆ နာရီခွဲက မိုးသည်းထန်စွာ ရွာသွန်းပြီး ရေတိုက်စားမှုကြောင့် ဖရူဆို-ဟိုယာကားလမ်း မိုင်တိုင် (၁/၅-၆)အကြား လမ်းဝဲဘက်ခြမ်းအောက်ခြေ၌ အနက်ပေ ၄၀၊ အကျယ် ၁၅ ပေခန့် မြေပြိုကျခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အေးရွာကျေးရွာ၌



အောက်တိုဘာ ၁၈ ရက် နံနက် ၁၁နာရီ မိနစ် ၄၀ က ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမည်ကို စိုးရိမ်သဖြင့် နေအိမ်နှစ်လုံး၊ လူဦးရေ ၁၁ ဦး၊ ကြွေပုဂံချောင်းကျေးရွာ၌ နေအိမ်သုံးလုံး၊ လူဦးရေ ၁၃ ဦးတို့သည် နေအိမ်များဖျက်၍ ဆွေမျိုးများ၏ နေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ အဆိုပါကမ်းပြိုကျမှုကြောင့် ယနေ့အချိန်အထိ နေအိမ် ၈၇ လုံးမှ လူဦးရေ ၃၂၆ ဦးတို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ အလားတူ ဧရာဝတီတိုင်းဒေသကြီး၌ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ပန်းလှိုင်မြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ညောင်တုန်းမြို့နယ် အရွဲကျေးရွာရှိ နေအိမ်တစ်လုံး၊ အိမ်ထောင်စုတစ်စု၊ လူဦးရေခုနစ်ဦးတို့သည် ရာအိမ်မှူး ဦးဝင်းမြင့်၏ နေအိမ်သို့ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**

# မြန်မာ SMEs လုပ်ငန်းရှင်များအား ထုတ်လုပ်မှုနည်းပညာများဖြန့်ဝေပေး

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် နိုင်ငံတကာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို သိရှိနားလည်စေရန် ရည်ရွယ်၍ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အာဆမ်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ ဆန်းသစ်ပြောင်းလဲမှုစင်တာ (ASEM SMEs Eco-Innovation Center- ASEIC) တို့ ပူးပေါင်းကာ ASEM Eco-Innovation Capacity Building Program for SMEs ကို ယနေ့နံနက်ပိုင်းက နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ Program သို့ ချည်မျှင်နှင့်အထည်ချုပ်လုပ်ငန်းရှင်များ၊ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ လက်မှုအနုပညာပစ္စည်းထုတ်လုပ်သောလုပ်ငန်းရှင်များ၊ ASEIC မှ ကျွမ်းကျင်ပညာရှင်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ စိတ်ပါဝင်စားသူများအပါအဝင် လူပေါင်း ၁၃၀ ကျော် တက်ရောက်ခဲ့သည်။

ASEIC ကို ၂၀၁၁ ခုနှစ် ဇွန် ၁၅ ရက်တွင် ကျင်းပသော (၈)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေး(အေဆမ်)၌ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ နည်းပညာအရ အထောက်အပံ့ဖြစ်စေရန်အတွက် ရည်ရွယ်ကာ အဖွဲ့ဝင်နိုင်ငံများက သဘောတူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ ကျွန်မတို့နိုင်ငံမှာ SMEs လုပ်ငန်းတွေအနေနဲ့ Eco-Innovation ဖြစ်ဖို့ အခြေခံကျတဲ့အချက်တွေ အများကြီးလိုအပ်နေပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေမှာ စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျစွန့်ပစ်နိုင်ဖို့၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်အောင် ထုတ်လုပ်နိုင်ဖို့၊ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ထုတ်ကုန်တွေထုတ်လုပ်နိုင်ဖို့ လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်ဖို့၊ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုတွေဖြစ်ဖို့အတွက် ရည်ရွယ်ပြီး ဒီကနေ့ အခမ်းအနားကျင်းပတာဖြစ်ပါတယ်” ဟု စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။

အောက်တိုဘာ ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်သော အဆိုပါ အစည်းအဝေးတွင် ASEIC ဒုတိယဥက္ကဋ္ဌ Mr. Sejong Kin နှင့် ကိုရီးယားနိုင်ငံမှ အတတ်ပညာရှင်များက ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ဆန်းသစ်သော နည်းပညာများဖြင့် ထုတ်လုပ်သွားနိုင်ရေး Eco-design , Clean Technology , Eco-Labeling , Waste Management နှင့် Environmental Management ဆိုင်ရာ အသိပညာများ၊ သင်ခန်းစာများ၊ တီထွင်ဆန်းသစ်သောထုတ်လုပ်မှု နည်းပညာများ သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

**သတင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရာသီဥတုဖောက်ပြန်မှုကြောင့် ဒေသထွက် ရော်ဘာအစေး အထွက်နှုန်းများသိသာစွာ ကျဆင်း

**ရေး အောက်တိုဘာ ၁၉**

မွန်ပြည်နယ် ရေးမြို့နယ် ရာသီဥတုဖောက်ပြန်မှုကြောင့် ဒေသထွက်ရော်ဘာအစေးအထွက်နှုန်းများ သိသာစွာကျဆင်းလာနေကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်နေသူများထံမှ သိရသည်။



“မိုးရိုးဖလာစိုက်ပျိုးထားတဲ့ အစေ့စိုက်ပင် ငါးကေရှိတဲ့ အပင် ၁၀၀၀ ကျော်ခြံဟာ တစ်နှစ်မှာတစ်ကေကို ပျမ်းမျှ ပေါင် ၄၀၀ ကျော်ထွက်တယ်။ အခုဆိုရင် ပေါင် ၃၀၀ လောက်ပဲ ထွက်ရှိတော့တယ်” ဟု ဒေသခံတောင်သူ ဦးစန်းအောင်က ပြောသည်။

ဆယ်စုနှစ်တစ်ခုအတွင်း အပူချိန်မြင့်တက်လာမှုကြောင့် ရော်ဘာအစေးအထွက်နှုန်း အနည်းငယ်ကျဆင်းလာပြီး မိုးရွာသွန်းမှုမှာလည်း ယခင်ကကဲ့သို့မဟုတ်ဘဲ ယခုအချိန်အထိ ဆက်လက်ရွာသွန်းနေမှုကြောင့် ပုံမှန်အစေးမလှီးနိုင်သဖြင့် အထွက်နှုန်းမှာလည်း ကျဆင်းလာကြောင်း သိရသည်။ တစ်နှစ်လျှင် ပုံမှန်အစေးလှီးရက် ၂၂၀ အထိရနိုင်မှ အထွက်နှုန်း တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်က ပြောသည်။

လက်ရှိတွင် ဒေသတွင်းရော်ဘာအထွက်နှုန်းကောင်းစေရေးအတွက် ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် အထွက်ကောင်းရော်ဘာမျိုးများဖြစ်သည့် BPM - 24၊ PB-260၊ PB-235 စသည့် မျိုးစေ့နှင့် နည်းစနစ်မှန်ကန်စွာ ပြောင်းလဲစိုက်ပျိုးကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေးမြို့နယ်၌ ဆယ်စုနှစ်တစ်စုအတွင်းပျမ်းမျှအပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ခန့် ပိုမိုမြင့်တက်လာပြီး မိုးရေချိန်မှာလည်း ယခင်နှစ်များထက် ကျော်လွန်၍ သွန်းနေသဖြင့် မိုးရေချိန် ၂၀၉ လက်မအထိ ရောက်ရှိကာ အခုအချိန်အထိလည်း ဆက်တိုက်မိုးရွာသွန်းနေခဲ့ကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မှတ်တမ်းများအရ သိရသည်။ **နေမျိုးထွဋ်(ရေး)**



**နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သာစည်ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရွှေတွင်းကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်ဆွေနှင့်အဖွဲ့ အောက်တိုဘာ ၁၇ ရက်က မူးယစ်ဆေးဝါးနှင့်လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး မှုခင်းအသိပညာပေးဟောပြောစဉ်**
ဟိန်းထက်ဇော်( မြန်မာ့အလင်း)

# မြဝတီ-မဲဆောက်ဂိတ်မှ နိုင်ငံခြားသားများ ဝင်ရောက်လည်ပတ်

**မြဝတီ အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ချုပ်ဆိုထားသောနယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ ဖွင့်လှစ်ထားသည့် မြန်မာ-ထိုင်းနယ်စပ်ဂိတ်များတွင် အောက်တိုဘာ ၁၉ရက် နံနက် ၉နာရီက Khaing Lin Tun Travels & Tours Co.,Ltd. ၏အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသားဧည့်သည် Mr.Thanaphat Jukbovolmongkol အပါအဝင် ထိုင်းနိုင်ငံသားများ ပါဝင်သည့် အဖွဲ့ဝင် ၃၂ ဦးတို့သည် ၎င်းတို့၏ကိုယ်ပိုင်မော်တော်ဆိုင်ကယ်ကိုးစီးနှင့် မော်တော်ယာဉ်ရှစ်စီးတို့ဖြင့် မြဝတီ-မဲဆောက် ဝင်/ထွက်ဂိတ်မှ ဝင်ရောက်ခဲ့သည်။ အဆိုပါအဖွဲ့သည် မြဝတီမှ ဘားအံ၊ ကျောက်ကလပ်ဆံတော်၊ ကျိုက်ထီးရိုး၊ သထုံ၊ ဇင်းကျိုက်ရေတံခွန်၊ မော်လမြိုင်၊ ကျိုက္ကလံဘုရား၊ ဝင်းစိန်တောရ၊ စစ်သင်္ချိုင်း၊ ကျိုက္ခမီရေလယ်ဘုရား၊ စက်စဲကမ်းခြေ၊ ကိုရင်လေးဘုရား၊ ထားဝယ်၊ မောင်းမကန်ကမ်းခြေ၊ ကမ်းနားဈေး၊ ဈေးကြီး၊ ရွှေတောင်စားစေတီ၊ ထီးခီးခရီးစဉ်များ သွားရောက်လည်ပတ်မည်ဖြစ်ပြီး အောက်တိုဘာ ၂၂ ရက်တွင် ထီးခီးနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# မိတ္ထီလာကန်ရေပြည့်မှတ်ထက် တစ်ပေကျော်ရေဝင်နေ၍ ရေကျော်ခုနစ်ပေါက်မှ ရေလွှတ်သဖြင့် ကျေးရွာအချို့ရေဝင်ရောက်

**မိတ္ထီလာ အောက်တိုဘာ ၁၉**
မိတ္ထီလာကန်ကြီးသည် သမိုင်းဝင်ကန်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးကို ရှေးမြန်မာမင်း ၁၇ ဆက်က တူးဖော်ဆည်ဖို့ပြုပြင်ခဲ့သည်။ မိတ္ထီလာသမိုင်းဝင်ကန်တော်ကြီး မတိမ်ကောရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ သဲ နုန်းပို့ချမှုကာကွယ်ရေး၊ မိတ္ထီလာ ကန်ကြီးရေအလုံအလောက်ရရှိရေးအတွက် ဆည်မြောင်းဌာနက ကန်ပတ်လည်တွင် ရေကူဆည်များ တည်ဆောက်ပေးပြီး မိတ္ထီလာကန်တော်ကြီးအား ရေများဖြည့်ဆည်းပေးနေသည်။



မိတ္ထီလာကန်တော်ကြီးသည် မြို့လူထုသောက်သုံးရေနှင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေပေးဝေနေသော ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာမြို့တွင် ၂၀၁၇ ခုနှစ် မိုးဦးကာလဖြစ်သော ဧပြီလမှစတင်ပြီး အောက်တိုဘာလအထိ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မိတ္ထီလာကန်ရေပြည့်အမှတ် ၇၆၆ ဒသမ ၁ လက်မထက် ၇၆၇ ဒသမ ၁ လက်မအထိ ရေတစ်ပေကျော်ဝင်ရောက်နေသဖြင့် မိတ္ထီလာကန် ရေပြည့်ရေလျှံ မှု မဖြစ်ပေါ်ရေးအတွက် မိတ္ထီလာရေကျော်ခုနစ်ပေါက်နှင့် ဝန်ဇင်းရပ်ကွက်ရေလွှတ်ပေါက်မှ ရေလွှတ်ပေးနေရသည်။

ယခုအခါ မိတ္ထီလာကန်မှာ ကန်ရေပြည့်အမှတ်အထိရောက်ရှိနေပြီး အသုံးပြုနိုင်သောပမာဏမှာ ဧကပေ ၈၀၀၀ ခန့်ရှိသည်။ မိတ္ထီလာ အနောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် မိတ္ထီလာရေကူကန်ဖြစ်သည့် မုန်တိုင်ရေလှောင်တမံတွင် ဆည်ရေပြည့်မှတ်သို့ ရောက်ရှိနေပြီး လက်ရှိပမာဏမှာ ဧကပေ ၁၈၅၀၀ သိုလှောင်ထားသည်။ မုန်တိုင်ရေလှောင်တမံမှ မိုးစပါးစိုက်ပျိုးရေပေးပြီး ပိုလျှံသောရေကို မိတ္ထီလာကန်သို့ ထုတ်လွှတ်ရေပေးနေသည်။ မုန်တိုင်ရေလှောင်တမံ၏အထက်တွင်လည်း မိတ္ထီလာကန်သို့ ရေကူဖြည့်ပေးနေသည့် ရှမ်းမငယ်ရေလှောင်တမံမှာလည်း လက်ရှိအသုံးပြုနေသော ရေပမာဏ ဧကပေ ၁၃၂၀၀ ရှိသည်။ ရှမ်းမငယ်ရေလှောင်တမံမှ မိုးစပါးစိုက်ပျိုးရေပေးပြီး ပိုလျှံရေကို မုန်တိုင်ရေလှောင်တမံမှတစ်ဆင့် မိတ္ထီလာကန်သို့ ရေကူဖြည့်ပေးနေသည်။

မိတ္ထီလာကန်၏ တောင်ဘက်ပိုင်းတွင်ရှိသော ချောင်းကောက်၊ လွန်ငင်၊ လက်ခုပ်ပင်နှင့် ညောင်ကုန်းရေလှောင်တမံများကလည်း ဆည်ရေပြည့်နီးပါး သိုလှောင်ထားရှိပြီး လက်ရှိအသုံးပြုနေသော ရေပမာဏစုစုပေါင်း ဧက ၉၆၀၀ အနက် မိုးစပါးစိုက်ပျိုးရေပေးဝေ၍ ပိုလျှံသောရေများကို ဆက်သွယ်မြောင်းများမှတစ်ဆင့် မိတ္ထီလာကန်အတွင်းသို့ ရေများဖြည့်ပေးနေသည်။

မိတ္ထီလာမြို့နယ်တွင် မိုးစပါးဧက ၂၀၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ပြီး မိုးစပါးအတွက် ဆည်များတွင် ရေအလုံအလောက် သိုလှောင်ပြီး ပေးဝေသွားမည်ဖြစ်သည်။ ယခုနှစ် မိုးရာသီတွင် မိုးကောင်းသဖြင့် မိတ္ထီလာကန်နှင့် မိတ္ထီလာရေကူဆည်များတွင် ရေပြည့်အမှတ်ရောက်ရှိနေပြီဖြစ်သည်။

မိတ္ထီလာကန်အတွင်း ရေကူကန်များမှတစ်ဆင့် ရေများအဆက်မပြတ်စီးဝင်နေရာ မိတ္ထီလာဈေးအနောက်ဘက်နှင့် နန်းတော်ကုန်းသွား ကန်ပတ်လမ်းမှာ မိတ္ထီလာမြောက်ကန်မှ တောင်ကန်အတွင်းသို့ ရေများအဆက်မပြတ်ရေကျော်မှ စီးဝင်နေသဖြင့် ဈေးအနောက်ဘက်နှင့် နန်းတော်ကုန်းသွား ကန်ပတ်လမ်းမှာ အောက်တိုဘာ ၃ ရက်မှ ယနေ့အထိ ရေဘေးအန္တရာယ် ကင်းဝေးစေရန် အကန့်အသတ်မရှိ ခေတ္တယာယီပိတ်ထားလိုက်သည်။ ရေကျော်မှ ရေစီးဆင်းအား ပြတ်သွားမှသာ ကန်ပတ်လမ်းကို ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းဌာနမှ သိရသည်။

ယခုအခါ မိတ္ထီလာမြို့တွင် နေ့စဉ်မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် ဆည်မြောင်းဌာနမှ နန်းတော်ကုန်းရပ်ကွက် ရေဘေးကာကွယ်ရေးအတွက် ရေကင်းမျှောချထားပြီး သဲအိတ်များ အရန်သင့်ကြိုတင်ကာကွယ်ထားသည်။ မိုးရွာသွန်းသဖြင့် ပေါက်ချောင်းဈေးမှာ ရေများဝင်ရောက်နေသည်။ မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် မိတ္ထီလာမြို့အနောက်ဘက်ရှိ ကန်ရေစပ်ဧရိယာထဲတွင် ပါဝင်နေသဖြင့် ပျော်ဘွယ်လေး၊ လက်ပန်ခါးကော့၊ ဂဋ္ဌုန်၊ ရှင်မြို့ အုတ်နဲ့ဘုတ်ကျေးရွာများတွင် ရေဝင်နေပြီး နေအိမ် ၂၇ အိမ်မှာ ရေဘေးဒုက္ခရောက်နေကြသည်။

မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် ဆည်မြောင်းဌာနက ကျေးရွာများအား ရေဘေးကာကွယ်ရေးအတွက် အသိပေးနှိုးဆော်ထားသည်။ မိတ္ထီလာ-ပျော်ဘွယ်သွားကားလမ်း ကုန်းသာတံတားအောက်ရှိ မြေသားလမ်းမှာ ရေဝင်အားကြီးသဖြင့် ယင်းတံတားအား မထိခိုက်စေရန်အတွက် တံတားအောက်ရှိ မြေသားလမ်းအား ၁၀ ပေခန့်ဖောက်ထုတ်လိုက်ရသည်။ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် နန်းတော်ကုန်းရပ်ကွက် တောင်ကန်အလယ်ရှိ အန္တကူရေလယ်ဘုရားသွား သစ်သားတံတားမှာ ဒုတိယအကြိမ် ရေကျော်နေသည်ကို တွေ့ရသည်။

**တင်လှိုင်(မိတ္ထီလာ)**

---



# မျိုးသုဉ်းရန်အန္တရာယ်ရှိသော ရေလိပ်တစ်ကောင်အား ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းသို့ ပြန်လွှတ်ပေး

**ကန့်ဘလူ အောက်တိုဘာ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် IUCN မှ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် အဆင့်အတန်း သတ်မှတ်ထားသော ရေလိပ်တစ်ကောင်အား ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ကင်းစမ်းချောင်းအတွင်း အောက်တိုဘာ ၁၈ ရက် မွန်းလွဲပိုင်းက သဘာဝအတိုင်းကျက်စားနေနိုင်ရေး ပြန်လည်လွှတ်ပေးခဲ့ကြောင်း ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမင်းဆွေထံမှ သိရသည်။

အဆိုပါလိပ်ကို ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ အောင်ပင်လယ် ပုဂ္ဂလိကစာသင်ဝိုင်းမှ ဦးတင်ပြားသည် အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီက အရပ်ထဲရှိ လူငယ်များလက်ဝယ်တွင် လိပ်တစ်ကောင်ကို တွေ့ရှိခဲ့ပြီး သတ်ဖြတ်စားသောက်ပစ်မည်ကို စိုးရိမ်၍ ငွေကျပ် ၇၀၀၀၀ ပေးဝယ်ယူရန် ဘေးမဲ့တောသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်သတင်းပေးပို့ကာ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လိပ်မှာ ရေလိပ်အမျိုးအစားဖြစ်ပြီး Common Name-Myanmar peacock softshell turtle၊ Scientific Name-Nilssonia Formosa(Gray ,1869)၊ ဒေသသုံးအမည်မှာ လေးကွက်လိပ်၊ ဝလေးလုံးလိပ်၊ ခေါင်းသေးလိပ်၊ အရွယ်အစားမှာ ကျောခွံအလျား ၂၁ လက်မ၊ အလေးချိန် ၂၃ ဒသမ ၅၈ ပေါင်ရှိ၍ ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့မှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းလိပ်သည် မျိုးသုဉ်းရန် အန္တရာယ်ရှိသော လိပ်အမျိုးအစားဖြစ်ပြီး သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် မျိုးစိတ်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်အမဲလိုက် အနာတရဖြစ်စေ၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်းပြုလုပ်ပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၆(က)အရ ထောင်ဒဏ်ငါးနှစ်အထိ သော်လည်းကောင်း၊ ငွေဒဏ်သုံးသောင်းအထိသော်လည်းကောင်း၊ ဒဏ်နှစ်ရပ်စလုံးကို သော်လည်းကောင်း ကျခံနိုင်ကြောင်း အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ရှင်းပြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

---

# မုံရွာတွင် ကျင်းပနေသော LED မီးလုံးကမ္ဘာပွဲတော်ကျင်းပရာ ကန်သာယာ ကျောက်တိုင်ကျွန်းလျှောက်လမ်းတစ်လျှောက် ရေများကျော်နေ၍ ပွဲတော်ကိုပိတ်ထားရ

**မုံရွာ အောက်တိုဘာ ၁၉**
အောက်တိုဘာ ၁၉ ရက် နံနက်က သည်းထန်စွာ ရွာသွန်းခဲ့သော မိုးနှင့် ရေဝင်ရပ်ကွက်များမှ အင်းအတွင်း ရေထုတ်ခြင်းများကြောင့် စက်တင်ဘာ ၃၀ ရက်က စတင်ဖွင့်လှစ်ဆင်နွဲနေသော မုံရွာကန်သာယာကျောက်တိုင်ကျွန်းရှိ LED မီးလုံးကမ္ဘာပွဲတော် (Myanmar LED BeautifulWorld Festival) ကျင်းပရာ ကျောက်တိုင်ကျွန်းလျှောက်လမ်းတစ်လျှောက် ရေများကျော်နေသဖြင့် အောက်တိုဘာ ၁၉ ရက်ညမှ စတင်၍ပွဲတော်ကို ပိတ်ထားလိုက်ပြီဖြစ်ကြောင်း ပွဲစီစဉ်ကြီးကြပ်သူ ကိုရဲမြင့်ထံမှ သိရသည်။

"ဒီမနက်ရေတွေဝင်လို့ ဒီနေ့ ညက စပြီး ပိတ်လိုက်ပါတယ်။ ကျောက်တိုင်ကျွန်းက ရေမဝင်ပေမယ့် ပေ ၁၀၀၀ ကျော်ရှည်တဲ့ ကျောက်တိုင်ကျွန်းသွားတဲ့လမ်းက ဒူးလောက်အထိ ရေဝင်လာတယ်။ ညှော်သည်ကလည်း မလာတော့ဘူးပေါ့။ လျှပ်စစ်နဲ့ လုပ်ထားတာဆိုတော့ အန္တရာယ် တော်တော်များတဲ့အတွက် ပိတ်လိုက်တာပါ" ဟု ကိုရဲမြင့်က ပြောကြားသည်။ "ရေက အခုလို ဆက်ရှိနေမယ်ဆိုရင်တော့ ပြပွဲက ဆက်လုပ်လို့မရတော့ဘူးပေါ့။ ရေစတက်လာပြီး ဝင်မယ့်အရိပ်အယောင်ပြနေတာ ငါးရက်လောက်ရှိပြီ။ အဲဒီလိုဖြစ်လို့ ရေထုတ်ပေးပါလို့ သက်ဆိုင်ရာကို တင်ပြတာ လာကြည့်ပြီး ဘာမှအကောင်အထည်ဖော်လုပ်မပေးပါဘူး။ တင်ဝင်းထွန်းဘက်က ချင်းတွင်းရေတံခါးနဲ့ နောက်ရေတံခါးတစ်ချပ်ကို ဖွင့်လိုက်ရင် အင်းထဲက ရေတွေ မြစ်ထဲရောက်သွားမယ်လို့ ရေဝင်နေတဲ့ သလ္လာဝတီရပ်ဒေသခံတွေက ပြောပါတယ်"ဟု ကိုရဲမြင့်က ဖြည့်စွက်ပြောကြားသည်။

ပွဲတော်ကျင်းပရာတွင် ကူညီဆောင်ရွက်ပေးနေသူတစ်ဦးက "ပွဲတော်လုပ်တဲ့ ပေ ၁၀၀၀ လမ်းတစ်လျှောက် ရေစဝင်တာက လွန်ခဲ့တဲ့ လေးရက်ကတည်းကပါ။ ကျွန်တော်တို့က သဲအိတ်တွေကာပြီး ထိန်းထားတာပါ။ အခုဟာက ဒီနေ့မနက်ပိုင်း ရွာလိုက်တဲ့မိုးကြောင့် လုံးဝကာလို့မရဘဲ ရေတွေဝင်လာတာပါ။ ရေက ဒီ့ထက် ဆက်တက်ဦးမှာပဲလို့ ရပ်ကွက်လူကြီးတွေက ပြောတယ်။ ရပ်ကွက်တွေမှာ ခါတိုင်းနှစ်ကလည်း ရေဝင်နေကျဆိုတော့က ရပ်ကွက်ထဲဝင်တဲ့ ရေတွေကို စက်မောင်းပြီး အင်းထဲပို့ကြတာ နှစ်တိုင်းဖြစ်ပါတယ်။ မတက်အောင်ကတော့ မြစ်ထဲထွက်တဲ့ ရေတံခါးကို ဖွင့်ချရမှာဖြစ်တယ်လို့ သိရတယ်။ လက်ရှိ ချင်းတွင်းမြစ်ထဲမှာ ရေမရှိတော့ ရေတွေ ထုတ်မယ်ဆိုထုတ်လို့ရတဲ့အနေအထားပါ" ဟု ပြောသည်။ မုံရွာမြို့တွင် အောက်တိုဘာ လဆန်းပိုင်းက ကန်သာယာတွင် ကျင်းပသည့် LED မီးအလှကမ္ဘာပွဲတော်၊ မုံရွာမြို့၏ အထင်ကရနှစ်စဉ်ကျင်းပသော ဆုတောင်းပြည့်ဘုရားကြီးပွဲတော်နှင့် ကလေးစာပေပွဲတော်များပြိုင်တူကျင်းပရာ မီးအလှပွဲတော်သည် ယခုနှစ်မှစတင်ကာ ကျင်းပသောကြောင့် သွားရောက်ကြသူများသော ပွဲတစ်ပွဲဖြစ်ခဲ့ကြောင်း မုံရွာဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။

**သံတိုင်ထွန်း**

---

# ရပ်ကွက်နေပြည်သူများက လမ်းခင်းခြင်းလုပ်ငန်းများအပေါ် ကျေနပ်မှုမရှိသဖြင့် မြို့နယ်စည်ပင်အား ဆန္ဒထုတ်ဖော်

**သဲကုန်း အောက်တိုဘာ ၁၉**
ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းမြို့၌ ယနေ့နံနက်ပိုင်းက ဒေသခံပြည်သူ ၁၅၀ က လမ်းခင်းခြင်းလုပ်ငန်းအပေါ် ကျေနပ်မှုမရှိသဖြင့် မြို့နယ်စည်ပင်အား ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆန္ဒဖော်ထုတ်ရာတွင် ဦးမင်းဆွေ၊ ဦးကျော်စိုးမိုး၊ ဦးဝင်းမင်းထိုက်တို့ ဦးဆောင်၍ ဒေသခံပြည်သူ ၁၅၀ ကျော်က ယနေ့နံနက် ၉ နာရီတွင် ဘူတာရုံလမ်းနှင့် ပြင်ဦးလွင်လမ်းဆုံ၌ စုရပ်လုပ်၍ ကြွေးကြော်သံများ ကြွေးကြော်ပြီး ပိုစတာများ ကိုင်ဆောင်၍ စုရပ်ဘူတာရုံလမ်းမှ ပုတီးကုန်းမြို့ဈေးပတ်၍ ပြည်တော်သာ (၄) လမ်းမှတစ်ဆင့် စုရပ်နေရာသို့ လမ်းလျှောက်ဆန္ဒဖော်ထုတ်ကြသည်။ ဦးဆောင်သူ ဦးမင်းဆွေက ပုတီးကုန်းမြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပုတီးကုန်းမြို့ ချမ်းမြေ့သာယာရပ်ကွက်၌ လမ်း(၆)လမ်းအား လမ်းခင်းရန် သဘောတူဆုံးဖြတ်ချက်ရထားသော်လည်း လက်တွေ့ဆောင်ရွက်ရာတွင် လမ်းခင်းရန် (၄)လမ်း မပါဝင်တော့သည့်အတွက် မြို့နယ်စည်ပင်၏ ဆောင်ရွက်မှုအပေါ် မကျေနပ်၍ ယခုလိုဆန္ဒဖော်ထုတ်ရခြင်း ဖြစ်ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

# ဖားကန့်၌ တုတ်၊ ဓားလက်နက်များ ကိုင်ထားသည့် ရေမဆေးကျောက်ရှာသူများက လုပ်ကွက်အတွင်း အတင်းဝင်ရောက်ပြီး ရဲတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရ၊ ရေမဆေးကျောက်ရှာသူ ငါးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရ

**နေပြည်တော်  အောက်တိုဘာ ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းအုပ်စု တစ်သုံးလုံးကျောက်မျက် ကုမ္ပဏီ လုပ်ကွက်တွင် လုံခြုံရေးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များအား တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ထားသည့် ရေမဆေးကျောက်ရှာဖွေသူများက အောက်တိုဘာ ၁၈ ရက် ညပိုင်းတွင် လုပ်ကွက်အတွင်း အတင်းဝင်ရောက်ကာ ရန်ပြုတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ရေမဆေးကျောက်ရှာဖွေသူ ငါးဦး သေဆုံးကာ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

လုံးခင်းကျေးရွာအုပ်စု တစ်သုံးလုံးကျောက်မျက်ကုမ္ပဏီလုပ်ကွက်တွင် အောက်တိုဘာ ၁၈ ရက် ည ၉ နာရီခွဲခန့်က ရေမဆေးကျောက်ရှာဖွေသူ ၅၀ ခန့်က လုပ်ကွက်အတွင်း အတင်းဝင်ရောက်လာခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက တားဆီးရာ ပြန်လည်ထွက်ခွာသွားပြီး ည ၁၀ နာရီခွဲခန့်တွင် အင်အား ၆၀၀ ခန့်သည် တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်လျက် ထပ်မံဝင်ရောက်၍ ရဲတပ်ဖွဲ့ဝင်များအား ခဲဖြင့်ပစ်ပေါက်ခြင်း၊ မြေသယ်ယာဉ်အား မီးရှို့ခြင်းနှင့် ဘက်ဟိုးယာဉ်အား ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် ရဲအရာရှိတစ်ဦးအား ဓားဖြင့် ဝင်ခုတ်သဖြင့် ရဲတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ငါးဦး ဖူးရောင်ပေါက်ပြဲ၊ နာကျင်ဒဏ်ရာများ ရရှိခဲ့ပြီး ရေမဆေးကျောက်ရှာဖွေသူ ငါးဦး သေဆုံးကာ ၂၀ ဒဏ်ရာရရှိသွားကြောင်း၊ ဒဏ်ရာရရှိသူများအား မော်ပုံကျေးရွာ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်များဖြင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ဒဏ်ရာပြင်းထန်သူ ကိုးဦးအား မြစ်ကြီးနားဆေးရုံသို့ ဆက်လက်ပို့ဆောင်ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် သေဆုံးမှု၊ ဒဏ်ရာရရှိမှုများနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# တာချီလိတ်၌ အမျိုးသားတစ်ဦး သုံးထပ်တိုက်ပေါ်မှ ခုန်ချ

**တာချီလိတ် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ဆန်ဆိုင်း(ခ)ရပ်ကွက် ပဒုမ္မာလမ်း၌ သုံးထပ်တိုက်ပေါ်မှ အမျိုးသားတစ်ဦး ခုန်ချသေဆုံးသည့်ဖြစ်စဉ် အောက်တိုဘာ ၁၈ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည်။

အောက်တိုဘာ ၁၈ ရက်ည ၁၁ နာရီ ၄၅ မိနစ်ခန့်က တာချီလိတ်မြို့ဆန်ဆိုင်း (ခ)ရပ်ကွက် ပဒုမ္မာလမ်း SK လိုင်းခန်းငှားတိုက်တန်း သုံးထပ်တိုက်ပေါ်မှ အမျိုးသားတစ်ဦး ခုန်ချသေဆုံးကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ SK လိုင်းခန်းငှား တိုက်တန်းသုံးထပ်တိုက်ပေါ်မှ ခုန်ချသူမှာ ကိုထွန်း(၃၈ နှစ်) လွယ်စတုံရွာ ဝမ်လုံးအုပ်စု တာချီလိတ်မြို့နေသူဖြစ်ပြီး ဒဏ်ရာများရရှိကာ အခင်းဖြစ်ရပ်တွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**ဗန်းမောက်  အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မင်းကုန်းကျေးရွာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက်က ဗန်းမောက်မြို့မရဲခန်းမှ ရဲအုပ် မင်းကိုလွင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ဗန်းမောက်မြို့နယ် မင်းကုန်းကျေးရွာနေ တင်ဝင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှင်တင်ဝင်းနှင့်အတူ စံရွှေကိုပါ တွေ့ရှိရသဖြင့် ဆက်လက်ရှာဖွေခဲ့ရာ ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၉ ပြားနှင့်ဆေးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိရသဖြင့် တင်ဝင်းနှင့် စံရွှေတို့ကို ဗန်းမောက်ရဲစခန်းမှ ဥပဒေအရ ဖမ်းဆီး အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ကြံ့ခင်းမြို့နယ်၌ တရားမဝင်ခိုးဝင်လာသူ ခုနစ်ဦး ဖမ်းဆီးရမိ

**ကြံ့ခင်း အောက်တိုဘာ ၁၉**

ကြံ့ခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စု အုပ်ပွဲစစ်ဆေးရေးဂိတ်တွင် ပူးပေါင်းအဖွဲ့မှ နယ်မြေလုံခြုံရေးအတွက် အောက်တိုဘာ ၁၈ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က ယာဉ်များအား ရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်း လှမြင့် မောင်းနှင်လာသော 8H/ ---- ခြောက်ဘီးယာဉ်အား စစ်ဆေးရာ စပါးအိတ်များကြားဝှက်၍ တင်ဆောင်လာသော တရားမဝင်ခိုးဝင်လာသူ ခုနစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူများမှာ မာမွတ်ဆူလီမာ(ခ)လှရွှေ (၁၅နှစ်)၊ ဒူဂူလာမိန် (ခ)မောင်မောင်စိန် (၁၀ နှစ်)၊ အဒူရာဟာမော်(ခ)မောင်မောင်လှ(၁၆ နှစ်)၊ ဆော်ဒူလာမိန်(ခ) ကျော်ကျော်နိုင်(၁၅ နှစ်)၊ မိုရာမိန်(ခ)မောင်မောင်လတ်(၁၈နှစ်)၊ အီမန်ဟူဆော်(ခ)စိုးနိုင်(၁၅နှစ်)၊ နိုဘော်ချောရ်(ခ)မောင်မောင်စန်း(၁၅နှစ်)တို့ဖြစ်ပြီး ယာဉ်နောက်လိုက် ရန်မောင်ထွန်း၏ ထွက်ဆိုချက်အရ ရခိုင်ပြည်နယ် မင်းပြားမြို့နေ ကိုရှည်(ခ)ကျော်ဝင်းက မင်းပြားမြို့မှ ရန်ကုန်သို့ တစ်ဦးလျှင် ငွေကျပ် ရှစ်သိန်းဖြင့် ပို့ဆောင်ပေးရန် တင်ပေးလိုက်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ မင်းပြားမြို့မှ ရန်ကုန်မြို့သို့ ပို့ဆောင်ခံရသူ မာမွတ်ဆူလီမာ(ခ) လှရွှေပါ ခုနစ်ဦးအား လဝကဦးစီးမှူး ဦးကိုကိုကျော်က ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးဥပဒေပုဒ်မ-၆(၁)၊ ၆(၂) အရလည်းကောင်း၊ ယာဉ်မောင်း လှမြင့်၊ ယာဉ်နောက်လိုက် ရန်မောင်ထွန်းနှင့် မင်းပြားမြို့မှ တရားမဝင် ဝင်ရောက်လာသူများကို တင်ပေးသူ ကျော်ဝင်း(ခ) ကိုရှည် (၄၀နှစ်) တို့အား ကြံ့ခင်းမြို့နယ် ဘက်ရဲနယ်မြေရဲစခန်းမှ ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဌေးမင်း**

# ရော်ဘာပင်ဆွေး ပြုတ်ကျရာမှ ဆိုင်ကယ်မောင်းနှင်သူသေဆုံး

**ရေး  အောက်တိုဘာ ၁၉**

မွန်ပြည်နယ် ရေးမြို့နယ် ရေး-မော်လမြိုင်ကားလမ်း ကနင်ကမော့ကျေးရွာအနီး မိုင်တိုင်အမှတ်(၇၁)၌ အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ရော်ဘာပင် ကျိုးကျရာမှ ဆိုင်ကယ်မောင်းသူတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ရေးဘက်မှ မော်လမြိုင်ဘက်သို့ ဆိုင်ကယ်မောင်းသူ ဇော်ဇော်(၁၇ နှစ်) စစ်ကိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး ဇော်ထိုက် လိုက်ပါသည့် ဆိုင်ကယ်သည် ကားလမ်းဘေး ရော်ဘာခြံအပြင်မှ ရော်ဘာပင်ဆွေး အရှည် ၂၅ ပေခန့် ပင်စည်မှ ကျိုးကျရိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ ဇော်ဇော်မှာ ဦးခေါင်းဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးခဲ့ကာ နောက်မှ လိုက်ပါစီးနင်းသူဇော်ထိုက်မှာလည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လမိုင်းနယ်မြေရဲစခန်းမှ သေမှုသေခင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

# ဒဂုံမြို့နယ် မြောက်ပိုင်းရှိ မီးလောင်အိမ်ပေါ်၌ အမျိုးသမီးတစ်ဦးသေဆုံး

**ရန်ကုန်  အောက်တိုဘာ ၁၉**

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၅၁) ရပ်ကွက် ဘုရင့်နောင်(၂)လမ်းတွင် အောက်တိုဘာ ၁၈ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က အိမ်ပိုင်ရှင် ဒေါ်စောရှင်မွေးလ၊ အိမ်ငှားဖြစ်သူ ဦးယဉ်သန်းနေထိုင်သည့် (၃၅×၁၀) ပေ ကျယ်ဝန်းသည့် နေအိမ်၌ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုအား ပတ်ဝန်းကျင်နေရပ်ကွက်သားများက အနီးရှိ ရေမြောင်းမှ ရေဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အောက်တိုဘာ ၁၉ ရက် နံနက် ၁၂ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) ခရိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းဇော်မင်း၊ မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးထိန်လင်းနှင့်အဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ရာ အထပ်သားနှစ်ချပ်သာ မီးလောင်ခဲ့သော်လည်း ၎င်းနေအိမ်တွင် ခေတ္တလာရောက်တည်းခိုသူ မခင်ဇင်လတ်(ခ) လုံးလုံး(၃၅ နှစ်) မြောက်ဥက္ကလာပနေသူမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့သည်။

မီးလောင်မှုနှင့် လူသေဆုံးမှုအား ဆက်လက်စုံစမ်းလျက်ရှိပြီး အိမ်ငှားဖြစ်သူ ဦးယဉ်သန်း (၃၀ နှစ်)အား ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**

# ရေပူပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပိတောက်ခွဲသားနှင့် တမလန်းဓားရွေတုံးများဖမ်းမိ

**နေပြည်တော်  အောက်တိုဘာ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉၃ စီး၊ သွင်းကုန်အစီး ၅၅၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈၇၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ဝ၁ဝ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၈၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၈ ရက်တွင် မူဆယ်သို့သွားရောက်မည့် Honda Fit ယာဉ်အား ရေပူအမြဲ တမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခွဲသား ၉ ချောင်း (၀ ဒသမ ၁၆၃၂) တန်၊ တမလန်းဓားရွေတုံး ၁၈ တုံး (၀ ဒသမ ၃၄၇၈) တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ဝ၃၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လွိုင်ကော်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  အောက်တိုဘာ ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၀)လွိုင်ကော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီက လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု ကျောက်ကြီး(မြောက်ပိုင်း) ကျေးရွာအနီး ကားလမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် မောင်ဆန်း(ခ)ကုလားအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင် - ကောင်းခါး ကားလမ်း ယူကလစ်တောအနီးတွင် မဂျာမော်ထွယ်ဆိုင် မောင်းနှင်ပြီး မရွယ်ဆိုင်လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းဖြူ ၂၂ ဂရမ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ(အနောက်) ရပ်ကွက် ၈၃ လမ်းနှင့် ၂၅ လမ်းထောင့်တွင် မောင်မောင်စိန်(ခ)ဂနေး မောင်းနှင်ပြီး ဆူပါဂျမ်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဆေးခြောက် ကိုးကီလို၊ ငွေကျပ် ၁၀၃၅၀၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နေမျိုးအောင်ထံမှ ငွေကျပ် ငါးသိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ချန်ပီယံလိဂ်အုပ်စုပွဲစဉ် ပထမအကျော့များအပြီး အင်္ဂလန်အသင်းများ ရလဒ်ကောင်း ရရှိနေ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၂၀၁၇-၁၈ ဘောလုံးရာသီ ၃၂ အသင်းအဆင့် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမ အကျော့အပြီးတွင် အင်္ဂလန်ကလပ်အသင်းများ ရလဒ်ကောင်း ပိုင်ဆိုင်ထားသည်။ အောက်တိုဘာ ၁၉ ရက် နံနက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုပွဲစဉ်များမှ ဘင်ဖီကာနှင့် မန်ယူပွဲတွင် မန်ယူတို့က အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဘင်ဖီကာသည် ၄-၃-၃ ပုံစံဖြင့် လည်းကောင်း၊ မန်ယူအသင်းသည် ၄-၄-၁-၁ ကစားကွက်ဖြင့် လည်းကောင်း ပွဲထွက်ခဲ့သည်။ မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် လူငယ်ကစားသမား ရက်ရှ်ဖို့ဒ်က သွင်းယူခဲ့ခြင်း ဖြစ်သည်။ ပွဲစဉ် (၃)အပြီးတွင် အုပ်စု (A) ၌ မန်ယူက ရမှတ် ကိုးမှတ်ဖြင့် ဇယားထိပ်တွင် ရပ်တည်နေပြီး ဘေဆယ်လ်က ခြောက်မှတ်၊ CSKA မော်စကိုက သုံးမှတ်နှင့် ဘင်ဖီကာတို့က အမှတ်မရရှိသေးပေ။ အုပ်စု (B) တွင် ပီအက်စ်ဂျီအသင်းက ရမှတ် ကိုးမှတ်ဖြင့် ဦးဆောင် နေပြီး ဘိုင်ယန်မြူးနစ်က ခြောက်မှတ်၊ ဆဲလ်တစ်က သုံးမှတ် နှင့် အန်ဒါလက်ချ်က အမှတ်မရသေးပေ။

အုပ်စု (C) ၌ ချယ်လ်ဆီးတို့ ရမှတ် ခုနစ်မှတ်ဖြင့် ဦးဆောင်နေပြီး ရိုးမားက ငါးမှတ်၊ အက်သလက်တီကိုက နှစ်မှတ်နှင့် ကာရာဘတ်က တစ်မှတ်သာ ရရှိထားသည်။ အုပ်စု (D) တွင် ဘာစီလိုနာက ကိုးမှတ်၊ ဂျူဗင်တပ်စ်က ခြောက်မှတ်၊ စပို့တင်းက သုံးမှတ်နှင့် အိုလံပီယာကို့စ်တို့က အမှတ်မရရှိသေးပေ။ အုပ်စု (E) တွင် လီဗာပူးနှင့် စပါးတပ်မော်စကိုတို့က ရမှတ် ငါးမှတ်စီ ရရှိထားပြီး ဆီဗီလာက လေးမှတ်နှင့် မာရီဘောက တစ်မှတ်သာ ရရှိထားသည်။ အုပ်စု (F) တွင် မန်စီးတီးက ရမှတ် ကိုးမှတ်၊ ရှက်တာဒိုးနက်က ခြောက်မှတ်၊ နာပိုလီက သုံးမှတ်နှင့် ဖီယင်နက အမှတ်မရရှိသေးပေ။

အုပ်စု (G) တွင် ဘက်ဆစ်တပ်စ်က ကိုးမှတ်၊ လိုက်ပ်ဇစ်က လေးမှတ်၊ ပေါ်တိုက သုံးမှတ်နှင့် မိုနာကိုက တစ်မှတ်သာ ရရှိထားသည်။ အုပ်စု (H) တွင် ရီးရဲမက်ဒရစ်နှင့် စပါးအသင်းတို့က ရမှတ် ခုနစ်မှတ်စီဖြင့် ပူးတွဲဦးဆောင်နေပြီး ဒေါ့မွန်နှင့် အေပိုးလ်တို့က တစ်မှတ်စီသာ ရရှိထားသည်။

ဥရောပချန်ပီယံလိဂ်ဖလားကြီးကို ၂၀၁၂ တွင် ချယ်လ်ဆီးအသင်း ဖလားဆွတ်ခူးပြီး နောက်ပိုင်းတွင် အင်္ဂလန်ကလပ်အသင်းများ ဖလားနှင့် ဝေးကွာခဲ့ပြီး ယခုနှစ်ရာသီတွင် အင်္ဂလန်ကလပ်အသင်းများ ခြေစွမ်းတည်ငြိမ်နေပြီး ရလဒ်ကောင်းများ ပိုင်ဆိုင်ထားသည်။

**သီဟ**



## ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၃) အနိုင်/အရှုံးရလဒ်

၁၉-၁၀-၂၀၁၇

| | | |
|---|---|---|
| CSKA မော်စကို | ၀-၂ | ဘေဆယ် |
| အင်ဒါလက်ချ် | ၀-၄ | ပီအက်စ်ဂျီ |
| ဘိုင်ယန်မြူးနစ် | ၃-၀ | ဆဲလ်တစ် |
| ကာရာဘတ် | ၀-၀ | အက်သလက်တီကို |
| ချယ်လ်ဆီး | ၃-၃ | ရိုးမား |
| ဂျူဗင်တပ်စ် | ၂-၁ | စပို့တင်း |
| ဘာစီလိုနာ | ၃-၁ | အိုလံပီယာကို့စ် |


## ဤမွေးနေ့မှသည် နောင်နှစ်များစွာတိုင်

ညီမငယ် မဆင့်နှင့် သားထွေးလေး မောင်သုတကျော်စိုး(ခ)ငြိမ်းမြတ်ဟိန်းတို့၏ အောက်တိုဘာ ၂၀ရက်နေ့တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် တိုင်းကျိုး ပြည်ကျိုး၊ ဘာသာ သာသနာအကျိုး၊ မိသားစုအကျိုးသယ်ပိုးထမ်းရွက်နိုင်သည့် မြင့်မြတ်သူများ ဖြစ်ကြပါစေ-

**မြတ်သပြေမိသားစု**

Kandawgyi Palace
The Golden Teak Hotel on the Royal Lake

# အထူးကျေးဇူးတင်ရှိပါကြောင်း

အောက်တိုဘာလ (၁၉) ရက်နေ့၊ နံနက် (၃) နာရီ၊ (၁၅)မိနစ်ခန့်တွင် ထူးကုမ္ပဏီများအုပ်စု၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော ကန်တော်ကြီးပဲလေ့စ်ဟိုတယ် ( Kandawgyi Palace Hotel) မီးလောင်ကျွမ်းခဲ့မှုကြောင့် ထိခိုက်နစ်နာခဲ့သူများအတွက် ထူးကုမ္ပဏီများအုပ်စုအနေဖြင့် ဂမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။ ယမန်နေ့ မီးလောင်ကျွမ်းမှုဖြစ်စဉ်အား လာရောက်စစ်ဆေးပြီး မီးငြိမ်းသတ်နိုင်ရေးအတွက် အဘက်ဘက်မှ စီမံဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊လုံခြုံရေးဆောင်ရွက်ပေးခဲ့သော တပ်မတော်သားများနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မှ အကြီးအကဲများနှင့် တပ်ဖွဲ့ဝင်များ၊ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်တွင် တည်းခိုနေသော ဧည့်သည်တော်များနှင့်ဝန်ထမ်းများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းရာတွင်အဘက်ဘက်မှကူညီပေးခဲ့ကြသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ အားလုံးကိုလည်းထူးကုမ္ပဏီများအုပ်စုဥက္ကဋ္ဌဦးတေဇ နှင့် ဝန်ထမ်းများမှ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးတေဇ
ဥက္ကဋ္ဌ
Htoo Group Of Companies

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/5086 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်မင်း ၁၂/လမန (နိုင်) ၁၂၀၉၁၄၏ Passport No(MC 0070 63) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၃၁၃၃၁၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2871,Toyota Belta SPC 92 S/L(4×2) ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဦး ၈/မတန(နိုင်)၀၀၀၁၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8C/6499 Hline Thit L/T P/U ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၂/မဂတ (နိုင်) ၀၆၄၂၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၂၉/ဘီ^၇၊ မြေကွက်အမှတ်(၅၄၂/၄)၊ ဧရိယာ(သုည ဒသမ ၆၅၂)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာဒုံမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်-၅၄၂ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးတင်လှ ၁၂/သကတ(နိုင်)၁၂၁၂၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇**

## ရောင်းရန်ရှိသည်

ကျောက်စိမ်း လက်ကောက် ဖောက်ဆံများ ရောင်းရန်ရှိသည်။ ပွဲစားလိုသည်

**ဖုန်း-၀၉-၄၂၀၈၆၇၆၂၂**

## ဖြည့်စွက်ဖတ်ရှုပါရန်

၁-၁၀-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၁၆တွင် ၂၀၁၇ခုနှစ် တရားမ အထွေထွေလျှောက်လွှာအမှတ် ၁၁၂၊ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံးတော်(အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ-၂၈၃)ကြော်ငြာစာကြော်ငြာ တွင် စာကြောင်းရေ ၁၂နှင့် စာကြောင်းရေ ၂၄တွင် သေတမ်းစာ အတည်ပြုချက် လက်မှတ်ဆိုသော စကားရပ်အား ဖြည့်စွက်ဖတ်ရှုပါရန်။

## မွေးသက္ကရာဇ် အမှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဒလဆိပ်ကျေးရွာနေ ဦးဇော်ဦး ၇/ရကန (နိုင်)၀၃၉၅၄၀၏သမီး နော်နောအိ ၇/ရကန (နိုင်)၀၈၇၁၃၄၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၆-၂၀၀၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့နေ ဦးကျော်နိုင် ၁၄/ပသန(နိုင်) ၀၈၀၅၅၉၏သား မောင်ဘုန်းမြတ်မင်းအား ယနေ့မှစ၍ မောင်မြတ်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်မင်းခန့်**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက (ညောင်ချောင်း) နဝမတန်း (B) မှ နန်းအေးစုစံနှင့် အဋ္ဌမတန်း(A)မှ မောင်ကိုကိုထက်တို့၏ ဖခင်အမည်မှန်မှာ ဦးရွှေမြင့်အေး ၁၀/သထန(နိုင်)၁၅၃၄၄၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ် အထက (ကက်သာ) တက္ကသိုလ်ဝင်တန်းမှ မောင်လှိုင်မြင့်၊ ဟုမ္မလင်း အထက(၁)နဝမတန်းမှ မောင်အောင်ကိုမြင့်နှင့်ခတောင်ပွင့် ကျေးရွာအုပ်စု၊ပါဝယ်ကျေးရွာ အလက(ခွဲ)ပထမတန်းမှ မနွယ်နီဝင်းတို့၏ ဖခင် အမည်မှန်မှာ ဦးအောင်ဆွေဦး ၈/ရစက(နိုင်) ၁၂၂၆၆၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သထုံမြို့၊ အထက (ညောင်ချောင်း) နဝမတန်း(A)မှ မောင်ဖိုးချစ်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၁၀/သထန(နိုင်)၁၂၇၃၁၂ ဖြစ်ပါကြောင်း။

## ကုလလုံခြုံရေးကောင်စီ၌ အမေရိကန်က အီရန်ကို ပြင်းပြင်းထန်ထန်ဝေဖန်

**ဝါရှင်တန် အောက်တိုဘာ ၁၉**

အရှေ့အလယ်ပိုင်း ဒေသအရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ ဆွေးနွေးကြရာတွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန်နစ်ကီဟာလေသည် အီရန်နိုင်ငံအပေါ် အပြင်းအထန် ဝေဖန်ထိုးနှက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

သုံးလတစ်ကြိမ် ကျင်းပသည့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံ ၄၀ တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

နစ်ကီဟာလေက အီရန်သည် ဆီးရီးယား၊လစ်ဘန္ဒွန်နှင့်ယီမင်ရှိ ပဋိပက္ခဖြစ်ပွားရာဇုန်များသို့ စစ်လက်နက်များ ထောက်ပံ့ပေးကာ အီရန်၏ လက်နက်လွှဲပြောင်းပို့ဆောင်မှုများကို ပိတ်ပင်ထားသည့် ကုလသမဂ္ဂ၏ စည်းကမ်းချမှတ်မှုများကို ချိုးဖောက်နေကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သည် ထိုသို့ စည်းကမ်းချိုးဖျက်မှုများအပေါ်တွင် မသိကျိုးကျွန်ပြုကာ လက်ပိုက်ကြည့်နေလိမ့်မည် မဟုတ်ကြောင်းနှင့်အီရန်အပေါ် ယခုထက်ပိုမိုတင်းကျပ်သည့် စည်းကမ်းချက်များ ချမှတ်ကာ အရေးယူဆောင်ရွက်ရန် လုံခြုံရေးကောင်စီသို့ တိုက်တွန်းခဲ့ကြောင်း သိရသည်။

အစည်းအဝေးအတွင်း၌ အဓိကအကြောင်းအရာဖြစ်သည့် အစ္စရေး-ပါလက်စတိုင်းအရေးနှင့်ပတ်သက်ပြီး နစ်ကီက ပြောဆိုဆွေးနွေးခဲ့ခြင်းမရှိကြောင်း သိရသည်။

**(အင်န်အိတ်ခ်ျကေ)**

# ဖိနှိပ်ချုပ်ချယ်မှုများ ဆက်လက်ပြုလုပ်နေပါက ပါလီမန်လွှတ်တော်၌ မဲခွဲဆုံးဖြတ်ကာ လွတ်လပ်ရေးကြေညာမည်ဖြစ်ကြောင်း ကက်တလိုနီးယားခေါင်းဆောင် ခြိမ်းခြောက်



**အောက်တိုဘာ ၁၈ ရက်က ဘာစီလိုနာ၌ ကျင်းပမည့် ကက်တလန်ဥရောပ ဒီမိုကရက်တစ်ပါတီ အစည်းအဝေးသို့ တက်ရောက်ရန် ကက်တလန်အကြီးအကဲ Carles Puigdemont ရောက်ရှိလာစဉ်**

**မက်ဒရစ် အောက်တိုဘာ ၁၉**

ကက်တလိုနီးယားဒေသ အကြီးအကဲက အကယ်၍ စပိန်အစိုးရသည် ဖိနှိပ်ချုပ်ချယ်မှုများကို ဆက်လက်ပြုလုပ်နေပါက လွတ်လပ်ရေးကြေညာမှုကို ထုံးစံအတိုင်း ဆက်လက် ဆောင်ရွက်သွားရလိမ့်မည်ဟု ပြောကြားခဲ့ပြီးနောက်တွင် စပိန်ဗဟိုအစိုးရသည် ကက်တလိုနီးယား၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရပ်ဆိုင်းပစ်မည်ဟု ကြာသပတေးနေ့တွင် ခြိမ်းခြောက်ခဲ့သည်။

စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂွိုင်က လာမည့်စနေနေ့တွင် ကက်တလိုနီးယားကို တိုက်ရိုက်စီမံအုပ်ချုပ်မည့် အုပ်ချုပ်ရေးတစ်ရပ်ကို ချမှတ်သွားရန် အစိုးရအဖွဲ့ဝင်များဆိုင်ရာ အထူးအစည်းအဝေးတစ်ရပ်အား ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကက်တလိုနီးယားအစိုးရ Carles Puigdemontသည် ၎င်း၏ ခွဲထွက်ရေးကြိုးပမ်းမှုကိုလက်လျှော့ရန် နံနက် ၁၀ နာရီ နောက်ဆုံးအချိန်အဖြစ် သတ်မှတ်ခဲ့မှုကို လျစ်လျူရှုခဲ့ပြီး ကက်တလိုနီးယား ပါလီမန်လွှတ်တော်အတွင်း၌ လွတ်လပ်ရေး ကြေညာသွားမည်ဟု ဝန်ကြီးချုပ်ရာဂျွိုင်အား ခြိမ်းခြောက်ခဲ့သည်။

တစ်လကြာဖြစ်ပွားခဲ့သည့် နိုင်ငံရေး အကျပ်အတည်းဖြစ်ပွားမှုသည် လူမှုရေးဆိုင်ရာ မတည်ငြိမ်မှုများဖြစ်ပေါ်လာနိုင်မည့် စိုးရိမ်ဖွယ်အခြေအနေများကို မြင့်တက်လာစေခဲ့ပြီး ဥရောပဇုန်၏ စတုတ္ထမြောက် အကြီးဆုံးစီးပွားရေးအင်အားစုအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပမာဏ လျော့ကျမည်ဟူသော ခန့်မှန်းချက်များကို ပေါ်ထွက်လာစေခဲ့သည်။ ထိုအချိန်မျိုးတွင် နှစ်ဖက်ခေါင်းဆောင်တို့၏ သဘောထားထုတ်ပြန်ချက်များက နိုင်ငံရေးဆိုင်ရာမသေချာမရေရာမှုများကို ပိုမိုမြင့်တက်လာစေခဲ့သည်။

အကယ်၍ ဗဟိုအစိုးရအနေဖြင့် စကားပြောဆိုဆွေးနွေးမှု ပြုလုပ်ရန်အချိန်ဆွဲကာ နှောင့်နှေးကြန့်ကြာစေခဲ့ပြီး ဖိနှိပ်ချုပ်ချယ်မှုများ ဆက်လက် ပြုလုပ်နေမည်ဆိုပါက ကက်တလိုနီးယား ပါလီမန်လွှတ်တော်က လွတ်လပ်ရေး ကြေညာနိုင်ရေးအတွက် မဲခွဲဆုံးဖြတ်မှုများပြုလုပ်ရန် ဆက်လက်ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း ကက်တလိုနီးယားခေါင်းဆောင်က ရာဂျွိုင်သို့ စာဖြင့်ရေးသားခဲ့မှုတွင် ဖော်ပြထားကြောင်း သိရသည်။

**(ရိုက်တာ)**

# တာလီဘန်တို့၏ စီးနင်းတိုက်ခိုက်မှုကြောင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၄၃ ဦးသေဆုံး

**ကန်ဒါဟာ အောက်တိုဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ် မေဝမ်းခရိုင်၌ ညသန်းခေါင်ယံအချိန်တွင် တာလီဘန် စစ်သွေးကြွတို့၏ တိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် ၄၃ ဦးခန့် သေဆုံးခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက်က ပြောကြားခဲ့သည်။

မေဝမ်းခရိုင် ချက်စ်မိုဒေသရှိ တပ်ဖွဲ့ဝင်စခန်းတစ်ခုကို တာလီဘန်စစ်သွေးကြွတို့က ညသန်းခေါင်ယံတွင် ကားဗုံးများ၊ သေနတ်များနှင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ နောက်ထပ်စစ်ကူများ မရောက်ခင်အထိ တိုက်ခိုက်မှုတွေ ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ ခိုးယူထားသော ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်ထားသော သံချပ်ကာ ကားနှစ်စီးကို တိုက်ခိုက်မှုအတွင်း တာလီဘန်တို့က အသုံးပြုခဲ့ကြောင်း သိရသည်။

တာလီဘန်စစ်သွေးကြွတို့၏ တိုက်ခိုက်မှုကြောင့် စုစုပေါင်း တပ်ဖွဲ့ဝင် ၄၃ ဦးကျဆုံးခဲ့ပြီး ဒဏ်ရာအများအပြား ရရှိခဲ့ကြောင်း၊ ထို့အတူ စစ်သွေးကြွအများအပြားလည်း သေဆုံးဒဏ်ရာ ရရှိမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထို့အပြင် စစ်သွေးကြွများသည် တိုက်ပွဲဖြစ်ပွားပြီးနောက် ၎င်းတို့ဘက်မှ သေဆုံးသူများကို ပြန်လည်သယ်ဆောင်သွားသောကြောင့် သေဆုံးသူအရေအတွက်အတိအကျကို ဖော်ပြနိုင်ခြင်းမရှိကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

တပ်ဖွဲ့ဝင်များ ကျဆုံးမှုနှင့်ပတ်သက်ပြီး သတင်းဖော်ပြမှုများမှာကွဲပြားမှုများ ဖြစ်ပေါ်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော ပြည်တွင်းရုပ်သံလိုင်း အာရီနာသတင်းတွင် မေဝမ်းခရိုင်၌ တာလီဘန်တို့၏ စီးနင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ အရေအတွက်မှာ ၇၀ ခန့်ရှိကြောင်း ဖော်ပြခဲ့ခြင်းဖြစ်သည်။

တာလီဘန်တို့သည် သိပ်မကြာသေးခင်က အာဖဂန်အရှေ့ပိုင်း ပက်ခ်တီယာပြည်နယ်နှင့် အနီးတစ်ဝိုက်ရှိ ဂန်ဇီပြည်နယ်တို့တွင် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ တိုက်ခိုက်မှုနှစ်ခုပြုလုပ်ခဲ့ပြီးနောက် ယခုတိုက်ခိုက်မှုဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

အာဖဂန်နစ္စတန် အရှေ့ပိုင်းပြည်နယ်များတွင် မကြာသေးခင်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် လူ ၇၀ ကျော် သေဆုံးခဲ့ပြီး လူ ၁၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**



## အိုင်စီတီဖွံ့ဖြိုးရေးအတွက် ဒစ်ဂျစ်တယ်သုံးသင်ကြားနည်းစနစ်ကို ကင်ညာပညာရေးဝန်ကြီးဌာန ကျင့်သုံး

**နိုင်ရိုဘီ အောက်တိုဘာ ၁၉**

ကင်ညာပညာရေးဝန်ကြီးဌာနသည် ဒစ်ဂျစ်တယ်သုံး သင်ကြားနည်းစနစ်ကို ကျောင်းနေအရွယ်ကလေးများ၏ အိုင်စီတီ (သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ) ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ မကြာသေးမီက စတင်ကျင့်သုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကင်ညာနိုင်ငံ၏ ဗဟုသုတကိုအခြေခံသည့်စီးပွားရေးဆိုင်ရာ လိုလားမှုများနှင့် အံဝင်ခွင်ကျဖြစ်စေမည့် ဒစ်ဂျစ်တယ်သုံးသင်ကြားနည်းစနစ်များကို အခြေခံပညာမူလတန်းကျောင်းများ၌ စတင်ကျင့်သုံးခဲ့ခြင်းသည် လူငယ်များအတွက် အခွင့်အလမ်းသစ်များဖြစ်ပေါ်စေကြောင်း ကင်ညာသမ္မတ အူဟူရူကင်ရက်တာကိုယ်စား သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဝန်ကြီးဌာန ဝန်ကြီး ဂျိုးမျူချီးရူက ပြောကြားခဲ့သည်။

ကင်ညာပညာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့များက သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာတိုးတက်စေရန်နှင့် အခြေခံပညာကျောင်းများတွင် သင်ကြားမှုဆိုင်ရာတိုးတက်မှုရှိစေရန် ရည်ရွယ်၍ လွန်ခဲ့သောနှစ် ဧပြီလက ဒစ်ဂျစ်တယ်စာတတ်မြောက်ရေးအစီအစဉ်ကို ကျင့်သုံးခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်၌ အခြေခံပညာမူလတန်းကျောင်းများတွင် သင်ကြားရေးနှင့် သင်ယူရေးတို့၌ အထောက်အပံ့ဖြစ်စေရန် တစ်ကိုယ်ရေသုံး ကွန်ပျူတာများ၊ လက်တော့ပ်များနှင့် တက်ဘလက်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

**နိုင်ငံတကာ သတင်းတိုထွာ**

### တရုတ်သမ္မတ ရှီကျင့်ဖျင် ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် အဖွင့်မိန့်ခွန်းပြောကြား

**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်နိုင်ငံအား အသစ်တစ်ဖန်အား သစ်လောင်းခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်မှာ ပန်းခင်းလမ်းထဲ လျှောက်လှမ်းခြင်း မဟုတ်ကြောင်း တစ်ဆင့်ပြီးတစ်ဆင့် အဆင့်ဆင့် လုပ်ဆောင်သွားရမည့် ကိစ္စဖြစ်ကြောင်း တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ဂရိတ်ဝေါ ခန်းမ၌ ပြုလုပ်သော (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသား ကွန်ဂရက် အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ချမှတ်ထားသော လမ်းစဉ်တစ်ခု၏ နောက်ဆုံးအဆင့်သည် ရည်မှန်းချက်၏ လမ်းခရီးတစ်ဝက်သာဖြစ်သည်ဟု တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။ ထို့အတူ ပါတီများ အားလုံးရည်မှန်းရာပန်းတိုင်ကို တက်လှမ်းနိုင်ရေး အစွမ်းကုန်ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်က ယခင်အချိန်ကထက် နိုင်ငံကို စစ်မှန်သည့် အားသစ်လောင်းမည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန် ပိုမို စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ ကြီးကျယ်ခမ်းနားသည့် မျှော်လင့်ချက် အိပ်မက်အတွက် ကြီးမားသည့် ကြိုးပမ်းအားထုတ်မှုကို ဆောင်ရွက်ရမည်ဟု ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

### တူရကီ၌ မိုင်းတွင်းပြိုကျမှုကြောင့် အလုပ်သမားခုနစ်ဦးသေဆုံး

**ဒီယာဘာကာ အောက်တိုဘာ ၁၉**

တူရကီအရှေ့ တောင်ပိုင်းပြည်နယ် ဆာနက်ခ်၌ မိုင်းတွင်းပြိုကျမှုကြောင့် မိုင်းတွင်းအလုပ်သမား ခုနစ်ဦး သေဆုံးခဲ့ကြောင်းနှင့်အခြားတစ်ဦး ပျောက်ဆုံးနေကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဘီကာဘော့ဒ်ဒက်ဂျ်က ပြောခဲ့သည်။

ရှာဖွေကယ်ဆယ်ရေး အဖွဲ့များသည် ပျောက်ဆုံးနေသော မိုင်းတွင်း အလုပ်သမားများကို ရှာဖွေနေကြောင်း သိရသည်။ ပြိုကျမှုဖြစ်ပွားခဲ့သည့် မိုင်းတွင်းသည် လုပ်ပိုင်ခွင့်လိုင်စင်မရှိသလို တရား မဝင်လုပ်ကိုင်နေစဉ် ထိုသို့ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တူရကီ စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောခဲ့သည်။

မတော်တဆ ဖြစ်ပွားခဲ့ရာ ဆာနက်ရှိ မိုင်းတွင်းများကို အသက်အန္တရာယ် လုံခြုံရေးစိုးရိမ်ရသောကြောင့် ၂၀၁၃ခုနှစ်ကတည်းက မိုင်းတွင်းရေးရာ အထွေထွေညွှန်ကြားမှုရုံးက ပိတ်သိမ်းခဲ့ကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ် မေလက နိုင်ငံအနောက်ဘက်မြို့ ဆိုမာတွင် ဖြစ်ပွားခဲ့သော မိုင်းတွင်းပြိုကျမှုသည် ကြေကွဲဝမ်းနည်းစရာအကောင်းဆုံး ကိစ္စဖြစ်ကာ မိုင်းတွင်းအလုပ်သမား ၃၀၁ဦးသေဆုံးခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

---

# အားမာန်တစ်ခုဟု ဆိုရမည့် ကမ္ဘာ့ကျော် မဟာတံတိုင်းကြီး (၂)

**တင်လင်းအောင်**

၂၀၁၃ ခုနှစ်တွင် ခရီးသွားဧည့်သည် ၁၀၇၂၀၀၀၀ ခန့်တို့သည် ဘက်တလင်နှင့် မူတီယန်ယူတို့ဘက်မှ ကမ္ဘာ့အံ့ဖွယ်မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပေကျင်းတွင် တည်းခိုနေထိုင်သူများအတွက် မဟာတံတိုင်းကြီးသည် နေ့ခင်းပိုင်း သွားရောက်လည်ပတ်ရာ ပြီးပြည့်စုံသော ဆွဲဆောင်မှုအရှိဆုံး နေရာတစ်ခုဖြစ်သည်။ လေ့လာစရာများဖြင့် ပြည့်နေသည့် ပေကျင်းသို့ သွားရောက်လည်ပတ်မည်ဆိုလျှင် မဟာတံတိုင်းကြီးသို့ သွားရောက်ရန် တစ်ရက်တာ အချိန်ပေးရမည်ဖြစ်သည်။ တောင်တက်သည့် အလေ့အကျင့်ရှိပြီး မိမိကိုယ်ကို ယုံကြည်စိတ်ချသည့်တက်ကြွသော ခရီးသွားများသည် ပေကျင်းမှသွားလျှင် သိပ်မဝေးလှသော ဂျင်ရှုလင်ဘက်မှတက်ရောက်ကြလေ့ရှိကြောင်း သိရသည်။

သို့သော်လည်း မိသားစုလိုက် မဟာတံတိုင်းကြီးပေါ်သို့ လာရောက်လည်ပတ် လေ့လာသူများမှာမူ ပိုမိုလွယ်ကူပြီး သက်သောင့်သက်သာရှိသည့် မူတီယန်ယူဘက်မှ တက်လေ့ရှိကြောင်းသိရသည်။ တစ်မူထူးခြားသည်မှာ ပေါ့ပါးသည့် စွတ်ဖားတစ်မျိုးစီးပြီး မဟာတံတိုင်းကြီး၏အရှေ့ဘက်အစွန်ဆုံးမှ တောင်ခြေအထိ ဆင်းနိုင်သည် ဆိုခြင်းပင်ဖြစ်သည်။ သို့သော်လည်း အကြာကြီး စီးရသည်မဟုတ်ဘဲ သုံးမိနစ်သာသာ လောက်သာကြာကြောင်း သိရသည်။

မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက်ရာတွင် အများဆုံးပေးရသော နှုန်းမှာ တစ်ဦးလျှင် ၄၅ ယွမ် (မြန်မာငွေကျပ် ၉၀၀၀ ခန့်) ဖြစ်လေသည်။ လက်ဆောင်ပစ္စည်းများကိုလည်း မဟာတံတိုင်းကြီးပေါ်တွင် တွေ့ရသည့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များတွင်မဝယ်ဘဲ မဟာတံတိုင်းကြီး အောက်ခြေတွင်ရောင်းသော အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များ တွင်သာ ဈေးမေးပြီး ဝယ်ယူသင့်ကြောင်း အကြံပြုလိုက်ပေသည်။ သို့သော်လည်း ဈေးဆစ်တတ်ဖို့လိုပါသည်။ မျက်နှာချိုချိုဖြင့် အမှတ်တရ ပစ္စည်းများ ရောင်းချသော ဈေးသည်များက ဈေးခေါ်နေသည်မှာ တွေ့ရသည်နှင့် ဝယ်ချင်စရာကောင်းနေပေတော့သည်။

မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက်ရာတွင် မောပန်းလာသည်ဆိုပါက နားခိုရာနေရာများတွင် အပန်းဖြေ အနားယူရင်း မဟာတံတိုင်းကြီး၏ ဖွဲ့စည်းတည်ဆောက်ပုံတို့ကို လေ့လာသင့်လှပေသည်။

မင်မင်းဆက်လက်ထက်က တည်ဆောက်ခဲ့သော လှပသည့် မဟာတံတိုင်းကြီး၏ အစိတ်အပိုင်းသို့ ပေကျင်းမှသွားလျှင် မိုင် ၇၀ သာသာ သာကွာဝေးမည်ဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ထိုကဲ့သို့ လှပသော မဟာတံတိုင်းကြီးပေါ်သို့ ရောက်ရန် ခရီးသွားများအတွက် တောင်တက်ခရီးကို ဆင်နွှဲကြရမည်ဖြစ်သည်။



ပြည်သူ့ သယ်ယူပို့ဆောင်ရေးကို သဘောကျကြိုက်နှစ်သက်သော ခရီးသွားများအတွက် ပထမဆုံး ဒွန်ဆီမန်မှတ်တိုင်သို့သွားရန် လိုအပ်ပေသည်။ ထိုမှတ်တိုင်မှတစ်ဆင့် တစ်နာရီခန့် မှန်လုံအမြန်ယာဉ်စီးပြီး ဟွာရူမှတ်တိုင်သို့ သွားရမည်ဖြစ်သည်။ ထိုမှတစ်ခါ မူတီယန်ယူအဝိုင်းလမ်းဆုံသို့ ရောက်အောင် သွားရမည်ဖြစ်သည်။

မြေအောက်ရထားလိုင်းဖြင့် သွားမည်ဆိုလျှင်လည်း ပေကျင်းအနောက်ဘူတာရုံ၊ ပေကျင်းတောင်ဘူတာရုံနှင့် ပေကျင်းဘူတာရုံတို့မှ ဒွန်ဆီမန်မှတ်တိုင်သို့ ပြောင်းစီးရမည်ဖြစ်သည်။ လေဆိပ်ပို့ဆောင်ရေးမှန်လုံအမြန်ယာဉ်သည် မြို့တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် ဒွန်ဆီမန်ဘူတာရုံသို့ တိုက်ရိုက်ပြေးဆွဲကြောင်း သိရသည်။

မဟာတံတိုင်းကြီးသို့ သွားရောက်တော့မည်ဆိုလျှင် ကားစင်းလုံးငှားခြင်းနှင့် ခရီးသွားဧည့်လမ်းညွှန်များကို ငှားလျှင် အဆင်ပြေကောင်းမွန်ပါသည်။ ခရီးသွားဧည့်လမ်းညွှန်များသည် မထင်မှတ်သော ယာဉ်ကြောကျပ်ခြင်းနှင့် လမ်းပိတ်ခြင်းများကို အလွယ်တကူရှောင်ရှားနိုင်အောင် ကူညီလိမ့်မည်ဖြစ်သည်။ ကားစင်းလုံးငှားခြင်းသည် ခရီးသွားချိန်ကို ချုံ့လိုက်ခြင်းပင်ဖြစ်၍ အချိန်မကုန်ဘဲ မြန်မြန်ဆန်ဆန် ရောက်နိုင်ပေသည်။

တရုတ်နိုင်ငံသည် အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံဖြစ်သည်နှင့်အညီ လာမည့် ၂၀၁၉ အရောက်ဆောင်းရာသီ အိုလံပစ်ပွဲတော်ကျင်းပမည့် ၂၀၂၂ အမီ မဟာတံတိုင်းကြီး၏ ဘက်တလင်အပိုင်း၏ မြေအောက်တစ်နေရာတွင် ကမ္ဘာ့အနက်ဆုံးနှင့် အကြီးဆုံး မြန်နှုန်းမြင့်မီးရထားဘူတာရုံကို တည်ဆောက်ရန်စီစဉ်နေကြောင်း သိရသည်။

မဟာတံတိုင်းကြီးသို့ သွားရာတွင် အားလပ်ရက်ရာသီကို ရှောင်စေချင်ပါသည်။ ပွဲတော်ရက် သို့မဟုတ် အားလပ်ရက်များတွင် သွားရောက်မည်ဆိုပါက ခရီးသွားများ ကြက်ပျံမကျစည်ကားနေသောကြောင့် အေးအေးဆေးဆေး တက်ရောက်လေ့လာ၍ ရမည်မဟုတ်ပါ။ မဟာတံတိုင်းသို့ သွားရောက်မည်ဆိုပါက နံနက် သို့မဟုတ် နေ့လယ်ခင်းအချိန်များတွင် များသောအားဖြင့် ခရီးသွားများဖြင့်စည်ကားနေတတ်သည်။ ညနေဘက်သွားမည်ဆိုပါက လှပသော သဘာဝရှုခင်းများနှင့် နေဝင်ဆည်းဆာကို ခံစားနိုင်မည်ဖြစ်သလို ခရီးသွားများ ကျဲသွားသောကြောင့် စိတ်အေးလက်အေး သွားရောက်လေ့လာနိုင်မည်ဖြစ်သည်။

မဟာတံတိုင်းကြီးသို့ သွားရောက်ရာတွင် အင်္ကျီအထူ၊ လေးလံသော ဖိနပ်များ၊ ခြေညှပ်ဖိနပ်များ၊ ကျပ်သောအဝတ်အထည်များစသည်တို့ကို ဝတ်ဆင်မည့်အစား ပေါ့ပါးချောင်ချိသော အဝတ်အစား၊ ပေါ့ပါးသော လမ်းလျှောက်ဖိနပ်များစီးကာ တက်သင့်သည်။ သို့မှသာ ပေါ့ပေါ့ပါးပါး အေးအေးချမ်းချမ်းတက်၍ရမည် ဖြစ်သည်။

ထို့အတူ ရေဘူးများလည်း ကိုယ်နှင့်တစ်ပါတည်း ယူဆောင်သွားသင့်သည်။ တောင်တက်လမ်းသည် ပင်ပန်းသောကြောင့် လမ်းတစ်ဝက်တွင် ရေဆာနိုင်သည်။ စာရေးသူသည် မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက်ရာတွင် ရေဘူးများ အပိုယူဆောင်သွားသောကြောင့် တောင်တက်လမ်းတစ်ဝက်တွင် မောပန်းနေသော ခရီးသွားများကို ရေကုသိုလ်ပင်လုပ်နိုင်ခဲ့သေးသည်။ ပင်ပန်းပြီး ရေဆာနေသည့်အချိန် ရေတစ်ပေါက်လောက်သောက်လိုက်ရခြင်းသည် ကုန်ခန်းသွားသော အားအင်များ ပြန်ပြည့်လာသလို ခံစားရကာ လန်းဆန်းပေါ့ပါးစေသည်။ စာရေးသူ ရေလှူခဲ့သော တောင်အာဖရိကမှ အမျိုးသားကြီးဆိုလျှင် စာရေးသူကို ကျေးဇူးတင်ကြောင်း စကားအထပ်ထပ်ပြောခဲ့ရှာသလို မျက်လုံးများကလည်း ကျေးဇူးတင်သည့် အရိပ်အယောင်များကို လှစ်ဟပြနေသည်မှာ စာရေးသူအတွက် ပီတိဖြစ်လှပေသည်။

မင်းအဆက်ဆက် တည်ဆောက်ပြုပြင်ခဲ့သော မဟာတံတိုင်းကြီးသည် ရာစုနှစ်ပေါင်းများစွာကို ဖြတ်သန်းလာခဲ့ပြီးနောက် ရာသီဥတုတိုက်စားမှုကို လစဉ်နှစ်ဆက် ခံခဲ့ရကာ တစ်စတစ်စနှင့် အိုဟောင်းနွမ်းကာ အချို့အစိတ်အပိုင်းများ ကြံ့ခိုင်မှုအားနည်းနေသောကြောင့် မဟာတံတိုင်းကြီးသို့ တက်ရာတွင် လှေကားအစွန်များနှင့် နားခိုရာနေရာများရှိ အစွန်အဖျားများသို့ တက်ရောက်ခြင်း မပြုသင့်ပေ။ သို့မဟုတ်ပါက အန္တရာယ်နှင့် ကြုံတွေ့ရနိုင်သည်။ မကြာသေးမီက ပြုလုပ်ခဲ့သော လေ့လာမှုစစ်တမ်းများအရ မဟာတံတိုင်းကြီး၏ ၈ ဒသမ ၂ ရာခိုင်နှုန်းခန့်သည် အကောင်းပကတိအတိုင်း ကျန်ရှိနေသေးကြောင်း သိရသည်။

ယူနက်စကို အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နေရာတစ်ခုသည် ငလျင်ဒဏ်နှင့်မုန်တိုင်းဒဏ်တို့ကို ရင်ဆိုင်ခဲ့ရသော်လည်း ယခုအချိန်အထိ အနိုင်မခံ အရှုံးမပေး၊ ထီးတည်းကြီး မားမားရပ်ကာ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် လောကခံကို ရင်ဆိုင်အန်တုနေသည်ဟု ထင်ရသည်မှာ တွေးကြည့်လိုက်လျှင် ဝီရရသကို ကြက်သီးတဖြန်းဖြန်း ထမတတ်ခံစားရမည်ဖြစ်သည်။

မဟာတံတိုင်းကြီးနားတွင် ထင်ရှားသော စားသောက်ဆိုင်များရှိသည့် နေရာတစ်ခုမှာ Commune by the Great Wall ဖြစ်သည်။ အဆိုပါနေရာသည် စားသောက်ဆိုင်ပေါင်းစုံ၊ ခေတ်မီအဆောက်အအုံ ပေါင်းစုံ၊ သာယာလှပဖွယ်အခင်းအကျင်းများပေါင်းစုံစသည်တို့ကို စုစည်းထားသော နေရာတစ်ခုဖြစ်သည်။ အဆိုပါ အနီးဝန်းကျင်နေရာများတွင် ထင်ရှားသော တရုတ်ရိုးရာ အစားအစာများကို ပျော်ရွှင်စွာသုံးဆောင်နိုင်လေသည်။ ထို့အတူ Terrace Lounge မှလည်း ရှိုက်ဂွမ်တောင်တန်းများကို ငေးမောကြည့်ရှုရင်း သဘာဝအလှတရားများကိုလည်း ခံစားနိုင်သေးသည်။

မဟာတံတိုင်းကြီးအနီးတွင် ရှိသော ဟိုတယ်များသည် ခရီးသွားဧည့်သည်များအတွက် နေ့ခင်းပိုင်းခရီးစဉ်များကို စီစဉ်ပေးကြောင်းသိရသည်။ အဆိုပါ ခရီးစဉ်များသည်လည်း ရိုးရှင်းပြီး နှုန်းသင့်သည့်အပြင် ဘတ်စ်ကားငယ်များဖြင့် သယ်ယူပို့ဆောင်မှုများလည်း ပါဝင်သလို ဧည့်လမ်းညွှန်များလည်း စီစဉ်ပေးကြောင်း သိရသည်။

မဟာတံတိုင်းကြီးသို့ သွားရောက်လည်ပတ်ပြီးပါက ကျောက်မျက်ပြခန်းနှင့် ချန်အုတ်ဂူတို့တွင် ခေတ္တခဏ အနားယူနိုင်သလို၊ ပေကျင်းရှိ နွေရာသီစံနန်း၊ Tiananmen Square နှင့် Temple of Heaven တို့ကို သွားရောက်လည်ပတ်နိုင်သေးသည်။

ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုလျှင် မဟာတံတိုင်းကြီးနားရှိ စားသောက်ဆိုင်များသည် သာမန်အားဖြင့် ဈေးကြီးနေ တတ်ပေသည်။ ထို့ကြောင့် ခရီးသွားများသည် အနီးရှိမြို့လေးများသို့ သွားရောက်ပြီး အဖိုးနှုန်းမှန်ကန်သည့် အရသာရှိလှသော အစားအစာများကို မှန်မှန်ကန်ကန် အားပေးသုံးဆောင်သင့်ပေသည်။ သို့မဟုတ်ပါက မုန့်စသည့် အစားအစာများကို ကြိုတင်ယူဆောင်လာသင့်ပေသည်။ တရုတ်နိုင်ငံရှိ ကမ္ဘာ့အံ့ဖွယ် မဟာတံတိုင်းကြီးသည် ရာသီဥတုနှင့်အချိန် တိုက်စားမှုကြောင့် တဖြည်းဖြည်းချင်း ပျက်စီးလာသည်သာမက လူတို့၏ မဆင်မခြင်မှုကြောင့်လည်း ပျက်စီးခဲ့ကြောင်း သိရသည်။

၂၀၀၆ ခုနှစ်က တရုတ်နိုင်ငံသည် မဟာတံတိုင်းကြီးကို ကာကွယ်ရန် အမိန့်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ မဟာတံတိုင်းကြီးရှိ အုတ် သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို ထိခိုက်အောင် လုပ်မည်ဆိုပါက ဒဏ်ငွေရိုက်ခံရမည်ဖြစ်သည်။ ထို့ကြောင့် မဟာတံတိုင်းကြီးသို့ သွားရောက်မည်ဆိုပါက ဖျက်လိုဖျက်ဆီးမလုပ်မိရန် လိုအပ်လှသည်။

မဟာတံတိုင်းကြီးသို့ ကမ္ဘာ့အရပ်ရပ်မှ အမျိုးမျိုးသောလူများ လာရောက်လည်ပတ်ရုံတင်မက ကမ္ဘာ့ခေါင်းဆောင်များပါ ထူးခြားစွာလာရောက်လည်ပတ်ကြသည်။ ထိုထိုသော လာရောက်လည်ပတ်သူများထဲတွင် အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမားသည်လည်း လွန်ခဲ့သော ၂၀၀၉ ခုနှစ်က အဆိုပါ မဟာတံတိုင်းကြီးသို့ လာရောက်လည်ပတ်ကြောင်း သိရသည်။ ကမ္ဘာ့ကြီးပေါ်၌ ကျွန်ုပ်တို့ အချိန်အကြာကြီး နေထိုင်ကြရမည် မဟုတ်သော်လည်း အကောင်းဆုံး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားက မဟာတံတိုင်းကြီးသို့ တရားဝင်အလည်အပတ် ခရီးစဉ်လာရောက်စဉ်ပြောကြားခဲ့သည်။

အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမားသာမကဘဲ ဘုရင်မကြီး အဲလိဇဘက် (၂) လည်း အဆိုပါ မဟာတံတိုင်းကြီးသို့ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ ထို့အတူ ကမ္ဘာ့ကျော် အားကစားသမား ကိုဘီဘရန့်၊ မိုက်ကယ်ဂျော်ဒန်၊ ရှာကွီလီအိုနီးတို့လည်း မကြာသေးမီက မဟာတံတိုင်းကြီးသို့ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ ထို့အတူ နာမည်ကြီးသရုပ်ဆောင်များဖြစ်သည့် တွမ်ခရုဇ်နှင့် ဂျနီဖာလောရန့်တို့လည်း လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

မည်သို့ပင်ဆိုစေ ကမ္ဘာ့အံ့ဖွယ် ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော မဟာတံတိုင်းကြီးသည် လူသားတို့ ပြုလုပ်ဖန်တီးထားသည့် ကမ္ဘာ့အရှည်ဆုံး တံတိုင်းကြီးဖြစ်ရုံသာမက အရှေ့မှအနောက်သို့ တစ်နံတစ်လျား တည်ဆောက်ထားသည့် ရန်သူကို ခုခံတွန်းလှန်ရာ ကြံ့ခိုင်သည့် စိတ်ဓာတ်တို့ ကိန်းဝပ်ရာ တံတိုင်းကြီးတစ်ခုအဖြစ်လည်း မှတ်သားလေ့လာခဲ့ရပါသည်။ ထို့ကြောင့် စာရေးသူက မဟာတံတိုင်းကြီးကို တံတိုင်းတစ်ခု အားမာန်တစ်ခုဟု ဆိုလိုက်ချင်ပါတော့သည်။

## ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၉၁)

# ဥပဒေနှင့် ကိုယ်ကျင့်သီလ



ဦးဟန်ညွန့် (ဥပဒေ)

**အကျင့်သိက္ခာ**

“ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသော ပညာဖြစ်သည်” [The legal Profession is a Noble Profession] ဟု ရှေ့နေချုပ်ရုံး၏ ဆောင်ပုဒ်အကြောင်းကို ဥပဒေလောကသားများ ဆွေးနွေးကြသည်။ တစ်နေ့တခြား ခေတ်မီတိုးတက်လာသော ဥပဒေရေးရာများအကြောင်း ဆွေးနွေး၍ မကုန်နိုင်။ ပြင်းခုံ၍ မကုန်နိုင်။ တွေးလေပွားလေ။ ပွားလေများလေ။

**ဦးထွန်းကြည်(ယူတီကေ)**

ဥပဒေပညာနှင့် အကျင့်သိက္ခာအကြောင်း ဆွေးနွေးကြရင်း မန္တလေးမြို့မှ တရားလွှတ်တော်ရှေ့နေ ဦးထွန်းကြည် (ယူတီကေ) ရေးသားပြုစုသော “ဥပဒေနှင့် ကိုယ်ကျင့်သီလ” စာအုပ်ကို ဖတ်ရှုမိသည်။ ကိုးကားရည်ညွှန်းသင့်၍ ကောက်နုတ်တင်ပြပါရစေ။ အင်ကြင်းဥယျာဉ်စာပေတိုက်၊ မန္တလေးက ၂၀၁၇ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေသည်။

**လူသားက ယဉ်ကျေးလာတယ်**

“လူသားက ယဉ်ကျေးလာတယ်။ အုပ်ချုပ်သူအစိုးရ ပေါ်ပေါက်လာတယ်။ စည်းကမ်းဥပဒေတွေ ပြဋ္ဌာန်းလာတယ်။ ဘာသာရေးဆိုင်ရာ ဟောပြောပို့ချချက်တွေ ပေါ်ပေါက်လာတယ်။ ရှောင်ရန်အချက်များထဲမှာ “လူသားက အခြားလူသားကို သတ်ခြင်းမပြုရလို့ ပါရှိလာတယ်။ လူသားက အခြားလူသားကို အကြောင်းမဲ့သတ်ရင် တရားမျှတမှုမရှိဘဲ၊ သတ်ရင် ခွင့်လွှတ်စရာအကြောင်းမရှိဘဲ သတ်ရင်ဒီလူသတ်သမားကို “သေစားသေစေ” ဆိုတဲ့ ပြစ်ဒဏ်ချမှတ်လာခဲ့တယ်။

မျက်စိကို မျက်စိနဲ့ (An eye for an eye)။ သွားကို သွားနဲ့ (A tooth for a tooth)။ လူ့အသက်ကို လူ့အသက်နဲ့ (A life for a life) ပေးလျော်စေတဲ့ ပြစ်ဒဏ်ဟာ (သေဒဏ်) ဖြစ်တယ်။ မသေမချင်းလည်ပင်းကြိုးကွင်းစွပ်ပြီး သတ်တယ်။ (ကြိုးပေးတယ်)။ သေနတ်နဲ့ ပစ်သတ်တယ်။ ဆေးထိုးသတ်တယ်။ လျှပ်စစ်ကုလားထိုင်နဲ့ သတ်တယ်စသည့် နည်းလမ်းတွေ သုံးလာတယ်။

“လူက လူကိုသတ်တာကို (Homicide)ခေါ်တယ်။ Latin အားဖြင့် (Homo)ဆိုတာ (man);(cido)ဆိုတာ (cut) ဖြစ်တယ်။ လူတစ်ယောက်ရဲ့ပြုလုပ်မှု (Act) ကြောင့် အခြား လူတစ်ယောက်သေသွားတဲ့အခါ လူသေစေမှု (Homicide) ခေါ်ပါတယ်။ လူသေစေမှုကို နှစ်မျိုးခွဲခြားပါတယ်” ဟု အစချီပြီး **ဦးထွန်းကြည်က “ဥပဒေနှင့် ကိုယ်ကျင့်သီလ”** ကို နိဒါန်းပျိုး ပါသည်။

မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာတရားအလျောက် လူသားတစ်ဦးမပြုလုပ်ရမည့် အပြုအမူများကို ဟောပြောသည်။ ပြဋ္ဌာန်းသည်။ ဤမူသဘောကို ဥပဒေနှင့် ကိုယ်ကျင့်သီလတွင် ဖတ်ရသည်။

**ငါးပါးသီလ**

ဗုဒ္ဓဘာသာဝင်များအတွက် ငါးပါးသီလကို စောင့်ထိန်းခြင်းသည် အခြေခံအကျဆုံးတရားဓမ္မကို လိုက်နာခြင်းဖြစ်သည်။ ဘာသာအသီးသီးကလည်း တားမြစ်ပိတ်ပင်ချက်များရှိသည်။ နိုင်ငံ၏ ဥပဒေပြုအဖွဲ့အစည်းများက ဥပဒေပြဋ္ဌာန်းကြသည်။ ဖောက်ဖျက်ကျူးလွန်မှုများအား ကြီးလေးသော ပြစ်ဒဏ်၊ ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်ကြသည်။ ငါးပါးသီလသည် ခန္ဓာကိုယ်ထိပါးခြင်းအတွက် အကာအကွယ်တစ်မျိုးဟု မှတ်ယူသင့်သည်။ ရာဇသတ်ကြီး ပြဋ္ဌာန်းချက်များ အတော်များများသည် ငါးပါးသီလနှင့် ဆက်စပ်နှီးနွယ်နေပေသည်။ အခြားသော ဘာသာများသည်လည်း ကွဲပြားမှုရှိမည် မထင်။




**ကာမဆိုင်ရာ ပြစ်မှု**

(က) ပြုလုပ်မှု (ACTION)
(ခ) ပြုစဉ်အခြေအနေ (CONDITIONS)
(ဂ) အပြုခံရသူ၏ အသက် (AGE OF FEMALE)
(ဃ) ကင်းလွတ်ခွင့် (EXCEPTION)
(င) ပြစ်ဒဏ် (PUNISHMENT) များသည်

ကာမဆိုင်ရာပြစ်မှု မြောက်စေသော အချက်များဖြစ်ကြောင်း ဖော်ပြထားသည်။ **(စာ-၆၄)**

**ဥပဒေအရ နစ်နာခြင်း**

ဥပဒေကြောင်းအရ လူသားတိုင်းမှာ မိမိ၏ ကိုယ်ပိုင် ပစ္စည်းနှင့် စပ်လျဉ်း၍-

(က) ကိုယ်ခန္ဓာ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်
(ခ) စိတ်ချမ်းသာစွာနေထိုင်ခွင့်
(ဂ) မိမိဂုဏ်သရေကို ထိန်းသိမ်းခွင့်
(ဃ) ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်တို့ရှိသည်။

ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို အစိုးရက ဖြစ်စေ၊ ပြည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ မထိပါးရ။ ဥပဒေအရ နစ်နာခြင်း (Injury) မြောက်သည်။ ဥပဒေအရ နစ်နာစေမှုတွင် အမှန်တကယ်နစ်နာခြင်း (Actual Damage)၊ ဥပဒေအရ နစ်နာခြင်း (Legal Damage)တို့ ရှိနိုင်သည်။ ရာဇဝတ်၊ တရားမကြောင်းများဖြင့် အရေးယူခံရနိုင်သည်။ **(စာ-၇၆)**

**သဘောတူညီချက်**

ပဋိညာဉ်အကြောင်း၊ ကမ်းလှမ်းချက်အကြောင်း၊ ဥပဒေသဘောတူညီချက်တစ်ရပ်သည် ဥပဒေကအတည်ပြုမပေးနိုင်လျှင် ပျက်ပြယ်သော သဘောတူညီချက် (Void Agreement) ဖြစ်သွားကြောင်း၊ တရားဥပဒေက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်ပေးခွင့် (Enforceable by Law)ရှိကြောင်း ဥပမာဥပမေယျများဖြင့် ရှင်းလင်းတင်ပြထားသည်။

**အမွေဆက်ခံရေး အခြေခံသဘောတရား**

လူတစ်ယောက်သေလျှင် အမွေစားအမွေခံကိစ္စဆောင်ရွက်ရသည်။ အမွေဆက်ခံခွင့်အခွင့်အရေးကို ဘယ်သူကမျှ ရုပ်ဆိုင်း၊ ဆိုင်းငံ့ခွင့်မရှိပါ။ ဤအခွင့်အရေးကို ရုပ်သိမ်းပယ်ဖျက်၍မရပါ။ သေခါနီးဆဲဆဲ ပေးကမ်းခြင်း၊ သေတမ်းစာကိစ္စ၊ အမွေရှင်ကိစ္စ၊ သဘောတူညီချက်အရေးကြီးပုံများ အကြောင်းလည်း ဥပမာများနှင့် ဦးထွန်းကြည်က ရှင်းပြထားပါသည်။

**တရားမမှုများ**

တရားမသေးမှု (အထွေထွေမှု)၊ တရားမဇာရီမှု၊ တရားမပထမအယူခံမှု၊ တရားမဒုတိယအယူခံမှု၊ တရားမတတိယအယူခံမှု၊ တရားမအထွေထွေအယူခံမှု၊ တရားမပြင်ဆင်မှု၊ တရားမ ပြန်လည်သုံးသပ်ပေးစေလိုမှု၊ တရားမ အထွေထွေလျှောက်လွှာ(အထူး)၊ တရားမ အထူးအယူခံမှုများအကြောင်း၊ အမွေမှုတစ်မှု၏ လမ်းကြောင်း**(စာ-၁၅၅)**တို့ကို ဖော်ပြထားပါသည်။

**ရှေ့နေထက် အမှုသည်သွက်၏ (၁) (၂) (၃)**

ဘာတွေလုပ်ရမလဲ။ ကြိုတင်ပြင်ဆင်ခြင်း၊ သက်သေများစစ်မေးခြင်း၊ စွဲချက်တင်ခြင်း၊ အပြစ်ပေးခြင်းများ၊ Plan (A) (B) (C) (D)၊ အပြီးသတ်လျှောက်လဲချက် (Final Argument)အကြောင်းများပါ ဆွေးနွေးထားသည်။ ရှေ့နေထက် အမှုသည်က သွက်လက်ပုံ၊ အကွက်မြင်ပုံ ဖော်ပြထားသေးသည်။ နမူနာယူစရာပါ။

**တရားဥပဒေဆိုတာ**

“တရားဥပဒေဆိုတာ “ရေ” လို” ခွက်ပေါ်တည်ပြီး ပုံသဏ္ဌာန်အမျိုးမျိုး(စက်ဝိုင်း၊ တြိဂံ၊ လေးထောင့်)ဖြစ်သင့်ပါသလား။ တရားဥပဒေကို ကိုင်တွယ်တဲ့ ပုဂ္ဂိုလ်များရဲ့ အရှိန်အဝါကြောင့် “ရေ” ဟာ အရည်ဖြစ်လိုက်၊ အစိုင်အခဲ(ရေခဲတုံး) ဖြစ်လိုက်၊ အခိုးအငွေ့(ရေငွေ့)ဖြစ်လိုက် ဖြစ်သင့်ပါသလား။

“ပြည်သူများ ဆင်ခြင်စဉ်းစားနိုင်ဖို့ ဖြစ်ပျက်ခဲ့တဲ့ မှုခင်းကလေးတွေကို တိုတိုရှင်းရှင်းရေးပြီး တင်ပြလိုက်ပါတယ်”ဟု **(စာ -၁၆၉)** တွင် ဖော်ပြရေးသားထားပါသည်။

**ပြန်လည်သုံးသပ်၊ ထိန်းချုပ်ဖို့လို**

တရားဥပဒေစိုးမိုးရေးကို ထိပါးစေသော ဤလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြန်လည်သုံးသပ်ထိန်းချုပ်ရန် လိုအပ်ကြောင်း-

(က) ဖမ်းဆီးစဉ်မှာ လွှတ်ခဲ့၊ ဖမ်းခဲ့တာတွေ (မှန်၊ မမှန်)
(ခ) ဖမ်းခဲ့တဲ့ လူတွေအပေါ်လွှတ်၊ တရားစွဲတင်တာတွေ (မှန်၊ မမှန်)
(ဂ) တရားရုံးက တရားရှင်၊ တရားသေလွှတ်တာ၊ ထောင်ချတာ (မှန်၊ မမှန်)
(ဃ) ထောင်ချပေမယ့် ထောင်၊ အကျဉ်း၊ ရဲဘက်က အမှန်တကယ်ချုပ်နှောင်ခြင်း (ရှိ၊ မရှိ)
(င) ဒီနိုင်ငံက သေဒဏ်ချပေမယ့် တကယ် မသတ်ပါဘူးလို့ ပြောနေတာ (မှန်၊ မမှန်)
(စ) ငါနဲ့ငါ့လူတွေ ဘာလုပ်လုပ်အရေးမယူရဆိုတဲ့ အမိန့် (မှန်၊ မမှန်)
(ဆ) ဒီရာဇဝတ်မှုကြီးကို (မဖော်ထုတ်ကြပါနဲ့)ဆိုတဲ့ အမိန့်ကြီး (မှန်၊ မမှန်)
(ဇ) ငါ၊ ငါ့လူ၊ ငါ့အဖွဲ့ဝင်အပေါ် ဥပဒေမသက်ရောက်စေရဆိုတာမှန်၊ မမှန်၊ ကောင်း၊ မကောင်း၊ တရား၊ မတရားစဉ်းစားကြပါစို့။ **(စာ-၁၇၃)** ဟု ရေးသားဖော်ပြသည်။

**မန္တလေးမြို့က ရှေ့နေကြီးများ**

၁၉၄၈-၆၂၊ တရားလွှတ်တော်ရှေ့နေ
၁၉၆၂-၇၄၊ တရားရုံးချုပ် ရှေ့နေ
၁၉၇၄-၈၈၊ ဗဟိုတရားရုံးရှေ့နေ
၁၉၈၈-၂၀၁၁၊ တရားရုံးချုပ်ရှေ့နေ

၂၀၁၁မှ ယနေ့အထိ၊ တရားလွှတ်တော်ရှေ့နေ ဟု အခေါ်အဝေါ် ပြောင်းလဲခဲ့သည်။

မန္တလေးမြို့တွင် ၁၉၅၀ ပြည့်နှစ်ကတည်းက MBA ကို စတင်တည်ထောင်သည်။ အမှုဆောင်အဖွဲ့ရှိသည်။ အသင်းဝင်ရှေ့နေကြီးများ ၃၅၁ ဦး ရှိသည်။ မစ္စတာဘို့စ်၊ မစ္စတာဗားမား၊ မစ္စတာ ကေဆင်း၊ မစ္စတာ အာဇင်း၊ မစ္စတာမိုဟန်၊ မစ္စတာ ဂန်ဂူလီ၊ မစ္စတာ ဒတ်၊ ပုလဲခင်စသည့် နိုင်ငံခြားသားအမည် ရှေ့နေကြီးများ ရှိခဲ့သည်။

တရားလွှတ်တော်ရှေ့နေကြီး ဦးမြစိန်၊ ဦးထွန်းဝေ၊ ဦးတင်မောင်နှင့်တကွ ဦးလှညွှန့်၊ ဦးမြတ်ခ၊ ဦးသိန်းဖေ၊ ဦးထွန်းဖေ၊ ဦးခင်မောင်၊ ဦးဘသောင်းတင်၊ ဦးဘသော်၊ ဦးညွှန့်မြိုင်၊ ဦးကံမြိုင်၊ ဦးဘငွေ၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးဟန်၊ မစ္စတာမိုဟန်၊ ဦးမောင်လေး၊ ဦးတင်အောင်၊ ဦးမောင်မောင်ကြီး၊ ဦးသာမြ၊ ဦးထွေး၊ ဦးကျော်ကျော်ဝင်း၊ ဦးမင်းဦး စသည့် ရှေ့နေကြီးများ။ အချို့ကွယ်လွန်၊ အချို့ပြောင်းရွှေ့ အချို့နေမကောင်း၊ မကျန်းမာ။ အချို့မျက်စိမမြင်။ နားထိုင်း။ လမ်းမလျှောက်နိုင်စသည်။ ဇရာ၏ဒဏ်ခံနေရရှာပြီ။ မျိုးဆက်သစ်ရှေ့နေများအစားထိုးကြပါပြီ။ ကိုယ်ကျင့် သီလဆက်လက် ထိန်းသိမ်းလျက်ရှိပါသည်။ မန္တလေး သိက္ခာမကျစေရပါ။

**ဘဝစုံသော ယူတီကေ (ဦးထွန်းကြည်)**

အမည်ရင်း ဦးထွန်းကြည်၊ ကလောင်အမည် UTK သည် ဘဝစုံသည်။ အလုပ်မျိုးစုံလုပ်သည်။ မြင်းခြံဇာတိ။ ပြည်သူ့ရေးရာအရာရှိသင်တန်း (အောင်ဆန်း-၇)တက်ခဲ့သည်။ စာရေးသူက အောင်ဆန်း-၆ ပါ။ အောင်ဆန်း(၆)နှင့် (၇)မှာ ညီအစ်ကို ဥပဒေတရားသင်တန်းသားများ ဖြစ်ကြပါ၏။ ဖောင်ကြီးသင်တန်းမှာအတူတူ။ အလုပ်ထဲရောက်သည့်အခါတွင်လည်း အတူတူ။ စာတွေရေး၊ ဆောင်းပါးတွေရေး၊ တရားဥပဒေအသိပညာပေးကြသည့်အခါမှာလည်း အတူတူပါ။ ဥပဒေနှင့် ကိုယ်ကျင့်သီလ ထိန်းကြရာမှာလည်း အတူတူပါ။ ပြည်သူနှင့် အတူဖြစ်ဖို့ ဆက်ကြိုးပမ်းရဦးမှာပါ။

**စေတနာ**

(၁) ငါးပါးသီလကို အခြေခံဆောက်တည်သူများအားလုံးအတွက် ဥပဒေနှင့် ကိုယ်ကျင့်သီလဟူသည် အစဉ်အမြဲဒွန်တွဲဆောက်တည်ကြရမည်သာ ဖြစ်ပါပေသည်။
(၂) ကိုယ်ကျင့်သီလ ဆောက်တည်ကြလျက် တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ကြပါစို့ဟု ယူတီကေ ဦးထွန်းကြည်၏ **ဥပဒေနှင့် ကိုယ်ကျင့်သီလ**စာအုပ်ကို ဖတ်ရှုရင်းတွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ**…**။

**ငါးပါးသီလသည် ခန္ဓာကိုယ်ထိပါးခြင်းအတွက် အကာအကွယ်တစ်မျိုးဟု မှတ်ယူသင့်သည်။ ရာဇသတ်ကြီး ပြဋ္ဌာန်းချက်များ အတော်များများသည် ငါးပါးသီလနှင့် ဆက်စပ်နှီးနွယ်နေပေသည်။ အခြားသော ဘာသာများသည်လည်း ကွဲပြားမှုရှိမည်မထင်**

---

## နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း အသိပေးဆွေးနွေး

**ဟားခါး အောက်တိုဘာ ၁၉**

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း(၂၀၁၇) ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်က ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးဌာနမှူး ဒေါက်တာ ဒေါ်နှင်းပပခိုင်က ဂျပန်ဦးနှောက်ရောင်ရောဂါ၏ ရောဂါလက္ခဏာများ၊ ရောဂါကူးစက်ပုံနည်းလမ်းများနှင့် တစ်ကမ္ဘာလုံးတွင် ရောဂါဖြစ်ပွားမှု အခြေအနေစသည့်အကြောင်းအရာများကို ရှင်းလင်းပြီး ပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံပေးမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံး၌ နိုဝင်ဘာလတွင် ကျောင်းအခြေပြုကာကွယ်ဆေး ထိုးနှံပေးခြင်းအစီအစဉ်ဖြင့်လည်းကောင်း၊ ဒီဇင်ဘာလတွင် ပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးနှံပေးခြင်းအစီအစဉ်ဖြင့်လည်းကောင်း အသက် ၉ လမှ ၁၅ နှစ်အတွင်းရှိ ကလေးငယ်များကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး

— ကျော်လှအောင် —

အောက်တိုဘာလ ၁၃ ရက်နေ့သည် 'အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ပါးရေးနေ့' (International Day For Disaster Reducation) ဖြစ်သည်။ တစ်ကမ္ဘာလုံးရှိ နိုင်ငံများသည် နှစ်စဉ်သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို တိုးမြှင့်ပူးပေါင်းဆောင်ရွက်ကြရန် ကမ္ဘာ့ကုလသမဂ္ဂ (United Naitions) က တိုက်တွန်းထားပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေများ လျှော့ချနိုင်ရေးဆောင်ရွက်မှုဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ပြန့်စွာဆောင်ရွက်ရမည့် ကိစ္စရပ်များ၌ ဘေးအန္တရာယ်များ၏ ထိခိုက်မှုများကို ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ရှောင်ရှားနိုင်ရန်(သို့မဟုတ်) ဘေးအန္တရာယ်များ လျှော့ချစေခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို လျှော့ချနိုင်သမျှ လျှော့ချနိုင်စေရန်ဖြစ်နိုင်ခြေများကို ထည့်သွင်းဆောင်ရွက်မှုများ ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

**ကြီးမားသောလူမှုဘေးဒုက္ခ**

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အဘိဓာန်အဆိုအမိန့်များမှာ တိကျသော အဓိပ္ပာယ်သတ်မှတ်မှုအားနည်းလျက် အဓိပ္ပာယ်ဖွင့်ဆိုသူများသည် ကွဲပြားသော အဓိပ္ပာယ်များဖွင့်ဆိုကြပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့မှာ ကြီးမားသော ပျက်စီးဆုံးရှုံးမှုကိုဖြစ်စေသော ရုတ်တရက်ပေါ်ပေါက်သည့် ဘေးဒုက္ခဟူ၍လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှုကျယ်ပြန့်စွာ ဖြစ်ပေါ်စေသည့် ဖြစ်ပျက်မှုဟူ၍လည်းကောင်း၊ ငြင်းပယ်၍မရသော သဘာဝဖြစ်စဉ်မှတစ်ဆင့် လူသားများကို ထိခိုက်ပျက်စီးဆုံးရှုံးစေသည့် ကြီးမားသော လူမှုဘေးဒုက္ခဟူ၍လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။

လူအများသည် တောမီးလောင်ခြင်းများ၊ မုန်တိုင်းဘေး၊ ရေလွှမ်းမိုးမှုဘေး၊ မြေငလျင်ဘေး၊ မိုးခေါင်မှုဘေး၊ ဆူနာမီနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏကြုံတွေ့၍ နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်ကျော်လွှားဖြေရှင်းနေရပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ (၁၉၇၈ ခုနှစ်)ခန့်မှစ၍ ကမ္ဘာပေါ်တွင် မိုးလေဝသဆိုင်ရာ ဘေးဒုက္ခများမှာ အကြိမ်နှုန်းနှင့် ပြင်းထန်မှုပိုမိုမြင့်တက်လာပြီး လူမှုရေး၊ စီးပွားရေး၊ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ကြီးမားစွာ ပျက်စီးဆုံးရှုံးမှုကို ခံစားနေရပါသည်။

မိုးလေဝသပညာရှင်များက သစ်တောများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုသည် ရာသီဥတုကို လျင်မြန်စွာ ပြောင်းလဲစေခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း ပြောကြားထားသည်။ ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာမှုသည်ကမ္ဘာကြီးပူနွေးလာသည့် အကျိုးဆက်တစ်ရပ်ဖြစ်ပြီး ပြင်းထန်သော အယ်နီညိုနှင့် လာနီညာ သဘာဝဖြစ်စဉ်များကို ဖြစ်ပေါ်စေသည့် အကြောင်းတရားများ ဖြစ်ပါသည်။ ယင်းအယ်နီညိုနှင့် လာနီညာဖြစ်စဉ်များသည် ကမ္ဘာ့ရာသီဥတုနှင့် သမုဒ္ဒရာဆက်နွယ်ပြောင်းလဲမှု အချိန်ဇယားအရ သုံး၊ လေးနှစ်လျှင် နှစ်ကြိမ်ဖြစ်ပေါ်စေပါသည်။

**ရေများပူနွေးလာ**

ဒေသပတ်ဝန်းကျင်စောင့်ကြည့်ရေးအဖွဲ့ (Eco Waste Coaltion)က အယ်လ်နီညို(Elnino)၏ အဓိပ္ပာယ်မှာ 'လူငယ်လေး'ဖြစ်ပြီး စပိန်ဘာသာအားဖြင့် 'ခရစ်တော်ပေါက်စ' ဟု ခေါ်သည်။ ၁၆၀၀ ပြည့်နှစ်က ဤရာသီဥတုကို တောင်အမေရိကမှ တံငါသည်များက သတိပြုမိခဲ့ကြသည်။ (ပစိဖိတ်သမုဒ္ဒရာတွင်း၌ ရေများသည် ထုံးစံမဟုတ်ဘဲ ပူနွေးလာ၍ ဖြစ်သည်။) ဤရာသီဥတုသည် ဒီဇင်ဘာပတ်ဝန်းကျင်၌ ဖြစ်ပေါ်လေ့ရှိသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေများပူနွေးလာပြီး အရှေ့မှ အနောက်သို့တိုက်ခတ်သည့် လေများနှင့်အတူ ရေနွေးပူများမှာ ဩစတြေးလျနှင့် အင်ဒိုနီးရှားသို့ ရောက်ရှိလာတတ်သည်။ ပစိဖိတ်သမုဒ္ဒရာအရှေ့ဘက်၌ ရေအပူချိန် ၄ ဒီဂရီစင်တီဂရိတ်အထိ ပုံမှန်ထက်ပိုမြင့်နေတတ်သည်။

ကမ္ဘာကြီးမှာ ယခုဖြစ်နေသော သဘာဝဘေးအန္တရာယ်အချို့ကတော့ လူ့ပယောဂနှင့် တစ်နည်းနည်းဖြင့် သွယ်ဝိုက်ဆက်စပ်နေပါသည်။ ဥပမာ သစ်တောများမှ သစ်များအလွန်အကျွံထုတ်ယူမှု၊ စက်ရုံ အလုပ်ရုံများမှ ကာဗွန်မီးခိုးထွက်ရှိမှုများပြားလာသောကြောင့် ကမ္ဘာ့အိုဇုန်းလွှာပါးလွှာလာခြင်း၊ နေရောင်ခြည်၏အပူရှိန် ပြင်းထန်စွာ ကျရောက်လာခြင်းတို့ကြောင့် ကမ္ဘာကြီးပူနွေးမှု (Global Warming) ဖြစ်ပေါ်လာပါသည်။ မြောက်ဝင်ရိုးစွန်းက ရေခဲတောင်များ အရည်ပျော်လာနေ၍ ဂေဟာစနစ်ပျက်စီးလာပြီး၊ နောက်ဆက်တွဲအနေဖြင့် ရာသီဥတုပြောင်းလဲ(Climate Change)လာပါသည်။ သစ်ပင် သစ်တောများပြုန်းတီး၍ မြေဆီလွှာများခန်းခြောက်ကာ ရေတိုက်စား၍ သစ်ပင်များက ရေကိုမထိန်းသိမ်းနိုင်တော့သဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ ရေလျှံလာသကဲ့သို့ မိုးများ၍ တောင်ကျရေများ အရှိန်ပြင်းစွာ ဒလဟောစီးဆင်းလာသဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များမှာ ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်လာပါသည်။

မြို့များတွင် ရေကြီးရေလျှံမှုများမဖြစ်အောင် အင်ဂျင်နီယာနည်းပညာ(Geotechnology)နှင့် မြစ်များကို ဘေးတိုက်တိုးချဲ့၍ အမှိုက်များကိုဖယ်ရှားကာ မြစ်ကြမ်းခင်းကို အနက်တူး၍ မြစ်ရေမကြီးအောင် ထိန်းသိမ်းခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မြို့များ စတင်တည်ဆောက်ကတည်းကပင် ရေထိန်းသိမ်းမှုများအတွက် မြို့ပြဆိုင်ရာ အခြေခံအဆောက်အအုံများကို ကြိုတင်တွက်ချက်စီမံ၍ စနစ်တကျ တည်ဆောက်နိုင်ပါသည်။

**ကြိုတင်ပြုလုပ်ပြီး ကာကွယ်နိုင်**

သို့ဖြစ်၍ ရာသီဥတုအခြေအနေ၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်သော သတင်းအချက်အလက် (Data) များကို အထူးဂရုစိုက်ရပါမည်။ သတင်းအရ လိုအပ်လျှင် ချက်ချင်းလက်ငင်း သက်ဆိုင်ရာ အာဏာပိုင်များနှင့်အတူ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၊ တပ်မတော်၊ ရဲတပ်ဖွဲ့၊ INGOs ၊ NGOs ၊ ပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းများ ၊ ကြက်ခြေနီ(Red Cross)၊ မီးသတ်တပ်ဖွဲ့ဝင်များ အားလုံးဝိုင်းဝန်းပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် အစီအမံ(Movement)၊ စီမံချက်(Plan)များ ချမှတ်ရမည်။ သဘာဝဘေးအန္တရာယ်ကို မတားဆီးနိုင်သော်လည်း လျော့နည်းအောင်(Reduction) ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြိုတင်ပြုလုပ်ပြီး ကာကွယ်နိုင်ပါသည်။

မိုးလေဝသနှင့် ဇလဗေဒဌာနမှ ထုတ်ပြန်ပေးသည့် သတင်းများကို အထူးဂရုစိုက်သင့်ပါသည်။ မိမိနိုင်ငံအတွက် အန္တရာယ်မရှိလျှင် 'မုန်တိုင်းသတင်း'ဟု ကြေညာပြီး မိမိနိုင်ငံအတွက် အန္တရာယ်ရှိသည့် သတင်းဆိုလျှင် 'မုန်တိုင်းသတိပေးချက်'ဟု ကြေညာပါသည်။ သတိပေးချက်များမှာ အရောင်ငါးမျိုးခွဲထားပါသည်။ အဝါရောင်ဆိုလျှင် ပင်လယ်ထဲမှ မုန်တိုင်းစပြီလို့ သတိပေးတာဖြစ်သည်။(အန္တရာယ်မရှိသေးပါ)။ လိမ္မော်ရောင်ဆိုလျှင် ပင်လယ်ထဲမှာဖြစ်ပေါ်နေသော မုန်တိုင်းသည် မိမိနိုင်ငံဘက်သို့ ရွေ့လျားလာနေသည်ဟု ဆိုခြင်းဖြစ်သည်။ အန္တရာယ် စတင်ဖြစ်လာပြီး ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရန် လိုအပ်ပါသည်။ အနီရောင်ဆိုလျှင် မုန်တိုင်းဝင်ရောက်ရန် ၁၂ နာရီသာ လိုအပ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အလျင်အမြန် ရွှေ့ပြောင်းနိုင်ရန် စီစဉ်ရမည်။ အညိုရောင်ဆိုလျှင် မုန်တိုင်းဝင်ရောက်နေပြီဖြစ်ပါသည်။ အစိမ်းရောင်ဆိုလျှင် မုန်တိုင်းအားလျော့ပျက်ပြယ်သွားပြီဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် မိုးလေဝသနှင့် ဇလဗေဒဌာနက ကြေညာသည့် မုန်တိုင်းသတိပေးချက်များ၏ အဓိပ္ပာယ်ကို နားလည်ထားဖို့ အရေးကြီးပါသည်။ မုန်တိုင်းမတိုက်ခင် လုပ်သင့်တာများကို လုပ်ထားရမည်။ လမ်းရှာထားရမည်။ မုန်တိုင်းဖြစ်လာလျှင် ဘယ်နေရာသို့ ရှောင်ပြေးရမည်ကို မိသားစုနှင့် ပတ်ဝန်းကျင်နေသူများ သိရှိအောင် ဆောင်ရွက်ထားရမည်။

**စောင့်ကြပ်ကြည့်ရှု**

နိုင်ငံတော်ကလည်း သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်သိရှိနိုင်သည့် မြေငလျင်တိုင်းတာသည့်စက်များ၊ မိုးလေဝသတိုင်းတာသည့် စက်များ၊ မြစ်ရေကြီးမှုများကို ကြိုတင်သိရှိနိုင်သည့် စက်များနှင့် ရေဒါများ စသည်တို့ကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တပ်ဆင်သွားရမည်ဖြစ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာ အာဏာပိုင်များ၊ ပြည်သူလူထု၊ လူမှု/မြို့ပြ အဖွဲ့အစည်း (Social/Civil Society)များနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်း၍ ဆည်မြောင်း/တာတမံများတွင် ရေကြီးမှုနှင့် ဆည်တာတမံ ကျိုးပေါက်မှုများမရှိစေရန် ရေကင်းများချကာ အသင့်အနေအထားဖြင့် စောင့်ကြပ်ကြည့်ရှုရမည်။

အကယ်၍ ဆည်မြောင်းတာတမံများ ကျိုးပေါက်ပါက ရေခွဲ ခွဲ၍ ကာကွယ်ခြင်း၊ တာတမံများ နိမ့်သောနေရာများ၌ မြစ်ရေမကျော်စေရန်အတွက် သဲအိတ်များဆင့်ကာ ကာကွယ်ခြင်းနှင့် တာတမံများအားလုံး တာအိ၊ တာလျော့ မဖြစ်စေရန်နှင့် ပိုမိုတောင့်တင်းခိုင်မာစေရန် ထုပ်တန်းများရိုက်၍ သဲအိတ်များဖြင့်ဖြည့်ကာ ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် မိုးလေဝသအခြေအနေ၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက ထုတ်ပြန်သည့် သတင်းများအရ မိုးသည်းထန်စွာရွာသွန်းသည့် အခြေအနေအရပ်ရပ်ကို ကြိုတင်လေ့လာသုံးသပ်၍ သတ်မှတ်ရေလှောင်ပမာဏမပြည့်မီ ရေပိုလွှဲများမှရေများကို လိုအပ်ပါက ကြိုတင်ထုတ်လွှတ်သင့်ပါသည်။ ၎င်းအပြင် ရေများပြန်လည်ကျဆင်းပြီးနောက် ဆည်မြောင်းတာတမံများကို စစ်ဆေး၍ ရေပေါက်နေရာများရှိပါက ရေပေါက်နေရာများ၌ တာတမံကိုတူး၍ ရေပေါက်များပိတ်ဆို့ခြင်း၊ တာတမံရှေ့မှ ထုပ်တန်းများရိုက်၍ သဲအိတ်များဖြည့်ကာ အခိုင်အမာဖြစ်အောင် ပြန်လည်ပြုပြင်ခြင်းတို့ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ဘေးအန္တရာယ်အများစုသည် မမျှော်လင့်ဘဲ ဖြစ်တတ်ပါသည်။ ကြိုတင်ပြင်ဆင်မှုဖြင့် ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းသက်သာစေနိုင်ပါသည်။ ကြိုတင်ပြင်ဆင်မှုအတွက် ငွေတစ်ကျပ် ရင်းနှီးမြှုပ်နှံပါက ပြန်လည်တည်ထောင်ရာတွင် ကုန်ကျမည့် ငွေခုနစ်ကျပ်ကို သက်သာစေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် (Disaster Risk Reduction) များကို အထူးအလေးပေးဆောင်ရွက်ရန် အရေးကြီးပါသည်။ ထို့အပြင် ၂၀၁၆-၂၀၁၇ တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျှော့ချရေး နည်းဗျူဟာအဖွဲ့ (UN-ISDR)က သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေ လျှော့ချရေးအစ စာသင်ကျောင်းက (Disaster Risk Reduction Beginning at School) ဟူသော ဆောင်ပုဒ်ဖြင့် ကြွေးကြော်၍ ဘေးကင်းလုံခြုံပြီး ခုခံနိုင်စွမ်းရှိသည့် စာသင်ကျောင်းဖြစ်ရေးအတွက် စည်းရုံးနှိုးဆော်ခဲ့ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဘေးအန္တရာယ်ကို ခုခံကာကွယ်နိုင်စွမ်းအနည်းဆုံး(The Most Vulnerable Persons)များ ဖြစ်သော်လည်း သဘာဝဘေးအန္တရာယ် လျှော့နည်းရေးအစီအစဉ်တွင် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ပေးပါက တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

**ချက်ချင်းတုံ့ပြန်ဆောင်ရွက်**

ထို့ကြောင့် အခြေခံပညာအဆင့် သင်ရိုးထဲတွင် ဘေးအန္တရာယ်လျှော့ချရေး ဗဟုသုတသင်ခန်းစာ (Skillful Lesson)များ ပြဋ္ဌာန်းထည့်သွင်းရန်၊ ဘေးအန္တရာယ်ခံနိုင်ရန် ပိုမိုခိုင်မာသည့် ကျောင်းဒီဇိုင်းပုံစံကို ရေးဆွဲပြင်ဆင်ဆောက်လုပ်ခြင်းနှင့် ပိုမိုခိုင်မာတောင့်တင်းမှုကို မြှင့်တင်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများသည် ပိုမိုဘေးကင်းလုံခြုံပြီး ခုခံနိုင်စွမ်းပိုမိုမြင့်မားကာ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် အိမ်ရှိ မိဘမောင်နှမများနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းများ၊ သက်တူရွယ်တူ ကလေးများကိုလည်း ဘေးအန္တရာယ်လျှော့ချရေး အသိဗဟုသုတများကို လက်ဆင့်ကမ်းနိုင်သူများ ဖြစ်လာမည်ဖြစ်ပါသည်။ ပညာရေးသည် ဗဟုသုတဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်သည်။ ပညာရေးနှင့် အသိပညာဗဟုသုတများသည် လူတို့၏ အသက်များကို ကယ်တင်နိုင်ပါသည်။ (Education and Knowledge have the Power to Save Lives)။ ဥပမာအနေဖြင့် အင်္ဂလန်နိုင်ငံမှ ကျောင်းသူတစ်ဦးသည် မိဘများနှင့်အတူ ၂၀၀၄ ခုနှစ်က ထိုင်းနိုင်ငံ ဖူးခက်အပန်းဖြေစခန်းသို့ ရောက်ရှိလည်ပတ်စဉ် ပင်လယ်ရေအောက်ကြမ်းပြင်ကိုဗဟိုပြု၍ ငလျင်လှုပ်ခတ်ခဲ့ရာ သူ၏ကျောင်းမှ ပထဝီဆရာသင်ကြားပေးထားသော အသိပညာများကြောင့် ဆူနာမီဖြစ်ပွားတော့မည်ကို ကြိုတင်သိရှိခဲ့သဖြင့် သူနှင့် ၎င်း၏မိသားစုအပါအဝင် လူ ၁၀၀ ခန့်က ဘေးကင်းလုံခြုံသောနေရာသို့ အချိန်မီရှောင်တိမ်းနိုင်ပြီး အသက်ချမ်းသာမှုရရှိခဲ့ပါသည်။

မြေငလျင်သည် ကြိုတင်ခန့်မှန်း၍မရနိုင်သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းတွင် မြေငလျင်နှင့်ပတ်သက်သည့် အသိပညာများရှိရန် လိုအပ်ပြီး ငလျင်လှုပ်ချိန်တွင် အန္တရာယ်မှ အကာအကွယ်ယူတတ်စေရန်အတွက် ငလျင်လေ့ကျင့်ခန်း(Earthquake Drill Exercise)ဖြစ်သော ထိုင်ချ (Drop)၊ ခိုလှုံ (Cover)၊ ငြိမ်နေ(Hold)ဟူသော လေ့ကျင့်ခန်း၏ အဆင့်များကို မြန်နိုင်သမျှမြန်မြန် လုပ်နိုင်အောင် လေ့ကျင့်ထားရန် လိုအပ်သည်။ ငလျင်စလှုပ်လျှင်လှုပ်ခြင်း ထိုင်ချ(လက်နှစ်ဖက်ဦးခေါင်းပေါ်တင်ပြီး)၊ ခိုလှုံ(စားပွဲ၊ ထိုင်ခုံ၊ ခုတင်တစ်ခုခုအောက်တွင်)ပြီး ငလျင်မရပ်မချင်း ငြိမ်နေရမည်။ ငလျင်ရပ်သွားမှသာ ထိုင်နေရာမှ ကွင်းပြင်ရှိရာသို့ အမြန် တိမ်းရှောင်ထွက်ခွာသင့်သည်။ ဥပမာအနေဖြင့် ငလျင်အတွက် ကြိုတင်လေ့ကျင့်ထားမှုကြောင့် အီတလီနိုင်ငံ အစ်ချီးယားမြို့လေးအနီးတွင် ငလျင်လှုပ်ခဲ့စဉ်က ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်သော ကလေးများ အသက်ရှင်လွတ်မြောက်နိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကိုလည်း ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ထားပြီးဖြစ်သောကြောင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို ကြိုတင်ဖွဲ့စည်းထားကာ လူသားချင်းစာနာထောက်ထားမှု(Humanitarian Assitance)အကူအညီများနှင့်ကယ်ဆယ်ရေး(Relief) လုပ်ငန်းများ ချက်ချင်းလက်ငင်း တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းကာ ကြိုတင်၍ စုပေါင်းသရုပ်ပြလေ့ကျင့်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ပြည်သူများအား သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဗဟုသုတများကို ပညာပေးခြင်း(ဥပမာ-လက်ကမ်းစာစောင်များဝေငှခြင်း) များကို ကြိုတင်ပြုလုပ်သင့်ပါသည်။ ထို့အပြင် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ(ဥပမာ-အသက်ကယ်လှေများ၊ အသက်ကယ်အင်္ကျီများ၊ ဗောကွင်း၊ ကြိုးများ)ကို ကြိုတင်စုဆောင်း ဝေငှထားသင့်ပါသည်။

**ကြိုတင်စုဆောင်းထား**

ကုန်းမြင့်နေရာများနှင့် သင့်တော်သည့်နေရာများတွင် ကယ်ဆယ်ရေးစခန်း(အဆောက်အအုံ)များ ကြိုတင်တည်ဆောက်ထားပြီး လိုအပ်သည့်အချိန်တွင် ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ထားခြင်း၊ စားနပ်ရိက္ခာများနှင့် သောက်သုံးရေများကိုလည်း ကြိုတင်စုဆောင်းထားခြင်း၊ အိမ်သာများကိုလည်း ကျား/မခွဲ၍ ဆောက်လုပ်ထားခြင်းများကို ပြုလုပ်ထားရမည်။ ရာသီဥတုအခြေအနေနှင့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အပေါ်မူတည်၍ လိုအပ်ပါက ပြည်သူပြည်သားများကို ကယ်ဆယ်ရေးစခန်းများသို့ ဆောလျင်စွာ ကြိုတင်ပြောင်းရွှေ့ထားရမည်ဖြစ်ပါသည်။

ပြည်သူများအနေဖြင့်လည်း မိုးလေဝသတင်းများကို အထူးဂရုစိုက်၍ မိုးလေဝသအခြေအနေအပေါ်မူတည်ပြီး ဆေးများ၊ ရေဒီယို၊ ဓာတ်မီး၊ အသင့်စားသောက်နိုင်သည့် အစားအသောက်များ၊ အရေးကြီး စာရွက်စာတမ်းများ၊ ရွှေ ငွေများကို ကြိုတင်စုဆောင်း၍ ရေလုံအောင် လုံခြုံစွာ ထုပ်ပိုးထားခြင်း၊ လိုအပ်၍ နေအိမ်မှ ထွက်ခွာလျှင် နေအိမ်တံခါး၊ ပြတင်းပေါက်များကို သေချာလုံခြုံစွာ ပိတ်ထားခဲ့ခြင်း၊ လျှပ်စစ် (မီးခလုတ်များ)အားလုံး ပိတ်ထားခဲ့ခြင်းများ ပြုလုပ်ခဲ့ရမည်ဖြစ်ပါသည်။ မိမိ၏ ကျွဲ၊ နွား၊ ဆိတ်အစရှိသည့် တိရစ္ဆာန်များကိုလည်း လိုအပ်သလို ကြိုတင်ပြောင်းရွှေ့ထားသင့်ပါသည်။

အထူးသဖြင့် သဘာဝအန္တရာယ်ကျရောက်နိုင်သောဒေသများတွင် သက်ဆိုင်ရာကျန်းမာရေးဌာနများက ပြည်သူများအား အရေးပေါ်အခြေအနေတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားပြီး လျှပ်စစ်နှင့် မီးသတ်ဌာနများကလည်း လျှပ်စစ်နှင့် မီးဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။ ထို့အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က လိုအပ်သော လုံခြုံရေးအစီအမံများကို ကြိုတင်ရေးဆွဲပြင်ဆင်ထားခြင်း၊ အရေးပေါ်အခြေအနေများတွင် ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ ကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုံခြုံရေးအတွက် ကင်းလှည့်ပေးခြင်း၊ လုံခြုံရေးချထားပေးခြင်း စသည့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်များသည် နေရာဒေသမရွေး၊ အချိန်ကာလမရွေး၊ ဆင်းရဲချမ်းသာ ခွဲခြားသတ်မှတ်ထားခြင်းမရှိဘဲ အရာရာအားလုံးအပေါ် တစ်ပြေးညီ ကျရောက်တတ်သည့်အတွက် သဘာဝဘေးအန္တရာယ်လျှော့ပါးရေး လုပ်ငန်းများသည် အားလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ကြောင်းလက်ခံပြီး ကြိုတင်ပြင်ဆင်၍ မိမိဒေသများကို သဘာဝဘေးအန္တရာယ်ခုခံနိုင်စွမ်းအားမြှင့်တင်ထားရန်လိုအပ်ပါသည်။

**ကြိုတင်သတိပေးစနစ်**

အတိတ်မှရရှိခဲ့သော သင်ခန်းစာများအရ သဘာဝဘေးအန္တရာယ်များကို မည်သို့ကြိုတင်ကာကွယ်ရမည်၊ ပြင်ဆင်ရမည်နှင့် တုံ့ပြန်ရမည်ကို သိရှိထားကြပြီဖြစ်သည်။ ယခုအခါ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် ကြိုတင်သတိပေးစနစ်များမှတစ်ဆင့် သဘာဝဘေးကြောင့်ဖြစ်သော သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းစေရန် ကြိုတင်ခန့်မှန်းချက်နှင့် ကိန်းဂဏန်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်။

ယင်းအချက်များကို ကြည့်ပါက ကြံ့ကြံ့ခံနိုင်ပြီး အလိုက်သင့်၊ အလျားသင့် နေထိုင်တတ်သည့် လူ့အဖွဲ့အစည်းများကို တည်ဆောက်ခြင်းသည် 'သဘာဝဘေး'ကဲ့သို့သော စိန်ခေါ်မှုများအတွက် အထိရောက်ဆုံးသော မဟာဗျူဟာ ဖြစ်ပါသည်။ စိန်ခေါ်မှုများအတွက် မိမိတို့၏ချဉ်းကပ်မှုများကို ကန့်သတ်ထားမည့်အစား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ခံနိုင်ရည်ရှိသော လူ့အဖွဲ့အစည်းများကို ပျိုးထောင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဆောင်ရွက်သင့်ပေသည်။

သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲရန် မရနိုင်သော်လည်း သတိတရားနှင့် ကာကွယ်နိုင်ကြမည်ဖြစ်ပါသည်။ ပြည်သူများကို ကြီးမားစွာ နစ်နာဆုံးရှုံးထိခိုက်မှုဖြစ်စေပြီး တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနှောင့်နှေးစေမည့် သဘာဝဘေးအန္တရာယ်ကို အချိန်မနှောင်းမီ ကြိုတင်ကာကွယ်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လျက် တာဝန်ရှိသူများနှင့် ပြည်သူများအားလုံး ဆောလျင်စွာပူးပေါင်း၍ စည်းလုံး ကျစ်လျစ်သော တုံ့ပြန်မှုတစ်ရပ်ဖော်ဆောင်ရန် အချိန်ကျရောက်ပြီဖြစ်၍ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြပါရန် စေတနာမေတ္တာတရားဖြင့် အကြံပြုတင်ပြအပ်ပါသည်။ ။

# ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားဟု ခေါ်ဆိုနိုင်သောသူ (သို့) ဒီဘရူနီ

**ဒီနှစ်ရာသီမှာသာ မန်စီးတီးအသင်းနဲ့အတူ ဒီဘရူနီသာရှိမနေဘူးဆိုရင် ဘာတွေဖြစ်နိုင်လဲ။ ဘာဖြစ်နိုင်တယ်ဆိုတာဟာ ဘယ်သူမှတိအကျမပြောနိုင်ပေမယ့် ဒီဘရူနီရဲ့အခန်းကဏ္ဍဟာ မန်စီးတီးအသင်းအတွက် အရေးပါလွန်းတယ်ဆိုတာကို လူတိုင်းသိထားတာတော့အမှန်ပါ။ ချယ်လ်ဆီးနဲ့ပွဲကိုပဲကြည့်။ မန်စီးတီးရဲ့အရေးပါတဲ့ တိုက်စစ်မှူး အဂူရိုကွန်ပါနေးတို့မပါဘူး။ ဒါပေမယ့် မန်စီးတီးအသင်းရဲ့ ကစားပုံဟာ အကောင်းဆုံးရှိခဲ့တယ်ဆိုတာ မြင်သာထင်သာရှိတယ်။ အဲဒီပွဲမှာသာ ဒီဘရူနီမကစားနိုင်ဘူးဆိုရင် မန်စီးတီးအသင်း အတွက် နိုင်ပွဲပျောက်သွားနိုင်တယ်ဆိုတာကတော့ အသေအချာပဲ။ အသင်းအတွက် အနိုင်ဂိုးကို ဒီဘရူနီက သွင်းယူပေးခဲ့တာလည်းဖြစ်တယ်။**

### ခြေစွမ်းခြေစ

ကစားသမားကောင်းတွေရဲ့မှတ်ကျောက်က ပွဲကျပ်တွေဖြစ်တယ်။ ကစားသမားကောင်းတွေဟာ ခက်ခဲတဲ့ပြိုင်ပွဲတိုင်းမှာ သူတို့ရဲ့ အစွမ်းအစတွေကို အမြဲတမ်းထုတ်ပြနိုင်လေ့ရှိတယ်။ ဒီဘရူနီက ဒီလိုအခက်အခဲတွေကြားမှာ ခြေစွမ်းတွေပြပြီး အကောင်းဆုံးကစားထားနိုင်သူဖြစ်တယ်။ ဒီဘရူနီရဲ့စွမ်းဆောင်မှုဟာ ပြီးခဲ့တဲ့ရာသီက ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ် နှစ်ကျော့စလုံး ရှုံးနိမ့်ခဲ့တဲ့ မန်စီးတီးအသင်းအတွက် ဒီနိုင်ပွဲဟာကျေနပ် နှစ်သက်စရာလည်း ဖြစ်တယ်။ ဒါကြောင့်လည်း လက်ရှိအချိန်မှာတော့ ဒီဘရူနီဟာ ပရီမီယာလိဂ်ရဲ့အကောင်းဆုံးကစားသမားလို့တောင်ပြောရမယ်။




စနေနေ့ညက ကစားခဲ့တဲ့ စတုတ်အသင်းနဲ့ပွဲကိုကြည့်ရင်လည်း သူ့ရဲ့အကောင်းဆုံးခြေစွမ်းကို တွေ့မြင်နိုင်တယ်။ သူဟာ မန်စီးတီးအသင်းကို ၇-၂ နဲ့ အကောင်းဆုံးအနိုင်ရရှိအောင် စွမ်းဆောင်ပေးခဲ့တယ်။ သူ့ရဲ့လိမ္မာပါးနပ်မှု၊ ဖန်တီးနိုင်စွမ်းအားကောင်းမှု၊ စတုတ်အသင်းရဲ့ ခံစစ်ကို အကောင်းဆုံးထိုးဖောက်နိုင်မှုတွေကလည်း အံ့သြချီးကျူးစရာ ကောင်းလောက်အောင် တော်လွန်းတယ်။ အဲဒီပွဲမှာ အကောင်းဆုံးဘောလုံးပေးပို့မှုတွေနဲ့အတူ ဂိုးရရှိအောင် နှစ်ကြိမ်တောင် လုပ်ဆောင်ပေးခဲ့တယ်။ သူဟာ မန်စီးတီးအသင်းကစားသမားတွေကို အကောင်းဆုံးကူညီပေးနိုင်ခဲ့ရုံသာမက စတုတ်ခံစစ်မှူးတွေကိုလည်း ကောင်းကောင်းဒုက္ခပေးနိုင်ခဲ့တယ်။

### ဖန်တီးနိုင်စွမ်းအားကောင်းသူ

ဒီဘရူနီဟာ မန်စီးတီးအသင်းကို ၂၀၁၅-၁၆ ရာသီမှာရောက်လာခဲ့တယ်။ သူဟာ မန်စီးတီးအသင်းကို ရောက်ရှိခဲ့ပြီးတဲ့နောက်ပိုင်း ပရီမီယာလိဂ်မှာ ဂိုးရရှိအောင် ၃၂ ကြိမ် ပံ့ပိုးပေးထားနိုင်ခဲ့တယ်။ ဒါဟာ ၂၀၁၅-၁၆ ရာသီနောက်ပိုင်း ပရီမီယာလိဂ်မှာတော့ သူလောက် ဂိုးရရှိဖို့အတွက် ပံ့ပိုးပေးနိုင်တဲ့ကစားသမားမရှိဘူးလို့ ပြောရမယ်။ သူဟာမန်စီးတီးအသင်းနဲ့အတူ ပြိုင်ပွဲစုံမှာ ပွဲ ၁၀၀ ကျော် ကစားထားပြီး ဂိုးရရှိဖို့အတွက် ပံ့ပိုးမှုစုစုပေါင်း ၃၈ ကြိမ်ရှိပြီး စုစုပေါင်းသွင်းဂိုးက ၂၅ ဂိုးရှိတယ်။

ဒီဘရူနီဟာအသင်းကို အခက်အခဲအကျပ်အတည်းတွေကြားကနေ ဆွဲထုတ်နိုင်ခဲ့တဲ့ အကြိမ်အရေအတွက်ကလည်း မနည်းဘူး။ ရှက်တာဒိုးနက်စ်နဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲကိုပဲကြည့်။ အဲဒီပွဲမှာ မန်စီးတီးအသင်းဟာ ပထမပိုင်းမှာ ကစားပုံက သိပ်မကောင်းခဲ့ဘူး။ ဒါပေမယ့် ဒုတိယပိုင်းမှာတော့ ဒီဘရူနီဟာ ကိုက် ၂၀ အကွာကနေ အသင်းအတွက် အဖွင့်ဂိုးကို လှလှပပကန်သွင်းနိုင်ခဲ့တယ်။ စတုတ်အသင်းနဲ့ပွဲမှာဆိုရင်လည်း သူဟာ ဂါဘရီရယ်ဂျီးဇက် ဂိုးသွင်းယူနိုင်ဖို့ အကောင်းဆုံးဖန်တီးပေးနိုင်ခဲ့တာဖြစ်သလို ဖာနန်ဒင်ညို ဂိုးသွင်းယူနိုင်ဖို့အတွက် ဖာဘီယန်ဒဲဖ်က ပံ့ပိုးပေးနိုင်အောင်လည်း သူကပဲ လုပ်ဆောင်ပေးခဲ့တာဖြစ်တယ်။ ဆာနေးသွင်းယူနိုင်ခဲ့တဲ့ဂိုးဆိုရင်လည်း သူဟာ စတုတ်ကစားသမားတွေကြားကနေ ခက်ခက်ခဲခဲပြေးဆွဲလာခဲ့ပြီ ဆာနေးကို ဂိုးသွင်းယူနိုင်ဖို့အတွက် ပံ့ပိုးပေးခဲ့တာဖြစ်ပါတယ်။

### အစားထိုးနိုင်ဖို့ခက်ခဲသူ

ဒီဘရူနီဟာ မန်စီးတီးအသင်းရဲ့ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် သတ်မှတ်နိုင်သလို အသင်းရဲ့ အလွှမ်းမိုးနိုင်ဆုံးကစားသမားတစ်ဦးလို့လဲပြောရမှာပါ။ မန်စီးတီးအသင်းမှာ အခုလို ရပ်တည်နိုင်တာကတော့ ရှားလွန်းတယ်လို့ ပြောရမှာပါ။ ဘာဖြစ်လို့လည်းဆိုရင် မန်စီးတီးအသင်းဟာ အခြားအသင်းတွေထက် ကစားသမားအင်အားတောင့်တင်းမှုရှိတာကြောင့် ဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ကစားသမားတစ်ဦးရဲ့နေရာမှာ အခြားကစားသမားတစ်ဦးကို အလွယ်တကူအစားထိုးနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဒေးဗစ်ဆေးလ်ဗားရဲ့နေရာမှာ ဗာနာဒိုဆေးလ်ဗားရှိသလို အဂူရိုနေရာအတွက် ဂါဘရီရယ်ဂျီးဇက်စ်ရှိပါတယ်။ ဒါပေမယ့် ဒီဘရူနီရဲ့ နေရာအတွက်တော့ အစားထိုးနိုင်မယ့်သူမရှိပါဘူး။ အရှင်းပြောရမယ်ဆိုရင် ပရီမီယာလိဂ်မှာ ဒီဘရူနီရဲ့နေရာကို အစားထိုးနိုင်တဲ့ ကစားသမားမရှိဘူးလို့တောင် ပြောနိုင်ပါတယ်။ တချို့ကတော့ အဲရစ်ဆင်၊ အလီ၊ ပေါ့ဂ်ဘာနဲ့ ဟာဇက်တို့ဟာ ဒီဘရူနီနဲ့ အဆင့်တူရှိနေတဲ့ ကစားသမားများအဖြစ် ငြင်းချက်ထုတ်နိုင်ပါတယ်။ ဒါပေမယ့် အဲ့ဒီကစားသမားတွေဟာ ဒီဘရူနီလို စဉ်ဆက်မပြတ်တိုးတက်မှုမရှိသလို ပြိုင်ပွဲကြီးတွေမှာ ခြေစွမ်းပြကစားနိုင်ခြင်းမရှိတာကိုတွေ့ရမှာပါ။ ဒါကြောင့်လည်း လက်ရှိအချိန်ခြေစွမ်းတွေအရတော့ ဒီဘရူနီရဲ့နေရာကို အစားထိုးနိုင်တဲ့ ပရီမီယာလိဂ်ကစားသမားမရှိဘူးဆိုတာကတော့ အမှန်တရားလို့ ပြောရမှာပါ။

ပြောင်းလဲမှုတွေနဲ့ အမြဲတမ်းပြည့်နှက်နေတဲ့ ဘောလုံးလောကကြီးမှာက ဘာမဆိုဖြစ်နိုင်တယ်ဆိုတာကလည်း ငြင်းလို့မရတဲ့အရာပါ။ ဒါပေမယ့် လက်ရှိအခြေအနေနဲ့ အချိန်အခါအရတော့ ဒီဘရူနီဟာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားအဖြစ် ခေါ် ဆိုနိုင်သောသူလို့သာ ဆိုလိုက်ချင်ပါတယ်။

**အောင်က**

# စပါးအသင်း မန်နေဂျာ ပိုချက်တီနိုအား ဂျေမီရက်နက် ချီးကျူး

ပရီမီယာလိဂ်ကလပ် စပါးအသင်းမန်နေဂျာ ပိုချက်တီနိုသည် ရီးရဲမက်ဒရစ် အသင်းနည်းပြအဖြစ် တာဝန်ယူရန်လုံလောက်သည့် အရည်အချင်းရှိသူဖြစ်ကြောင်း အင်္ဂလန်နှင့် စပါးအသင်း ကွင်းလယ်ကစားသမားဟောင်း ဂျေမီရက်နက်က ချီးကျူးပြောဆိုလိုက်သည်။




ပြီးခဲ့သည့် အောက်တိုဘာ ၁၇ ရက်တွင် ဘာနေဗျူးကွင်း၌ ရီးရဲမက်ဒရစ်နှင့် စပါးအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သော ချန်ပီယံလိဂ်အုပ်စုပွဲအပြီးတွင် ကွင်းလယ်ကစားသမားဟောင်း ဂျေမီရက်နက်က ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားလူမျိုး မန်နေဂျာ ပိုချက်တီနို (၄၅နှစ်)သည် စပိန်ကလပ် အက်စ်ပန်ညိုအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်သည်။ မန်နေဂျာ ပိုချက်တီနိုနှင့် စပါးအသင်းတို့ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်သည်။

နာမည်ကျော်မန်နေဂျာတစ်ဦးဖြစ်သူ ဟယ်ရီရက်နက်၏ သားဖြစ်သူ ဂျေမီရက်နက်က “လူတိုင်းက မန်နေဂျာ ပိုချက်တီနိုအကြောင်းကို ပြောနေကြပါတယ်။ သူဟာ လက်ရှိအချိန်မှာ အကောင်းဆုံးအနေအထားတစ်ခုမှာ ရှိနေတယ်။ ပိုချက်တီနိုအနေနဲ့ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်ကလပ်ကိုမဆို တာဝန်ယူနိုင်စွမ်းရှိပါတယ်။ စပါးအသင်းမှာ ပိုချက်တီနိုရှိနေခြင်းဟာ စပါးအတွက် အလွန့်အလွန် ကံကောင်းမှုတစ်ခုပါပဲ။ စပါးအသင်းဟာ ကမ္ဘာ့အကောင်းဆုံးနည်းပြတွေအနက်က တစ်ဦးကို ပိုင်ဆိုင်ထားတာပါ။ လူတွေက စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ရီးရဲအသင်းကို ရောက်နိုင်တယ်လို့ ပြောနေကြတယ်။ ဒါပေမယ့် ပိုချက်တီနိုလို နည်းပြမျိုးအနေနဲ့လည်း ရီးရဲအသင်းကို တာဝန်ယူနိုင်တဲ့ နည်းပြဖြစ်ပါတယ်။ တစ်ချိန်ချိန်မှာ ဒီအကြောင်းနဲ့ပတ်သက်ပြီး လူတွေ ပြောလာကြလိမ့်မယ်ဆိုတာကို ကျွန်တော် ယုံကြည်ထားတယ်”ဟု ပြောဆိုခဲ့သည်။

စပါးအသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုပွဲသုံးပွဲကစားပြီးချိန်၌ ဒေါ့မွန်နှင့် အေပိုးလ်အသင်းတို့ ကို အနိုင်ရရှိထားကာ ရီးရဲကို သရေကစားထားနိုင်ခဲ့ပြီး ရှုံးပွဲမရှိသေးပေ။

**ထက်အောင်**

## Ballon d'Or ဆုရရှိခဲ့ပါက ပီအက်စ်ဂျီအသင်းထံမှ နေမာ ဆုကြေးရမည်

ဘရာဇီးတိုက်စစ်မှူး နေမာသည် ၂၀၁၇ ခုနှစ် Ballo n d'Or ဆု ရရှိခဲ့ပါက ပီအက်စ်ဂျီအသင်းထံမှ ဆုကြေးငွေအဖြစ် ယူရိုသုံးသန်းရရှိမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသား ဖော်ပြထားသည်။

အသက် ၂၅ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး နေမာသည် ပြီးခဲ့သည့် ဩဂုတ်လအစောပိုင်းတွင် ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ၂၀၂၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။ တိုက်စစ်မှူး နေမာနှင့် ပီအက်စ်ဂျီအသင်းတို့ ချုပ်ဆိုခဲ့သည့် စာချုပ်တွင် စာချုပ်သက်တမ်းကာလအတွင်း တိုက်စစ်မှူး နေမာအနေဖြင့် Ballon d'Or ဆုရရှိသည့် အကြိမ်တိုင်း ပီအက်စ်ဂျီအသင်းထံမှ ဆုကြေးငွေ ယူရိုသုံးသန်းရရှိမည် ဆိုသည့်အချက်ကို ထည့်သွင်းချုပ်ဆိုထားသည်။

၂၀၁၇ ခုနှစ် Ballon d'Or ဆု အတွက် ဆန်ခါတင် ကစားသမား ၃၀ စာရင်းကို ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး တိုက်စစ်မှူး နေမာသည် အဆိုပါ ဆန်ခါတင်ကစားသမား ၃၀ စာရင်းတွင် ပါဝင်နေသည်။ ၂၀၁၇ ခုနှစ် Ballon d'Or ဆုရရှိသူကို လာမည့်ဒီဇင်ဘာ ၆ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

တိုက်စစ်မှူး နေမာသည် Ballon d'Or ဆုအား ဆွတ်ခူးနိုင်ဖူးခြင်း မရှိသေးသူဖြစ်သည်။ ၂၀၁၅ ခုနှစ် Ballon d'Or ဆုအတွက် နောက်ဆုံးဆန်ခါတင်သုံးဦး စာရင်းတွင် နေမာသည် ခရစ္စတီယာနိုရော်နယ်ဒို၊ မက်ဆီတို့နှင့်အတူ ပါဝင်ခွင့်ရခဲ့သော်လည်း ဆုရရှိခြင်းမရှိဘဲ တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ၂၀၁၆ ခုနှစ် Ballon d'Or ဆုကို ရီးရဲမက်ဒရစ်နှင့် ပေါ်တူဂီကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုက ဆွတ်ခူးခဲ့သည်။

**ထက်အောင်**

## ရီးရဲအသင်း ပစ်မှတ်ထားသည့် ကစားသမားစာရင်းတွင် ရက်ချ်ဖို့ဒ် ပါဝင်လာ




စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းသည် လာမည့်နွေရာသီဈေးကွက်ကာလအတွင်း ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ကစားသမားစာရင်းတွင် မန်ယူ လူငယ်တိုက်စစ်မှူး မားကပ်စ်ရက်ချ်ဖို့ဒ်အား ထည့်သွင်းထားကြောင်း စပိန်အားကစားမဂ္ဂဇင်းတစ်စောင်တွင် ရေးသားဖော်ပြထားသည်။

ရီးရဲမက်ဒရစ်အသင်းသည် စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းအား ခေါ်ယူရန် အဓိကပစ်မှတ်ထားနေပြီး အကယ်၍ ဟယ်ရီကိန်းအား ခေါ်ယူနိုင်ခြင်းမရှိခဲ့ပါက Plan B အဖြစ် အင်္ဂလန်လူငယ်တိုက်စစ်မှူး ရက်ချ်ဖို့ဒ်ကို ခေါ်ယူရေးပြောင်းလဲကြိုးစားရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု စပိန်အားကစားမဂ္ဂဇင်း Don Balon တွင် ရေးသားထားသည်။ ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရင်တီနိုပီရက်ဇ်သည် တိုက်စစ်မှူး ရက်ချ်ဖို့ဒ်၏ ပရိသတ်တစ်ဦးဖြစ်ပြီး ရီးရဲအသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သူ ခရစ္စတီယာနိုရော်နယ်ဒိုကလည်း ရီးရဲသို့ တိုက်စစ်မှူး ရက်ချ်ဖို့ဒ်အား ခေါ်ယူရေးကို ထောက်ခံထားသည်ဟုဆိုသည်။ မန်ယူကစားသမားဟောင်းတစ်ဦးဖြစ်သူ ရော်နယ်ဒိုက တိုက်စစ်မှူးရက်ချ်ဖို့ဒ်သည် အနာဂတ်တွင် ကမ္ဘာ့အဆင့်ကစားသမားတစ်ဦးဖြစ်လာမည်ဟု ယုံကြည်ထားသည်။

စပါးအသင်းတာဝန်ရှိသူများက တိုက်စစ်မှူး ဟယ်ရီကိန်းအပါအဝင် အသင်း၏ အဓိကကစားသမားများအား ရောင်းချသွားမည်မဟုတ်ဟု ပြောဆိုထားခြင်းကြောင့် ရီးရဲအသင်းအနေဖြင့် ဟယ်ရီကိန်းအား ခေါ်ယူနိုင်ရေးအတွက် အခက်အခဲများရှိနေသည်။ ရီးရဲအသင်းသို့ ဟယ်ရီကိန်း ရောက်ရှိလာမည်ဆိုပါက အသင်း၏ ပွဲထွက်စာရင်းတွင် ဟယ်ရီကိန်းနှင့် ဘင်ဇီမာတို့အား အလှည့်ကျသာ အသုံးပြုနိုင်မည် ဖြစ်ပြီး ရက်ချ်ဖို့ဒ်အား ခေါ်ယူနိုင်မည်ဆိုပါက ဘင်ဇီမာကို ပွဲထွက်စာရင်းမှ ချန်လှပ်ရန် ဖိအားရှိလာမည်မဟုတ်ပေ။

အသက် ၁၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရက်ချ်ဖို့ဒ်သည် မန်ယူအသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။ တိုက်စစ်မှူး ရက်ချ်ဖို့ဒ်သည် မန်ယူအသင်းအတွက် စုစုပေါင်း ၈၃ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၂၄ ဂိုးသွင်းယူထားသူဖြစ်သည်။

**ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ်(၉)

| | |
|---|---|
| **သောကြာနေ့ (၂၀-၁၀-၁၇)** | |
| နံနက် ၁း၃၀ (စနေနံနက်) | ဝက်စ်ဟမ်း - ဘရိုက်တန် |
| **စနေနေ့ (၂၁-၁၀-၁၇)** | |
| ည ၆း၀၀ | ချယ်လ်ဆီး - ဝက်ဖို့ဒ် |
| ည ၈း၃၀ | ဟက်ဒါဖီးလ် - မန်ယူ |
| ည ၈း၃၀ | မန်စီးတီး - ဘန်လေ |
| ည ၈း၃၀ | နယူးကာဆယ် - ပဲလေ့စ် |
| ည ၈း၃၀ | စတုတ် - ဘုန်းမောက် |
| ည ၈း၃၀ | ဆွမ်ဆီး - လက်စတာ |
| ည ၁၁း၀၀ | ဆောက်သမ်တန် - ဝက်စ်ဘရွန်း |
| **တနင်္ဂနွေနေ့ (၂၂-၁၀-၁၇)** | |
| ည ၇း၀၀ | အဲဗာတန် - အာဆင်နယ် |
| ည ၉း၃၀ | စပါး - လီဗာပူး |

## စပိန်လာလီဂါပွဲစဉ်(၉)

| | |
|---|---|
| **စနေနေ့ (၂၁-၁၀-၁၇)** | |
| ညနေ ၅း၃၀ | လီဗန်တေး - ဂီတာဖေး |
| ည ၈း၄၅ | ဘက်တစ် - အလာဗက်စ် |
| ည ၁၁း၀၀ | ဗလင်စီယာ - ဆီဗီးလာ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | ဘာစီလိုနာ - မာလာဂါ |
| **တနင်္ဂနွေနေ့ (၂၂-၁၀-၁၇)** | |
| ညနေ ၄း၃၀ | ဗီလာရီးရဲ - လက်ပဲလ်မက်စ် |
| ည ၈း၄၅ | ဆယ်တာဗီဂို - အက်သလက် |
| ည ၁၁း၀၀ | လီဂါနက်စ် - ဘီလ်ဘာအို |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | ရီးရဲ - အီဘာ |
| **တနင်္လာနေ့ (၂၃-၁၀-၁၇)** | |
| နံနက် ၀၀း၃၀ (အင်္ဂါနံနက်) | ဆိုစီဒက်စ် - အက်စပန်ညို |
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | ဒီပို့တီဗို - ဂျီရိုနာ |

## စီးရီးအေပွဲစဉ်(၉)

| | |
|---|---|
| **စနေနေ့ (၂၁-၁၀-၁၇)** | |
| ည ၁၀း၃၀ | ဆမ်ဒိုးရီးယား - ခရိုတိုနီ |
| နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) | နာပိုလီ - အင်တာ |
| **တနင်္ဂနွေနေ့ (၂၂-၁၀-၁၇)** | |
| ညနေ ၅း၀၀ | ခီယေဗို - ဗီရိုနာ |
| ည ၇း၃၀ | အတ္တလန္တာ - ဘလော့ညာ |
| ည ၇း၃၀ | ဘီနီဗန်တို - ဖီအိုရင်တီးနား |
| ည ၇း၃၀ | မီလန် - ဂျီနိုအာ |
| ည ၇း၃၀ | SPAL - ဆာစူအိုလို |
| ည ၇း၃၀ | တိုရီနို - ရိုးမား |
| ည ၁၀း၃၀ | အူဒီးနီးစ် - ဂျူဗင်တပ် |
| နံနက် ၁း၁၅ (တနင်္လာနံနက်) | လာဇီယို - ကက်ဂလီယာရီ |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)

| | |
|---|---|
| **သောကြာနေ့ (၂၀-၁၀-၁၇)** | |
| နံနက် ၁း၀၀ (စနေနံနက်) | ရှော်လ်ကေး - မိန့်ဇ် |
| **စနေနေ့ (၂၁-၁၀-၁၇)** | |
| ည ၈း၀၀ | လိုက်ပဇစ် - စတုဂတ် |
| ည ၈း၀၀ | ဂလာဘတ် - လေဗာကူဆင် |
| ည ၈း၀၀ | ဖရန့်ဖွတ် - ဒေါ့မွန် |
| ည ၈း၀၀ | အော့ဘတ် - ဟန်နိုဗာ |
| ည ၁၁း၀၀ | ဟမ်းဘတ် - ဘိုင်ယန် |
| **တနင်္ဂနွေနေ့ (၂၂-၁၀-၁၇)** | |
| ည ၆း၀၀ | ကိုလုံး - ဝါဒါဘရီမင် |
| ည ၈း၀၀ | ဖရိုင်းဘတ် - ဟာသာဘာလင် |
| ည ၁၀း၃၀ | ဝုဖ်ဘတ် - ဟော့ဖန်ဟိန်း |

## ပြင်သစ်ပထမတန်းပွဲစဉ်(၁၀)

| | |
|---|---|
| **သောကြာနေ့ (၂၀-၁၀-၁၇)** | |
| နံနက် ၁း၁၅ (စနေနံနက်) | စိန့်အက်တီယန် - မောင့်ပယ်လီယာ |
| **စနေနေ့ (၂၁-၁၀-၁၇)** | |
| ည ၉း၃၀ | မိုနာကို - ကိန်း |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | အာမီယန် - ဘော်ဒိုး |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | အန်ဂျာစ် - တူးလောက်စ် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | မက်ဇ် - ဒီဂျွန် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | နန့်စ် - ဂူအင်ဂမ့် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | ရိန်းစ် - လိုင်လီ |
| **တနင်္ဂနွေနေ့ (၂၂-၁၀-၁၇)** | |
| ည ၇း၃၀ | နိုက်စ် - စထရက်ဘော့ချ် |
| ည ၉း၃၀ | ထရိုင်းယတ်စ် - လိုင်ယွန် |
| နံနက် ၁း၃၀ (တနင်္လာနံနက်) | မာဆေး - ပီအက်စ်ဂျီ |



# ဝို့က်ဟတ်လိမ်းမှာ လီဗာပူးရဲ့အရည်အသွေးကို ထပ်မံစမ်းသပ်မယ့် စပါး

— ဝေမိုးဆက် —

## 2017-18 PREMIER LEAGUE WEEK-6

ပရီမီယာလိဂ်ပွဲစဉ် (၉) ကို အောက်တိုဘာ ၂၂၊ ၂၃ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်ယူကိုအနိုင်မရခဲ့တဲ့ လီဗာပူးအနေနဲ့ စပါးနဲ့ထပ်မံရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလား ဆိုတာစောင့်ကြည့်ရမှာဖြစ်သလို ပဲလေ့စ်ကိုရှုံးခဲ့တဲ့ ချယ်လ်ဆီး၊ ဝက်ဖို့ဒ်ကိုအရေးနိမ့်ခဲ့တဲ့ အာဆင်နယ်တို့အနေနဲ့လည်း နိုင်ပွဲပြန်လည်ရှာဖွေရတော့မှာဖြစ်လို့ စိတ်ဝင်စားဖို့ ကောင်းတဲ့ပွဲစဉ်ဖြစ်လာမှာပါ။

### ကာဆယ် v ပဲလေ့စ်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

ချယ်လ်ဆီးကိုအနိုင်ရခဲ့တဲ့ပွဲမှာ ပဲလေ့စ်ခြေက ကောင်းမွန်မှုရှိခဲ့ပါတယ်။ လူပြန်စုံလာတာကြောင့်လည်း တိုက်စစ်ကစားပုံပါ ကောင်းမွန်လာပါတယ်။ ဒါပေမယ့် ကာဆယ်ကလည်း အိမ်ကွင်းဖြစ်သလို လက်ရှိအချိန်မှာလည်း ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း ပဲလေ့စ်တို့ နိုင်ပွဲဆက်နိုင်ဖို့ဆိုတာ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ အိမ်ရှင်ဖြစ်သလို ခြေစွမ်းကောင်းတဲ့ ကာဆယ် နိုင်ပွဲရမယ်။

### ဆောက်သမ်တန် v ဝက်စ်ဘရွန်း

| ယမန်နှစ် | ဆောက်သမ်တန် | ၁ | ၂ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ကာဆယ်နဲ့ သရေကျခဲ့ပေမယ့်လည်း အဆိုပါပွဲမှာ ဆောက်သမ်တန်ရဲ့ ကစားပုံ ကောင်းမွန်မှုရှိခဲ့တာကိုတွေ့ရပါတယ်။ ဒါ့အပြင် ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဝက်စ်ဘရွန်းကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ ဆောက်သမ်တန်မှာ လူစုံနေတာကြောင့် ကစားအားကောင်းနေကာ နိုင်ပွဲလည်းရမယ်။

### ဝက်စ်ဟမ်း v ဘရိုက်တန်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

ဘန်လေနဲ့ သရေကျခဲ့ပေမယ့် ဝက်စ်ဟမ်း ခြေစွမ်းပိုင်း မညံ့ခဲ့ပါဘူး။ ၂၇ မိနစ်ကတည်းက ကာရိုးလ် အထုတ်ခံရလို့သာ အနိုင်မရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဝက်စ်ဟမ်းတို့ အားစိုက်ပြီးနိုင်ပွဲရယူနိုင်ဖို့ ကြိုးစားလာမှာ သေချာနေပါတယ်။ ဘရိုက်တန်က အဲဗာတန်နဲ့ပွဲမှာ ခြေစွမ်းကောင်းခဲ့ပေမယ့် အဝေးကွင်းပွဲတွေမှာတော့ တိုက်စစ်ကအစ အားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမယ့် ဝက်စ်ဟမ်းပဲ အနိုင်ရမယ်။

### ဟက်ဒါဖီးလ် v မန်ယူ

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

မန်ယူက လီဗာပူးကိုအနိုင်မရခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်တယ်။ ဒါပေမယ့်လည်း ဒီပွဲမတိုင်ခင် ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိလာနိုင်သလို ငါးပွဲဆက်တိုက် အနိုင်မရခဲ့တဲ့ ဟက်ဒါဖီးလ်ကလည်း အိမ်ကွင်းမှာ အားစိုက် ခံကစားမှာပါ။ ဒါကြောင့်လည်း မန်ယူတို့ ဒီပွဲမှာကစားရခက်ခဲနိုင်ပါတယ်။ ဒါပေမယ့်လည်း မန်ယူအနေနဲ့ မန်စီးတီးကို ဆက်လက်ဖိအားပေးနိုင်ရေးအတွက် အားစိုက်ကစားသွားမှာဖြစ်လို့ နိုင်ပွဲတော့ ရယူသွားနိုင်မှာပါ။

### စတုတ် v ဘုန်းမောက်

| ယမန်နှစ် | စတုတ် | ၀ | ၁ | ဘုန်းမောက် |
|---|---|---|---|---|

မန်စီးတီးကို ဂိုးပြတ်ရှုံးခဲ့တဲ့အတွက် စတုတ်တို့ သိက္ခာပြန်ဆယ်ဖို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ သေချာနေတယ်။ ဘုန်းမောက်က စပါးနဲ့ပွဲမှာ ခံကစားပုံ ကောင်းမွန်မှုရှိပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေမတည်ငြိမ်တာ တွေ့ရပါတယ်။ နိုင်ပွဲရယူနိုင်ရေး အိမ်ကွင်းမှာ အားစိုက်ကစားလာမယ့် စတုတ်ကို ဘုန်းမောက်ပွဲချိန်ပြည့်ထိန်းဖို့ ခက်လို့ စတုတ် ကပ်နိုင်ခြေရှိတယ်။

### အဲဗာတန် v အာဆင်နယ်

| ယမန်နှစ် | အဲဗာတန် | ၂ | ၁ | အာဆင်နယ် |
|---|---|---|---|---|

နှစ်သင်းစလုံး ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပေမယ့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့တော့ အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဖိအားတွေများနေတဲ့ အဲဗာတန်တို့အိမ်ကွင်းမှာ မဖြစ်မနေရလဒ်ကောင်းဖို့ ခြေကုန်ထုတ်လာနိုင်ပါတယ်။ အာဆင်နယ်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ မတည်ငြိမ်တာကြောင့် ဒီပွဲမှာတော့ အဲဗာတန်တို့ သရေလောက်ကစားနိုင်ခြေရှိတယ်။

### ချယ်လ်ဆီး v ဝက်ဖို့ဒ်

| ယမန်နှစ် | ချယ်လ်ဆီး | ၄ | ၃ | ဝက်ဖို့ဒ် |
|---|---|---|---|---|

မန်နေဂျာပြောင်းထားပေမယ့် ပဲလေ့စ်ခြေစွမ်းက ထင်သလောက် တိုးတက်လာမှုမရှိသေးပါဘူး။ ဒီပွဲမှာလည်း နိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် မန်စီးတီးကိုတော့ တုံ့ပြန်နိုင်ဖို့ခက်ခဲပါတယ်။ ချန်ပီယံလိဂ်ကစားရဖို့ ရှိနေပေမယ့် မန်စီးတီးခြေစွမ်းက ကောင်းမွန်မှုရှိနေကာ နောက်ဆုံးနှစ်ပွဲမှာ ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုရှိနေပါတယ်။ မန်စီးတီးတို့အိမ်ကွင်းမှာ ပဲလေ့စ်ကို ဖိအားပေးနိုင်ဖို့ရှိနေသလို နိုင်ပွဲလည်း ဆက်လက်ရယူသွားနိုင်မှာပါ။

### မန်စီးတီး v ဘန်လေ

| ယမန်နှစ် | မန်စီးတီး | ၂ | ၁ | ဘန်လေ |
|---|---|---|---|---|

လက်ရှိအချိန်မှာ မန်စီးတီးခြေက အကောင်းဆုံးအချိန်ကို ရောက်ရှိနေတယ်။ တိုက်စစ်ကစားပုံကောင်းမွန်မှုရှိသလို အဂူရိုပါဝင်လာနိုင်တာကြောင့် တိုက်စစ်ပိုင်းကပိုပြီး အားကောင်းလာနိုင်ပါတယ်။ ဒါပေမယ့်လည်း ဒီပွဲမတိုင်ခင်မှာ ချန်ပီယံလိဂ်ပွဲအဖြစ် နာပိုလီလို အသင်းကောင်းနဲ့ ကစားခဲ့ရတာကြောင့် မန်စီးတီး ပွဲပန်းလာနိုင်သလို ဘန်လေရဲ့အဝေးကွင်းခံစစ်ကစားပုံနဲ့ အသင်းလိုက်တုံ့ပြန်အားကလည်း ကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့်လည်း မန်စီးတီးဂိုးပြတ်နိုင်ဖို့တော့ခက်ပါတယ်။

### ဆွမ်ဆီး v လက်စတာ

| ယမန်နှစ် | ဆွမ်ဆီး | ၂ | ၀ | လက်စတာ |
|---|---|---|---|---|

ဟက်ဒါဖီးလ်ကို အနိုင်ရခဲ့တဲ့ပွဲမှာ ဆွမ်ဆီး ခြေစွမ်းကောင်းမွန်မှုရှိပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း လက်စတာကလည်း အမှတ်လိုနေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဆွမ်ဆီးတို့ နိုင်ပွဲရဖို့ ခက်ခဲနိုင်ကာ လက်စတာကပ်နိုင်ခြေရှိတယ်။

### စပါး v လီဗာပူး

| ယမန်နှစ် | စပါး | ၁ | ၁ | လီဗာပူး |
|---|---|---|---|---|

မန်ယူကိုအနိုင်မရခဲ့တာကြောင့် လီဗာပူး နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် လီဗာပူးဟာ မန်နေးမပါနိုင်ချိန်မှာ တိုက်စစ်ကဂိုးသွင်းခြေမတည်ငြိမ်တာကို တွေ့ရပါတယ်။ စပါးကတော့ အိမ်ကွင်းဖြစ်တာကြောင့် အမှားခံမှာမဟုတ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေတည်ငြိမ်နေပါတယ်။ ဒါကြောင့်လည်း လီဗာပူးတို့ အမြင့် ဆုံးသရေပဲ ကစားနိုင်မယ်။

# ထန်အီပန်းနှင့် ထန်အီစန်း လိုဏ်ဂူနှစ်ဂူနှင့် ဝန်းကျင်ကို သဘာဝနယ်မြေအဖြစ်သတ်မှတ်ရန် ဆောင်ရွက်မည်

**ခန္တီး အောက်တိုဘာ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း လင်းဖားကျေးရွာအုပ်စု နန်ဖီးလင်းချောင်းနှင့် နန်အီထွန်းချောင်းတို့ကြား ကချင်ပြည်နယ် နယ်စပ်အနီးတွင်ရှိသော ထန်အီပန်းနှင့် ထန်အီစန်း သဘာဝကျောက်လိုဏ်ဂူ နှစ်ခုအပါအဝင် ဝန်းကျင်ရှိ သဘာဝအတိုင်းရှိနေသေးသော သစ်တောရေိယာများကို သဘာဝနယ်မြေအဖြစ် သတ်မှတ်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံထံမှ သိရသည်။

ထိုနေရာကို သဘာဝနယ်မြေအဖြစ် သတ်မှတ်မည်ဆိုပါက အကန့်အသတ်ရှိနေသော ရတနာနယ်မြေဖြစ်နေသဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သဖြင့် ပြည်ထောင်စုဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အောက်တိုဘာ ၁၆ ရက်ကပြုလုပ်သည့် ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ခန္တီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်းက ထန်အီပန်းနှင့် ထန်အီစန်းလိုဏ်ဂူတို့ကို ထိန်းသိမ်းစောင့်ရှောက်ပေးရန်အစီအစဉ်ရှိ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် ဝန်ကြီးက ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

"လိုဏ်ဂူနှစ်ခုဟာ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော မြောက်ဘက်နယ်နိမိတ်က ၁၀မိုင်လောက်အကွာမှာတည်ရှိပြီး ရတနာနယ်မြေ သတ်မှတ်ဧရိယာအတွင်းမှာ ကျရောက်နေပါတယ်။ အမြဲစိမ်းတောအမျိုးအစား ဖုံးလွှမ်းနေပြီး သစ်ပင်တွေ ထူထပ်သိပ်သည်းပြီး ပေါက်နေတာတွေ့ရပါတယ်။ ပယင်းမော်တွေရှိတဲ့ဘက်မှာ သဘာဝအနေအထား ပျောက်ကွယ်သွားပေမယ့် ထန်အီပန်းနဲ့ထန်အီစန်း လိုဏ်ဂူနှစ်ဂူဝန်းကျင်နဲ့ ဆက်စပ်ဧရိယာတွေမှာ ထိခိုက်မှုမရှိသလောက်ဖြစ်ပါတယ်။ ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ကာကွယ်ထားတဲ့ကျား၊ အာရှဆင်၊ ကျားသစ်၊ ဝက်ဝံ၊ ဂျီ၊ တောဝက်၊ ပြောင်၊ မျောက်လွှဲကျော် အပါအဝင် နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း ၅၀ ကျော်၊ တောဘဲ၊ မန်ဒါလီ၊ ရေဗလုံစတဲ့ ရှားပါးငှက်မျိုးစိတ်တွေနဲ့ တွားသွားသတ္တဝါတွေ ကူးလူးနေထိုင်တဲ့ ဒေသဖြစ်ပါတယ်။ ဒါ့အပြင်လင်းနို့ကောင်ရေအများကြီးနေထိုင်တဲ့ လိုဏ်ဂူတွေဖြစ်တာကြောင့် ဇီဝမျိုးကွဲတွေ ကြွယ်ဝပါတယ်"ဟု ဝန်ကြီးက ပြောကြားသည်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ဖွဲ့စည်းမှုများ၊ ထင်ရှားသော ပထဝီဝင်အနေအထားများ ရှိသည့်အတွက် ရေရှည်တည်တံ့စေရေးအတွက် တောရိုင်းတိရစ္ဆာန် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ သဘာဝနယ်မြေအဖြစ် သတ်မှတ်ပါက ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်မည်ဖြစ်သည့်အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးက ရှင်းပြသည်။

နန်ဖီးလင်းချောင်းနှင့် ချင်းတွင်းမြစ်ဆုံရာအနီး လင်းဖားကျေးရွာတွင် ရေချိုလိပ်မွေးမြူရေးစခန်းလည်း တည်ရှိနေရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းအတွက် ဆက်စပ်လေ့လာစရာအဖြစ် အထောက်အကူကောင်း ရှိနေသည့်အပြင် သဘာဝနယ်မြေအဖြစ် သတ်မှတ်လိုက်ပါက ထမံသီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ တောရိုင်းတိရစ္ဆာန်များအတွက် လုံခြုံရေးအကာအကွယ် ပိုမိုကောင်းမွန်လာမည်ဖြစ်ခြင်းကြောင့် သဘာဝလိုဏ်ဂူနှစ်ခုအပါအဝင် ဝန်းကျင်ရှိ သဘာဝအတိုင်းရှိနေသေးသော သစ်တောဧရိယာများကို သဘာဝနယ်မြေအဖြစ်သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြောင်းလည်း ဝန်ကြီးက ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အင်းလေးဒေသသို့ ယခုနှစ် နိုင်ငံခြားသား အလာနည်းသော်လည်း စက်လှေမောင်းနှင်သူများအဆင်ပြေ

**ညောင်ရွှေ အောက်တိုဘာ ၁၉**



ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ နိုင်ငံခြားသားခရီးသွားများနှင့် ဘုရားဖူးပြည်သူများစွာ နှစ်စဉ် လာရောက်လေ့လာလျက်ရှိပြီး အများစုသည် အင်းလေးဒေသသို့ရောက်သည့်အခါ စက်လှေများဖြင့် အင်းလေးဖောင်တော်ဦးဘုရားသို့ အဓိကသွားရောက်ကြသည်။ ယခုနှစ် ပွင့်လင်းရာသီတွင် နိုင်ငံခြားသားခရီးသွားများ အင်းလေးဒေသသို့ လာရောက်မှု ယခင်နှစ်ထက်နည်းသော်လည်း ပြည်တွင်းခရီးသည်များကြောင့် စက်လှေမောင်းနှင်သူများအနေဖြင့် အဆင်ပြေကြကြောင်း ညောင်ရွှေမြို့ စက်လှေဆိပ်မှ စက်လှေမောင်းသူများက ပြောသည်။

"အင်းလေးဖောင်တော်ဦးဘုရားကို မြန်မာပြည်သာမက ကမ္ဘာကပါ လူသိများတာကြောင့် နှစ်စဉ် ခရီးသွားနိုင်ငံခြားသားအများစု လာရောက်လေ့လာပါတယ်။ ဒီလိုလာတဲ့အခါ အင်းလေးဖောင်တော်ဦးဘုရားကို သွားတဲ့အခါ စက်တပ်လှေစီးကြရပါတယ်။ ညောင်ရွှေစက်လှေဂိတ်နဲ့ ဖောင်တော်ဦးဘုရားဟာ ရေမိုင်အနေနဲ့ ၁၃ မိုင်ခွဲလောက် ဝေးပါတယ်။ စက်လှေစီးနင်းခအနေနဲ့ ယခုနှစ်မှာ လူတစ်ဦးကို ညောင်ရွှေမြို့မှ အင်းလေးဖောင်တော်ဦးဘုရား အသွားအပြန် ၃၀၀၀ ကျပ်ဖြစ်ပါတယ်။ စက်လှေစင်းလုံးဆိုရင် အသွားအပြန် ၃၀၀၀၀ ကျပ် ဖြစ်ပါတယ်။ ယခုနှစ်မှာ နိုင်ငံခြားသားခရီးသွား လာတာနည်းပေမယ့် အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ နေ့စဉ်လာရောက်နေကြတာကြောင့် ကျွန်တော်တို့လို အင်းလေးကန်ကြီးကို အမှီပြုပြီး စားဝတ်နေရေးအတွက် စက်လှေမောင်းနှင်သူများအတွက်တော့ အဆင်ပြေပါတယ်" ဟု စက်လှေပိုင်ရှင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့မှ လာရောက်လည်ပတ်သော ခရီးသည်တစ်ဦးက "တောင်ကြီးကဘုရားတွေသွားဖူးရင်း အပြန်မှာ အင်းလေးဖောင်တော်ဦးဘုရားနဲ့ ဒီဒေသက ရှေးဟောင်းဘုရား စေတီပုထိုးတွေကို ဝင်ဖူးပြီး မြန်မာနိုင်ငံရဲ့ပထမဆုံး သမ္မတကြီး စဝ်ရွှေသိုက်နဲ့ သူ့မိဖုရားအုတ်ဂူစတာတွေကို လာရောက်လေ့လာကြတာပါ။ အင်းလေးဖောင်တော်ဦးဘုရားသွားတဲ့ စက်လှေတွေမှာ အသက်ကယ်ဖောကွင်းတွေ ထားပေးစေချင်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံ ပထမဆုံးသမ္မတကြီးရဲ့ အုတ်ဂူပတ်ဝန်းကျင်က မြက်ပင်များကိုလည်း ဒီဒေသက တာဝန်ရှိသူတွေက ရှင်းလင်းပေးစေလိုပါတယ်"ဟု ပြောသည်။

**ကျော်ကျော်(မလှိုင်)**

# မြန်မာ-ထိုင်း အဆင့်မြင့်ပညာကဏ္ဍ ခေါင်းဆောင်မှုအရည်အသွေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၉**
မြန်မာ-ထိုင်း အဆင့်မြင့်ပညာကဏ္ဍ ခေါင်းဆောင်မှုအရည်အသွေးမြှင့်တင်မှုဆိုင်ရာ အပြန်အလှန်ဆွေးနွေးပွဲ အစီအစဉ် အပိုင်း(၂)ကို အောက်တိုဘာ ၁၆ ရက်က မန္တလေးတက္ကသိုလ် သိပ္ပံသုတေသန အစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် အတွင်းရေးမှူး ဒေါက်တာခိုင်မြဲ၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Rajamangala University of Technology Lanna မှအဓိပတိ NumYoot နှင့် တက္ကသိုလ်များမှ အဆင့်မြင့်ပညာရပ်ဆိုင်ရာ ပညာရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် မန္တလေးမြို့တော်ဝန်က ခေါင်းဆောင်မှုဆိုသည်မှာ မည်သည့်အဖွဲ့အစည်းတွင်ဖြစ်စေ အရေးကြီးကြောင်း၊ ပညာရေးကဏ္ဍများတွင် ခေါင်းဆောင်နေသူများက ခေါင်းဆောင်အသစ်များ မွေးထုတ်ပေးရန်မှာလည်း အရေးကြီးကြောင်း၊ ကျယ်ပြန့်လှသည့် ပညာရေးကဏ္ဍ မျှော်လင့်ချက်များကို အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များမှာ ၂၁ ရာစု စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး အတိတ်ကာလက တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများမှတစ်ဆင့် လေ့လာဆည်းပူးရန် လိုအပ်ကြောင်း၊ ပညာသင်ယူနေသော ကျောင်းသားကျောင်းသူများ ကိုယ်ရည်ကိုယ်သွေးနှင့် ပညာရပ်ဆိုင်ရာ အရည်အချင်းတိုးတက်ရန် အထောက်အပံ့များ ပံ့ပိုးပေးရန်လိုကြောင်း၊ ယနေ့ဆွေးနွေးပွဲကို ထိရောက်ပြီး အချက်အလက်များ စုဆောင်းရသည့် ဆွေးနွေးပွဲဖြစ်ရန် ဆန္ဒပြုပါကြောင်း စသည်ဖြင့် အမှာစကား ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ Rajamangala University of Technology Lanna မှအဓိပတိ NumYoot က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြို့တော်ဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်တို့အား အမှတ်တရပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူများအား အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီးနောက် မြန်မာ-ထိုင်း အဆင့်မြင့်ပညာကဏ္ဍ ခေါင်းဆောင်မှုအရည်အသွေး မြှင့်တင်မှုဆိုင်ရာ ဆွေးနွေးမှုများကို အစီအစဉ်အတိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဥယျာဉ်ခြံစိုက်သီးနှံများ အထွက်နှုန်းတိုးရေးနှင့် ကြွက်အန္တရာယ်ကင်းရှင်းရေး တောင်သူပညာပေး

**ဘောဂလိ အောက်တိုဘာ ၁၉**
ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့ဒေသအတွင်း ဥယျာဉ်ခြံစိုက်သီးနှံများ စိုက်ပျိုးရာတွင် အရည်အသွေးကောင်းမွန်သော သီးနှံများ စိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက်ဝင် အောင်မြင်စေရေးအတွက် ခြံစိုက်တောင်သူများအား ဘားအံခရိုင် စိုက်ပျိုးရေးဦးစီးဌာနက အောက်တိုဘာ ၁၆ ရက်က ကွင်းဆင်းပညာပေးခဲ့ကြောင်း သိရသည်။

ဘောဂလိမြို့ ဖူးထေ့လေ့ခန်းမဆောင်၌ ကျင်းပသည့် တောင်သူပညာပေးဆွေးနွေးပွဲတွင် ဘောဂလိမြို့အုပ်ချုပ်ရေးမှူး ဦးစောဘိုဘိုကျော်က အမှာစကားပြောကြားပြီး ဘားအံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးမေက တောင်သူများအား သီးနှံစိုက်ပျိုးရာတွင် နည်းစနစ် မှန်ကန်စေရန်၊ မျိုးအရည်အသွေးကောင်းမွန်စေရန်၊ မြေဆွေးနှင့် မြေသြဇာကျွေးနည်းစနစ် မှန်ကန်စေရန် စသည်တို့ကို ရှင်းလင်းဟောပြောသည်။ ထို့နောက် သီးနှံကာကွယ်ရေးပညာရှင် ဒေါ်တင်တင်နွယ်နှင့် ဒေါ်သန်းသန်းလွင်တို့က သီးနှံပင်များကို အပင်ရောဂါကာကွယ်နှိမ်နင်းခြင်း နည်းပညာများနှင့် ကော်ဖီစိုက်ခင်းများတွင် ကျရောက်လေ့ရှိသော ကြွက်အန္တရာယ်ကာကွယ်နှိမ်နင်းနည်းနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသော ဥယျာဉ်ခြံစိုက်တောင်သူများအား တောင်သူပညာပေး လက်ကမ်းစာစောင်နှင့် သီးနှံမျိုးစေ့များကို ဘားအံခရိုင် စိုက်ပျိုးရေးဦးစီးဌာနက အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကာ ဥယျာဉ်ခြံစိုက်တောင်သူများကလည်း ဒေသအတွင်း စိုက်ပျိုးသည့် သီးနှံများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဘောဂလိမြို့ဒေသသည် ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကဆောင်ရွက်သည့် ဒေသတစ်ခုဖြစ်သဖြင့် ဒေသတွင်းမှ ဥယျာဉ်ခြံစိုက်ပျိုးသော တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံများလည်း ဈေးကွက်တွင် ဈေးကောင်းရရှိစေရန် ရည်ရွယ်ကာ ယခုကဲ့သို့ တောင်သူပညာပေး ဆွေးနွေးပွဲကို ကွင်းဆင်းပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ထားဝယ်မြို့နယ်၌ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ထားဝယ် အောက်တိုဘာ ၁၉**
မျက်စိကွယ်ခြင်းနှင့် အမြင်အာရုံချို့ယွင်းခြင်းများသည် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုဖြစ်ကြောင်း သိရှိနားလည်ပြီး မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ အခြားသော ဝန်ကြီးဌာနများကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လာစေရန်နှင့် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကြောင့် မျက်မမြင်ဖြစ်ပွားမှုများ လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်ချက်ဖြင့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ကာကွယ်ကုသ၍ရသော မျက်စိရောဂါများကြောင့် မျက်မမြင်ဖြစ်ပွားမှုများ မြန်မာနိုင်ငံတွင် လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ မျက်စိဆရာဝန်ဦးရေ ၃၅၀ ခန့်ရှိနေ၍ လူဦးရေတစ်သိန်းခွဲတွင် မျက်စိဆရာဝန် တစ်ဦးနှုန်းဖြင့် စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ WHO ရည်မှန်းချက်ဖြစ်သော အတွင်းတိမ်ခွဲစိတ်မှုနှုန်းမှာ လူဦးရေ တစ်သန်းလျှင် သုံးထောင်နှုန်း သတ်မှတ်ထားရာ ယခုအခါတွင် အတွင်းတိမ်ခွဲစိတ်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၂၂၀၈ ဦးအထိ တိုးတက်လာပြီဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်တွင် မျက်ခမ်းစပ်ရောဂါကင်းစင်ကြောင်း ကြေညာနိုင်ရန်အတွက် ကူးစက်မျက်ခမ်းစပ်ရောဂါဖြစ်ပွားမှုနှုန်းစစ်တမ်း( Survey for Active Trachoma) ကောက်ယူနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်၍ မျက်စိကျန်းမာရေးကို အလေးထားပြီး စမ်းသပ်စစ်ဆေးမှုခံယူကြပါရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမင်းသန်းနိုင်ဦးက မျက်စိကျန်းမာရေးနှင့်ပတ်သက်၍ သိကောင်းစရာများကို အခမ်းအနားတက်ရောက်သော ပြည်သူများအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အပျော်စီးရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် လည်ပတ်

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ထူးခြားလှပ၍ သဘာဝအတိုင်း ခံစားနိုင်သည့် မတူကွဲပြားသော သဘာဝအခြေခံခရီးစဉ်ဒေသများ၊ သမိုင်းအစဉ်အလာကြီးမား၍ ယဉ်ကျေးမှုအမွေအနှစ်များစွာဖြင့် ပြည့်နှက်လျက်ရှိသည့် ယဉ်ကျေးမှုအခြေခံခရီးစဉ်ဒေသများ၊ သဘာဝအတိုင်း ပျက်စီးခြင်းမရှိသောကမ်းခြေများနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးပျူငှာဖော်ရွေစွာ ဆက်ဆံတတ်သည့် မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်များကို သိရှိလာကြသဖြင့် မြန်မာနိုင်ငံကို လည်ပတ်ရန်ကောင်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ်ရွေးချယ်ပြီး စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိကြသည်။

ထိုသို့ လည်ပတ်ရာတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်များဖြင့်သာမကနယ်စပ် ဝင်/ထွက်ပေါက်များမှတစ်ဆင့် ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်လည်း စဉ်ဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Pandaw Cruises ကုမ္ပဏီလီမိတက်၏ စီစဉ်မှုဖြင့် ဗြိတိန်နိုင်ငံသူ ကမ္ဘာလှည့်ခရီးသည် ၁၀ ဦးသည် အောက်တိုဘာ ၅ ရက်က ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာပြီး အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ R.V Kalay Pandaw အပျော်စီးရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ရန်ကုန်-မန္တလေး-စစ်ကိုင်း-မင်းကွန်း-နွယ်ငြိမ်း-မလဲ့-ကြာညှပ်- ထီးချိုင့်-ကသာ-အနောက်ကသာ-သစ်တောကြိုးဝိုင်း(နတ်ပေါက်ဆင်စခန်း)-ကသာ-ကျွန်းတော်(ရွှေဂူ)-ဆင်ဆန်း-မိုးတာ-တကောင်း-စည်ပင်ကျွန်း-စစ်ကိုင်း-မန္တလေးခရီးစဉ်ကို သွားရောက်လည်ပတ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



## မြေယာမဲ့တောင်သူများအား မြေခွဲဝေချထားပေးမည့် စီမံကိန်းနေရာကို ကွင်းဆင်းကြည့်ရှု

**သပိတ်ကျင်း အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းမှ ကိုယ်ပိုင်မြေမရှိဘဲ မြေငှားရမ်းစိုက်ပျိုးလုပ်ကိုင်နေရသည့် ကျေးလက်နေမြေယာမဲ့တောင်သူများအတွက် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေနေရာကို စမွဲယ်နဂိုရ်ကျေးရွာအုပ်စုကျောက်ကွဲကျေးရွာအနီး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် စီစဉ်သတ်မှတ်၍ ခွဲဝေချထားပေးမည်ဖြစ်ကြောင်း သိရသည်။

မြေယာမဲ့တောင်သူများအား မြေခွဲဝေချထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ထူထောင်ပေးမည့် အဆိုပါ LIFT Fund စီမံကိန်း ဆောင်ရွက်မည့်မြေနေရာကို ကွင်းဆင်းတိုင်းတာသည့်အဖွဲ့နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦး ကြီးကြပ်သည့် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့က အောက်တိုဘာ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများ သင်ကြားလျက်ရှိ

**တွံတေး အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၏ လမ်းညွှန်မှုဖြင့် တွံတေးမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၄၈ ကျောင်းတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဘာသာကို ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း သင်ကြားလျက်ရှိကြောင်း သိရသည်။

တွံတေးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၄၈ ကျောင်းတွင် ဆရာ ဆရာမ ၇၀ ဖြင့် ကျောင်းသား ကျောင်းသူ ၄၀၀၀ ကျော်အား အခြေခံကရင်စာပေများကို ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းအထိ သင်ကြားပေးနေခြင်းဖြစ်သည်။ တွံတေးမြို့နယ်တွင် စကောကရင်နှင့် ပိုးကရင် တိုင်းရင်းသားများ အများဆုံးနေထိုင်ကြကြောင်းနှင့် အဆိုပါ ကရင်စာပေသင်ကြားမှုများတွင် ကျောင်းသား ကျောင်းသူများအပြင် ပြင်ပရောက် ကရင်တိုင်းရင်းသားများလည်း ပြန်လည်သင်ယူနေကြောင်းသိရသည်။

တွံတေးမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီဝင်တစ်ဦးဖြစ်သူ စောသောင်းလှိုင်က "အခုမှအစပြန်သင်နေရတယ်။ ကျွန်တော်တို့ ငယ်ငယ်က မိဘ၊ ဘိုးဘွားတွေဆီကပဲ သင်ယူရတာ။ အခုလို ဖတ်စာအဖြစ် သင်ရိုးလုပ်ပြီး မသင်ဖြစ်ဘူး။ မပြောတာကြာတော့လည်း တချို့မေ့ကုန်တယ်။ တချို့ပြန်ပြောနိုင်တယ်။ စာပေ၊ ယဉ်ကျေးမှု မပပျောက်အောင် ပြန်လည်ပြီး ထိန်းသိမ်းတာပါ။ အခု ကရင်ရိုးရာ ပစ္စည်းတွေ ရှေးဟောင်းပစ္စည်းတွေ ပြန်စုနေပါတယ်"ဟု ပြောသည်။

**မျိုးလှိုင် (တွံတေး)**

## စားသောက်ဆိုင်ငွေရှင်းပြေစာတွင် အခွန်တံဆိပ်မကပ်သည့်ကိစ္စ ဆုကြေးသတ်မှတ်ထားသော်လည်း တိုင်ကြားသူမရှိသလောက်ဖြစ်

**မကွေး အောက်တိုဘာ ၁၉**

စားသောက်ဆိုင်ငွေရှင်းပြေစာများတွင် အခွန်အမှတ်တံဆိပ်ကပ်ရန်ပျက်ကွက်ခြင်းကို တွေ့ရှိပါက တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားသူကို လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဒဏ်ငွေရရှိသည့်အထဲမှ ၁၀ ရာခိုင်နှုန်းကို ဆုအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအတွင်းမှ အခွန်ထမ်းပြည်သူများအား အသိပညာပေးမှုများ လုပ်ဆောင်ထားသော်လည်း သက်ဆိုင်ရာ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနရုံးများသို့ တိုင်ကြားသူမရှိသလောက်ဖြစ်နေကြောင်း သိရသည်။

တိုင်းဒေသကြီး အခွန်ဦးစီးမှူး ဦးကျော်သိန်းက "ဆိုင်ဆိုတာမျိုးက သူ့ဆီ Customer များများ လာစေချင်တာပေါ့။ အဲတော့ အချင်းမများချင်တော့ အခွန်တံဆိပ်ကပ်တဲ့ကိစ္စ မကျေမလည်ဖြစ်လာရင် အလိုလိုက်ရတာတွေရှိမယ်။ ဒါက ဆိုင်တွေဘက်က တွေးကြည့်တာ။ ဥပဒေအရတော့ လာစားတယ်၊ အဲ့ဒီဆိုင်က ပြေစာမပေးဘူး၊ ဒါမှမဟုတ် ပြေစာပေးတယ်၊ အခွန်အမှတ်တံဆိပ် မကပ်ဘူး။ ဒါဆို အဲဒီဆိုင်မှာစားခဲ့ကြောင်း အထောက်အထားတစ်ခုခုနဲ့ တိုင်လို့ရပြီ။ တိုင်တဲ့သူကို လျှို့ဝှက်ပေးထားမယ်။ ရတဲ့ဒဏ်ငွေထဲက ၁၀ ရာခိုင်နှုန်း ဆုချီးမြှင့်ပေးမယ်။ တိုင်တဲ့သူက ရှိတော့ရှိတယ်။ ဒါပေမယ့် မရှိသလောက်နည်းနေတယ်"ဟု ဆိုသည်။

စားသောက်ဆိုင်များကပေးသော ပြေစာများတွင် အခွန်အမှတ်တံဆိပ် ပါမလာပါက စားသုံးသူက ဆိုင်ကို အခွင့်အရေးပေးသည့်သဘောမျိုးဖြင့် တံဆိပ်ကပ်ပေးရန် ပြောစေလိုကြောင်းနှင့် မပြောဘဲနှင့်လည်း သက်ဆိုင်ရာ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံးတွင် လာရောက်တိုင်ကြား၍ရကြောင်း သိရသည်။

"ကျွန်တော်တို့ရသမျှ အခွန်ငွေတွေအားလုံးက နိုင်ငံတော်ဘတ်ဂျက်ထဲ ဝင်သွားတာပါ။ နိုင်ငံတော်ဘတ်ဂျက်ကြီးကို ရေးဆွဲတဲ့အခါမှာ ဒီငွေတွေက ပညာရေး၊ ကျန်းမာရေးစတဲ့ ဝန်ကြီးဌာနတွေအားလုံးမှာ ပြန်သုံးစွဲနိုင်တာမျိုးပဲဖြစ်ပါတယ်။ တံတားတွေဆောက်မယ်၊ ကျောင်းတွေဆောက်မယ် ဒါမျိုးတွေထဲ ပြန်ပါသွားတာ။ တချို့တွေက ဒီအခွန်တွေ ဘယ်ရောက်သွားတုန်းတို့ ဘာတို့ မေးကြတယ်"ဟု တိုင်းဒေသကြီးအခွန်ဦးစီးမှူးက ရှင်းပြသည်။

စားသောက်ဆိုင်များအနေဖြင့် အခွန်အမှတ်တံဆိပ်ကပ်ရန် ပျက်ကွက်၍တိုင်ကြားခံရလျှင် ဥပဒေအရ ပထမအကြိမ်တွင် ဒဏ်ငွေနှစ်သိန်း၊ ဒုတိယအကြိမ် ဒဏ်ငွေ ငါးသိန်း၊ တတိယအကြိမ် ဒဏ်ငွေခုနစ်သိန်း၊ စတုတ္ထအကြိမ် ဒဏ်ငွေ ၁၀သိန်းနှင့် ထပ်မံပျက်ကွက်လျှင် ကျပ် ၁၀ သိန်းနှုန်း ဒဏ်ရိုက်သွားမည်ဖြစ်ကြောင်း၊ ဒဏ်ငွေများထဲမှ ၁၀ ရာခိုင်နှုန်းကို တိုင်ကြားသူအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ သိရသည်။

**ဇေယျာတု(မကွေး)**

## မျက်စိဝေဒနာရှင်များအား ဝါးခယ်မ စက္ကူပါလဆေးခန်း၌ အခမဲ့ ခွဲစိတ်ကုသပေးမည်

**ဝါးခယ်မ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိရောဂါဝေဒနာခံစားနေရသော ဒေသခံပြည်သူများအား ဝါးခယ်မမြို့ စာရေးကုန်းရပ်ကွက်ရှိ ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ရုံးခွဲ စက္ကူပါလဆေးခန်း၌ နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ မျက်စိအခမဲ့စမ်းသပ် ကုသပေးသွားမည်ဖြစ်သည်။

ဝါးခယ်မမြို့နယ်အသင်း၏ စက္ကူပါလ မျက်စိအခမဲ့ကုသရေး အလုပ်အမှုဆောင်အဖွဲ့က ကြီးမှူး၍ အခမဲ့စမ်းသပ်ကုသပေးခြင်းဖြစ်ကာ ယခုအကြိမ်သည် အဌမအကြိမ်မြောက် ကုသပေးခြင်းဖြစ်ကြောင်း၊ မျက်စိဝေဒနာများ ကုသပေးရာတွင် အထူးကုဆရာဝန်ကြီးများနှင့် စမ်းသပ်စစ်ဆေး ကုသပေးသွားမည်ဖြစ်ကြောင်း၊ ကုသပေးမည့် သုံးရက်အတွင်း လူနာနှင့် လူနာစောင့် တစ်ဦးအတွက် မနက်စာ၊ နေ့လယ်စာ၊ ညစာတို့ကို ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။



အလုပ်အမှုဆောင်အဖွဲ့နှင့်အတူ လုပ်အားဒါနပြုကုသိုလ်ပါဝင်လိုသူများအနေဖြင့် ပါဝင်ကူညီနိုင်သလို အလှူရှင်များအနေဖြင့်လည်း လူတစ်ဦး မျက်စိခွဲစိတ်ခ ဆေးဖိုးအပါအဝင်အတွက် လေးသောင်းကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း၊ ဆက်သွယ်လှူဒါန်းလိုပါက စက္ကူပါလ မျက်စိအခမဲ့ကုသရေး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းတင် ဖုန်း- ၀၉၉၇၈၆၅၇၀၃ နှင့် အတွင်းရေးမှူး ဦးစိုးတင့် ဖုန်း - ၀၉၉၇၀၆၈၆၆၁၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **လှမ်းသီဟ(ဝါးခယ်မ)**

## မြောင်းမြမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် အရပ်ဘက်လူမှုအဖွဲ့များ တွေ့ဆုံဆွေးနွေး

**မြောင်းမြ အောက်တိုဘာ ၁၉**

မြောင်းမြမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုများ၊ လုပ်ဆောင်ချက်များတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက မြောင်းမြမြို့ Community Centre ၌ အောက်တိုဘာ ၁၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြောင်းမြ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ဒေါက်တာကျော်စွာလွင်က ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်ရေး ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ခရိုင်ပညာရေးမှူး ဆရာကြီးဦးခင်မောင်ဝင်းက အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သင်ကြားမှု သင်ယူမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး မြို့မိမြို့ဖများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများက သိလိုသည်များကို မေးမြန်းသည်။ ထို့နောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုယ်စား ဦးမြင့်ရွှေက မြောင်းမြ Community Centre တွင် လိုအပ်သည်များ အသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ်သုံးသောင်းကို ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်စန္ဒာမိုးထံ ပေးအပ်ခဲ့သည်။

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန Community Centre ကို ရပ်ရွာ ကောင်းကျိုးဆွေးနွေးတိုင်ပင်ရာ၊ သတင်းအချက်အလက်ဖလှယ်ရာနေရာအဖြစ်လည်းကောင်း၊ ကျောင်းသားလူငယ်များအတွက် ပညာဆည်းပူးရာ သင်တန်းတက်ရောက်ရာနေရာအဖြစ်လည်းကောင်း ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိရာ လူငယ်များ ရပ်ရွာရေးကိစ္စများတွင် ပါဝင်ကူညီရေးအတွက် လူငယ်အသင်း(Youth Club)ဖွဲ့စည်းခြင်းကိုလည်း Community Centre ၌ ဆောင်ရွက်ခဲ့ပြီး လူငယ်ပညာပေးအစီအစဉ်များကိုလည်း စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ချင်းပြည်နယ် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဟားခါး၌ ကျင်းပ

**ဟားခါး အောက်တိုဘာ ၁၉**

ချင်းပြည်နယ် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်က ဟားခါးမြို့ မြို့တော်ခန်းမ၌ စတင်ကျင်းပခဲ့ပြီး အောက်တိုဘာ ၁၉ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ ခေတ္တပြည်နယ်ဝန်ကြီးချုပ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချင်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ကိုယ်စားလှယ်များ တက်ရောက်ကြကာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဝင်းမြင့် (ပြင်ပပညာရှင်)က မြို့ပြစီမံကိန်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်များကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ကျော်က မြေယာစီမံခန့်ခွဲရေးအကြောင်းကိုလည်းကောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးလှိုင်က မြို့ပြစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရာတွင် အဓိကလိုအပ်ချက်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ရခိုင်တိုင်းရင်းသားကျေးရွာများတွင် ရခိုင်စာပေသင်ကြားမည့် ဆရာ ဆရာမများ ခန့်အပ်နိုင်ရေး စီစဉ်ဆောင်ရွက်နေ

**ဟိုင်းကြီးကျွန်း အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ဒေသတွင်းရှိ ရခိုင်ကျေးရွာများ၌ ရခိုင်စာပေသင်ကြားမည့် ကျောင်းဆရာ ဆရာမများ ခန့်ထားနိုင်ရန်အတွက် တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောနှင့် ဒေသခံပြည်သူများ ဟိုင်းကြီးကျွန်းမြို့အမှတ်(၃)ရပ်ကွက် အထကကျောင်းခွဲ၌ အောက်တိုဘာ ၁၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပြီး မြို့ပေါ်ရပ်ကွက်သုံးခုနှင့် ကံချိုင်၊ ကျောက်ချောင်း၊ ခမောင်မော်၊ ဘန့်ဘွေး၊ ကြာကန်၊ လေယဉ်ကွင်း၊ ရေနောက်အိုင် စသည့် ကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့များ၊ ဆရာ ဆရာမများ၊ ရခိုင်စာပေသင်ကြားရန် လျှောက်ထားသည့် ဒေသခံလူငယ်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရခိုင်တိုင်းရင်းသားစာပေ သင်ကြားရန် လျှောက်ထားမှုတွင် အသက်(၁၈)နှစ်မှ (၃၀)နှစ် အတွင်းရှိရန် လိုအပ်ပြီး အနိမ့်ဆုံးအဆင့် တက္ကသိုလ်ဝင်တန်းအောင်၊ ဘွဲ့ရများကို ရွေးချယ်လျှောက်ထားခွင့်ပြုထားကြောင်းနှင့် ပထမတန်းမှ သတ္တမတန်းအထိ ကျောင်းသားဦးရေ ၅၀ တွင် ဆရာတစ်ဦးနှုန်းဖြင့် ကန့်သတ်မှုတစ်ခု ပြုလုပ်ထားကြောင်း ဝန်ကြီးကပြောသည်။ ဆက်လက်၍ ယခုလျှောက်ထားသူများကို နေ့ပေးလရှင်းပုံစံဖြင့် ခန့်ထားရန်အစီအစဉ်ရှိပြီး ခန့်ထားမည့် အရေအတွက်ကိုမူ ပြည်ထောင်စုဝန်ကြီးရုံးက စိစစ်ခန့်ထားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ရခိုင်တိုင်းရင်းသားများ အများစုနေထိုင်ကြပြီး ရခိုင်စာပေ၊ ရခိုင်ယဉ်ကျေးမှုများ ထွန်းကားမှုမရှိသည့်အတွက် ကာလကြာမြင့်လာသည်နှင့်အမျှ ရခိုင်လူမျိုးများပျောက်ကွယ်သွားနိုင်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏အစီအစဉ်ဖြင့် ရခိုင်စာပေ၊ ရခိုင်ယဉ်ကျေးမှုများကို သင်ယူလေ့လာ၊ သိရှိခွင့်ရတော့မည်ဖြစ်သည့်အတွက် ဒေသခံ ရခိုင်တိုင်းရင်းသားများက ပျော်ရွှင်ကျေနပ်လျက်ရှိကြောင်း သိရသည်။

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၆ ရက်ကလည်း ဟိုင်းကြီးကျွန်းမြို့သဲကုန်းကြီးကျေးရွာအုပ်စု လူပုကျေးရွာ သာသနာ့အလင်းရောင်ကျောင်းတိုက် ဓမ္မာရုံ၌ ဒေသတွင်းကျေးရွာများဖြစ်သည့် လူပု၊ မောင်ပါ၊ မြို့သစ်၊ ကန့်ဘလာ၊ ကျောင်းကွဲ၊ ပျဉ်းမကွင်းနှင့် မြစ်ကျိုးကျေးရွာများမှ ရခိုင်စာပေသင်ကြားရန် လျှောက်ထားကြသည့် ဒေသခံလူငယ်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကာ ဆက်လက်၍ အောက်တိုဘာ ၁၈ ရက်တွင်လည်း ကုန်းတန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံလူငယ်များနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ထွက်ပြေးသွားသော ဘုရားခိုးဂိုဏ်းအဖွဲ့ထံမှ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ ပြန်လည်သိမ်းဆည်းရမိ

**မြင်းမူ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း၌ ဘုရားခိုးဂိုဏ်းအဖွဲ့အား ရဲတပ်ဖွဲ့က အောက်တိုဘာ ၁၅ ရက်က စောင့်ဆိုင်းဖမ်းဆီးစဉ် ထွက်ပြေးသွားသူများထံမှ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များကို ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဘုရားခိုးဂိုဏ်းအဖွဲ့သတင်းအရ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ခင်မောင်ဦး၊ တိုင်းမှုခင်းအကူဌာနမှ ရဲအုပ်သိန်းဇော်၊ ရဲအုပ်ကြည်စိုး၊ မြင်းမူမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်မင်းအောင်တို့ ဦးဆောင်သည့်အဖွဲ့က မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာရှိ အရာတော်လမ်းခွဲ မျက်စိဆေးရုံအနီး၌ အောက်တိုဘာ ၁၅ ရက်က နံနက် ၆ နာရီခန့်က စောင့်ဆိုင်းနေစဉ် လူနှစ်ဦးမောင်းနှင်လာသော 7F/ ---- နံပါတ်ပါ CRV ဟွန်ဒါအမျိုးအစား ခဲရောင်ယာဉ်ကို ရပ်တန့်ခိုင်းရာ ရပ်တန့်ပေးခြင်းမရှိဘဲ ပြန်လည်ခုခံပြီး အရှေ့မှပိတ်ရပ်ထားသော ယာဉ်ကိုတိုက်၍ အရှိန်ပြင်းစွာ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် နောက်မှလိုက်လံရှာဖွေဖမ်းဆီးခဲ့ရသည်။ လိုက်လံဖမ်းဆီးရာတွင် ဘုရားခိုးသူများမှာ ကံပြားကျေးရွာလမ်းပေါ်ရှိ ဇရပ်အနီး၌ ယာဉ်ကိုရပ်တန့်ထားခဲ့ပြီး ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ကျန်ခဲ့သောယာဉ်ကိုစစ်ဆေးရာ ဉာဏ်တော်အမြင့် ၄ ပေ၊ ဖြက် ၃ ပေခန့် ပလ္လင်ပါ ထိုင်တော်မူ ယွန်းရုပ်ပွားတော်တစ်ဆူ၊ ဉာဏ်တော်အမြင့် ၃ ပေ ၃ လက်မ ၊ ဖြက် ၁၅ လက်မခန့်ရှိ ပလ္လင်ပါ ရုပ်တော်မူ ကျောက်ဆင်းတုရုပ်ပွားတော် တစ်ဆူ၊ ဉာဏ်တော်အမြင့် ၄၂ လက်မ၊ ဖြက် ၁၈ လက်မခန့် ပလ္လင်ပါ ရုပ်တော်မူ ကျောက်ဆင်းတုရုပ်ပွားတော် တစ်ဆူ၊ အလျား ၁၈ လက်မ အနံ ၁ ပေခန့်ရှိ သာသနာ့အလံ တစ်ခု၊ ဖန်ဂေါ်လီသီး ၂၈ လုံး၊ ၁၆ မီလီမီတာရှိ ပေကြိုးဘူး တစ်ဘူးတို့ကို စစ်ဆေးတွေ့ရှိသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းခဲ့သည်။




ဖြစ်စဉ်နှင့်ပတ်သတ်၍ တိုင်းမှုခင်းအကူဌာနမှ ရဲအုပ်သိန်းဇော်က တရားလို ပြုလုပ်၍ မြင်းမူမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ခိုးယူသယ်ဆောင်လာသူနှစ်ဦးအား အမြန်ဆုံး စုံစမ်းဖော်ထုတ် ဖမ်းဆီးနိုင်ရေးအတွက် အပူတပြင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချစ်စံ(ခင်ဦး)**

# လူငယ်များ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပူတာအို အောက်တိုဘာ ၁၉**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ ဒေသတွင်းလုပ်ငန်းရှင်များ၏ ကျွမ်းကျင်လုပ်သားလိုအပ်ချက် ဈေးကွက်ကို သိရှိရန်နှင့် မှန်ကန်စွာ ဖြည့်ဆည်းပေးနိုင်ရန်၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို တည်ဆောက်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ရှာဖွေရန်၊ ဒေသတွင်းခရီးသွားလုပ်ငန်းကို အရှိန်မြှင့်တင်ရန်၊ ကျောင်းပြင်ပသို့ရောက်ရှိနေသည့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ပေးရန်နှင့် အသက်မွေးပညာရပ်နယ်ပယ်ကို ချဲ့ထွင်ပေးရန် ရည်ရွယ်ချက်များဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် လူငယ်များ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)နှင့် BEAM Education Foundation တို့ ပူးပေါင်း၍ အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)ခန်းမ၌ ကျင်းပသည့် အဆိုပါဆွေးနွေးပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက အမှာစကားပြောကြားပြီး BEAM Education Foundation ဒါရိုက်တာ ဦးကျော်ကျော်မင်းထွဋ်က Foundation ဖြစ်ပေါ်လာပုံများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူက ပူတာအိုဒေသ အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အဓိကရည်ရွယ်ချက် ငါးချက်အပေါ် အခြေခံ၍ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရဝမ်၊ လီဆူ၊ ဂျိန်းဖော၊ ခန္တီးရှမ်း စာပေနှင့်ယဉ်ကျေးမှုကော်မတီများမှ ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပူတာအိုဒေသတွင်းရှိ လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန် / ဆက်)**

# ပုပ္ပားတောင်ဒေသကို ယူနက်စကို အသိအမှတ်ပြုဖြစ်ရေး ဆောင်ရွက်မှုအခြေအနေ အသိပေးရှင်းလင်း

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ဒေသကို ယူနက်စကို အသိအမှတ်ပြု 'ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာ' ဖြစ်မြောက်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ပုပ္ပားတောင်ကို ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက ပုပ္ပားတောင်ဒေသအား ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ စာရင်းဝင် ဖြစ်စေရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဒေသခံကျေးရွာများနှင့် အသင်းအဖွဲ့များအနေဖြင့်လည်း ဒေသတွင်း သဘာဝအရင်းအမြစ်များ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို ဆွေးနွေးပြောကြားခဲ့သည်။

ပုပ္ပားတောင်ဒေသအား ယူနက်စကိုအသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာ ဖြစ်မြောက်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ပုပ္ပားဒေသရှိ သဘာဝအရင်းအမြစ်များ၊ ကျောက်သားနှင့် မြေလွှာပြောင်းလဲဖြစ်တည်မှု အနေအထားများကို နိုင်ငံခြားဘူမိဗေဒပညာရှင်များလည်း လာရောက်လေ့လာခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

ယခုရှင်းလင်းပွဲတွင် ဘူမိဗေဒပညာရှင် ဦးသန်းထွန်းက လုပ်ငန်းဆောင်ရွက်ထားနိုင်မှု အခြေအနေ အတိုင်းအတာများကို ရှင်းလင်းပြောကြားပြီး ဒေသတွင်း သဘာဝအရင်းအမြစ်များ မပျောက်ပျက်အောင် ဒေသတွင်းကျေးရွာများမှ ပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရေးအတွက် ကျေးရွာနေပြည်သူများအား ပညာပေးစည်းရုံးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန် / ဆက်)**

# မြစိမ်းရောင်စီမံကိန်းအတိုးငွေဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်

**ကျောက်တန်း အောက်တိုဘာ ၁၉**

ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ပါးစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်း ကျေးရွာ ၃၇ ရွာ၌ ယူနစ် ၃၅ ခုဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ရွာများထဲတွင် ပါဝင်သော ကြံပင်ကျေးရွာ၌ စီမံကိန်းမှ အတိုးရငွေနှင့် ဒေသခံပြည်သူများထည့်ဝင်ငွေ ကျပ် ၈၈ သိန်းတို့ဖြင့် အလျား ပေ ၃၀၊ အနံ ပေ ၂၀ ရှိ အာရ်စီတစ်ထပ် မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကို ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုများကို ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်လင်းသန်းနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး လုပ်ငန်းများအောင်မြင်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ကျေးရွာတာဝန်ရှိသူများအား ခရိုင်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**

# ကျေးရွာတွင်းလမ်းပျက်စီးမှုကို ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းပြုပြင်



**မြိတ် စက်တင်ဘာ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တောင်ရှည်ကျေးရွာ၌ မိုးရွာသွန်းမှုများပြားသောကြောင့် ကျေးရွာတွင်းလမ်းများ ဆိုးရွားစွာပျက်စီးနေပြီး ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ သွားလာရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ ပျက်စီးလျက်ရှိသော ကျေးရွာတွင်းလမ်းများကို နယ်မြေခံရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ အောက်တိုဘာ ၁၈ ရက်က ပြုပြင်ခဲ့ကြောင်း သိရသည်။

တောင်ရှည်ကျေးရွာ နယ်မြေခံရဲစခန်းမှ စခန်းမှူး ရဲအုပ်သိန်းဝင်းဇော် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ စုစုပေါင်း ၃၅ ဦး စုပေါင်း၍ တောင်ရှည်ကျေးရွာ အဝင်လမ်းနှင့် ရွာတွင်းလမ်းများတွင် မိုးရွာသွန်းမှုကြောင့် ပျက်စီးနေသော ရေအိုင်များ၊ ချိုင့်ခွက်များကို ရေဖောက်ထုတ်ခြင်း၊ မြေဖို့ခြင်း၊ ကျောက်များစီခြင်း စသည်ဖြင့် လမ်းပြုပြင်မှုများ ဆောင်ရွက်ခဲ့ကာ လမ်းများတွင် ရေဝပ်ခြင်းမရှိစေရန် လမ်းဘေးဝဲယာ ရေမြောင်းများကိုလည်း တူးဖော်ခဲ့ကြကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ခြောက်ဘီးကားနှစ်စီးပေါ်မှ တရားမဝင်တင်လာသော အမိုနီယံနိုက်ထရိတ်နှင့် မုန့်ဖာများ ဖမ်းဆီးရမိ

**မူဆယ် အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနီး၌ ခြောက်ဘီးကားနှစ်စီးပေါ်မှ အမိုနီယံနိုက်ထရိတ်နှင့် မုန့်ဖာများ အောက်တိုဘာ ၁၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရားမဝင် အကောက်ခွန်မဲ့ အမိုနီယံနိုက်ထရိတ်နှင့် မုန့်ဖာများ သယ်ဆောင်လာသည့် ခြောက်ဘီးကားနှစ်စီးကို ရှုလ်ဆီဆိုင် ဘေးရှောင်ကွင်းလမ်းအဝင်နေရာ၌ ရပ်တန့်ထားစဉ် ဖမ်းမိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖမ်းမိသောယာဉ်နှစ်စီးကို ကုန်သွယ်ရေးဇုန်သို့ယူဆောင်၍ အောက်တိုဘာ ၁၅ ရက်တွင် ကုန်သွယ်ရေးဇုန်မှတာဝန်ရှိသူများက အဖွဲ့စုံရှေ့၌ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ယာဉ်တစ်စီးပေါ်မှ ပီနံအိတ်ခွံဖြင့်ထည့်ထားသည့် အမိုနီယံနိုက်ထရိတ်ဟုယူဆရသည့် အိတ် ၂၀၅ အိတ်နှင့် အခြားယာဉ်တစ်စီးပေါ်မှ အကောက်ခွန်မဲ့ မုန့်ဖာ ၂၅၀ တို့ကို စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါ တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ တင်ဆောင်လာသော ယာဉ်နှစ်စီးနှင့် ယာဉ်ပေါ်ပါကုန်ပစ္စည်းများကိုအကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**


ချစ်သမီးလေး
သက်ရတနာကျော်ဝင်း @ Grace Gloria Wan
မွေးနေ့မင်္ဂလာဆုမွန်လွှာ Happy Birthday

(၂၀-၁၀-၂၀၁၇)နေ့တွင်ကျရောက်သည့်ချစ်သမီးလေး
သက်ရတနာကျော်ဝင်း@ Grace Gloria Wan
(1st Year Architect @ Westminster University London)
(၁၈)နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ် မှသည် နောင်နှစ်ပေါင်းများစွာတိုင်
ပညာပြည့်ဝနှလုံးလှလျက်မိဘကျေးဇူးအထူးသိတတ်ပြီး
လိမ္မာယဉ်ကျေးသော၊ အများအကျိုးသယ်ပိုးထမ်းရွက်နိုင်စွမ်းသော
သမီးကောင်းရတနာလေးအဖြစ်ဖြင့် ပျော်ရွှင်ချမ်းမြေ့သောဘဝကို
ဖေဖေ၊မေမေတို့နှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဖေဖေဒေါက်တာအောင်ကျော်ဝင်း+ချစ်မာမီဒေါက်တာသက်သက်ခိုင်
နိုင်ငံတကာအဆင့်မီရွှေနန်းတော်စိန်ရွှေရတနာဆိုင်
Forever Gems by ရွှေနန်းတော်
Jewel Collection Manufacturing Co.,Ltd.
United GP Development Co.,Ltd @ 68 Residence

PUN HLAING SILOAM HOSPITALS

သင် ဒီဝေဒနာနှင့် ရောဂါလက္ခဏာများကို ခံစားနေရပါသလား



- ခါးအောက်ပိုင်းနာခြင်း
- ဆီးတွင် သွေးပါခြင်း
- ဆီးခဏခဏ သွားခြင်း
- ဆီးမထိန်းနိုင်ခြင်း
- ဆီးကျိတ်ရောင်ခြင်း
- ဆီးအိတ်ကျောက်တည်ခြင်း
- ဆီးကျိတ်ကင်ဆာ
- ကျောက်ကပ် ရောင်ခြင်း
- ကျောက်ကပ်ကင်ဆာ

**Dr. Sivaraj Manoharan**
M.B.,B.S, M.S (General Surgery), M.Ch (Urology)

သင်၏ ဆီးကျိတ်၊ ဆီးအိမ်၊ ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်အစားထိုးကုသမှု
အပါအဝင် ကျောက်ကပ်ရောဂါဆိုင်ရာပြဿနာများအတွက်
အကောင်းဆုံး အဖြေရှာ ဆွေးနွေးတိုင်ပင်နိုင်ရန် အိန္ဒိယနိုင်ငံမှ ဆရာဝန်ကြီးနှင့်
အောက်တိုဘာလ ၂၆ မှ ၂၈ ရက် တွင် ပြသနိုင်ပါပြီ။
ဆက်သွယ်စာရင်းပေးသွင်းရန် - ၀၁ - ၃၆၈ ၄၄၃၃
နံနက် (၈:၀၀) နာရီမှ ညနေ (၅:၀၀) နာရီ အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

www.punhlaingsiloamhospitals.com
LIKE US ON facebook Pun Hlaing Siloam Hospitals

**Myanmar's Largest International Manufacturing Machinery, Equipment, Materials, Services and Subcontracting Event**
မြန်မာနိုင်ငံ၏ အကြီးဆုံး နိုင်ငံတကာ ကုန်ထုတ်လုပ်ရေးစက်ပစ္စည်းများ၊ ကိရိယာ၊ ကုန်ကြမ်းပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့်လုပ်ငန်းအစိတ်အပိုင်း အပ်နှံမှုဆိုင်ရာအခမ်းအနား

FREE Admission
ဝင်ရောက်ခွင့် အခမဲ့

INTERMACH MYANMAR
Your Key to Better Business
MANUFACTURING Myanmar 2017

Friday - Sunday
**20-22 OCTOBER 2017**
MEP at Mindama YANGON
၂၀-၂၂ အောက်တိုဘာ ၂၀၁၇
ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ MEP

## ENHANCING MYANMAR'S MANUFACTURING EXCELLENCE
'မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအရည်အသွေးကို တိုးတက်စေခြင်း'



- **COMPREHENSIVE SHOWCASE** - Exciting selection of machinery, equipment, technology and solutions for the manufacturing industry
  ပြီးပြည့်စုံသော ခင်းကျင်းပြသမှု - ကုန်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ရွေးချယ်ထားသော စိတ်လှုပ်ရှားစရာကောင်းသည့်စက်ပစ္စည်း၊ ကိရိယာ၊ နည်းပညာနှင့် ဖြေရှင်းနည်းများ
- **INTERNATIONAL BRANDS** - Over 100 international brands from 10 countries &regions including Amada, Campro, Enomoto, Goodway, Hexagon Metrology , Klingspor, LFK, Mitsubishi Materials, OGP, STAR, Sumitomo Electric Hardmetal, TRUMPF and many more
  နိုင်ငံတကာမှ အမှတ်တံဆိပ်များ - Amada, Campro, Enomoto, Goodway, Hexagon Metrology, Klingspor, LFK, Mitsubishi Materials, OGP, STAR, Sumitomo Electric Hardmetal, TRUMPF နှင့် အခြားတံဆိပ်များအပါအဝင် နိုင်ငံနှင့်ဒေသ (၁၀)ခုတို့မှ နိုင်ငံတကာအမှတ်တံဆိပ် (၁၀၀)ကျော်
- **SOURCING OPPORTUNITY AND BUSINESS MATCHING LINKAGE** - 30 industrial part-makers in automotive, electronics & the electric industry and business linkage opportunities via Business Matching
  အခွင့်အလမ်းရင်းမြစ်များနှင့် စီးပွားရေးဆွေးနွေးမှုများမှ အချိတ်အဆက်များ – ယာဉ်ယန္တယား၊ လျှပ်စစ်ပစ္စည်းနှင့် လျှပ်စစ်လုပ်ငန်းမှ အစိတ်အပိုင်းထုတ်လုပ်သည့်ကုမ္ပဏီ (၃၀)ကျော်နှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများမှတဆင့် ချိတ်ဆက်မှုများ ရရှိနိုင်မည့် အခွင့်အလမ်း

Pre-register Your Visit Online Now
while there's still time!
အချိန်ရှိနေတုန်းမှာပဲ လာရောက်ကြည့်ရှုရန်အတွက် အခုပဲ ကြိုတင်စာရင်းပေးသွင်းလိုက်ပါ
GO www.intermachmyanmar.com
www.manufacturingmyanmar.com

Organised by စီစဉ်သည်: UBM
Supported by ထောက်ပံ့ပေးသည်: Ministry of Industry SMEs Development Department; MIA Myanmar Industries Association; Myanmar Engineering Society
Incorporating ပူးပေါင်းဆောင်ရွက်သည်: TOOLS & HARDWARE Myanmar 2017
Co-located with အတူတကွ ကျင်းပသည်: SUBCON MYANMAR Industrial Subcontracting Exhibition

UBM Myanmar Tel: +95 1512 887 (Ext: 503) Fax: +95 1513 519 Email: exhibit.mm@ubm.com
- Intermach Myanmar
- Manufacturing Myanmar

Please note: Open to trade professional only.
Minors below the age of 16 years are **NOT** allowed admission.
အသက် (၁၆)နှစ်အောက်ရှိသူများကို ဝင်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့စ် ၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
76, ဗိုလ်ဥက္ကာမလမ်း၊ တာဂရာမီးပွိုင့်အနီး၊ ဒေါဂုံရပ်ကွက်၊ ကြည့်မြင်တိုင်။ 09-952111261
09-402520073 | 09.791111261,01.2315072




## အမည်မှန်

ကျောက်တံခါးမြို့နယ်၊ မြို့ချောင်းကျေးရွာအုပ်စု၊ ဒညင်းကုန်းရွာနေ (ဘ)ဦးဝင်းငွေ၏သမီး မချစ်နှင်းဝေ၏အမည်မှန်မှာ မချစ်ဝေလွင် ၇/ကတခ(နိုင်)၁၅၀၂၂၁ ဖြစ်ပါသည်။

**မချစ်ဝေလွင်**

### မွေးသက္ကရာဇ်မှန်

မှော်ဘီမြို့နယ် အထက(ခွဲ) ဖူးကြီး သတ္တမတန်း (A) မှ ဦးကျော်ဝင်း (၁၂/မဘန(နိုင်)၀၄၉၇၅၉) ၏သား မောင်နိုင်းထက်လွင်၏ မွေးသက္ကရာဇ်မှန်မှာ ၂၇-၁၂-၂၀၀၄ ဖြစ်ပါကြောင်း။

၂၇-၁၂-၂၀၀၄

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ဇရပ်ပြင်ကျေးရွာအုပ်စု၊ နဂါးကျေးရွာနေ (ဘ) ဦးခင်မောင်ထွန်း ၁၁/ကဖန (နိုင်) ၀၀၄၅၁၆ ၏သား မောင်ထွန်းဝင်းအောင် ၁၁/ရဗန(နိုင်)၀၇၇၆၈၁၏မွေးသက္ကရာဇ်အမှန်မှာ ၁၃-၇-၁၉၉၆ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/6117 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/1263 Toyota Hilux Vigo, P/U (4x4) Open Cab ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်းမြင့်ရှိန် ၁၁/မဆန(နိုင်)၀၂၇၄၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ပျောက်ဆုံးကြောင်း

အမှတ်(၈၆)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ စက်မှုဇုန်(၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံရှိ ကျွန်တော်များ United Pacific Co.,Ltd.၏ Bill of Lading No.TSNCB 17005820 မူရင်းစာရွက်များ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၆၅၂၈၈၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၅၂

ဒေါ်အိအိသုန် နှင့် ၁။ ဒေါ်အေးမြ
၂။ ဦးအောင်နိုင်
၃။ ဒေါ်လှစိုးကြည်
၄။ ဒေါ်သန်းသန်းမြင့်
၅။ ဒေါ်လှရီ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၁၅၉)နေ (၂) တရားပြိုင် ဦးအောင်နိုင်(ယခုနေရပ်လိပ်စာမသိ)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ကျီတော်အိမ်ရာ၊ အမှတ်(၅၅)နေ (၃) တရားပြိုင် ဒေါ်လှစိုးကြည်(ယခုနေရပ်လိပ်စာမသိ)

သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်-၅၃၃(က)နေ (၄) တရားပြိုင်ဒေါ်သန်းသန်းမြင့်(ယခုနေရပ်လိပ်စာမသိ)နှင့်

ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၅၂) နေ (၅) တရားပြိုင် ဒေါ်လှရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ၁-၁-၂၀၁၅ ရက်စွဲပါ နှစ်ဖက်သဘောတူ မြေကွက်နှင့် အိမ်အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ် နိုဝင်ဘာ ၉ရက် (၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် အောက်တိုဘာ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်စံ)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**







## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘိုးညိမ်း ၈/ခမန (နိုင်)၁၈၉၀၄၀ ၏ Passport No (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၁)၊ အကွက်အမှတ် (၄၇၊လုံလော့ရပ်)၊ ဦးပိုင်အမှတ်(၇၃/ဈ)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၁၈ဧက၊ မြေဂရန်အမှတ်တွဲအမှတ်-၂၉၃-၅/၉၃-၉၄(က) မြေကွက်မှာ ယခင်ပိုင်ရှင်အဆင့်ဆင့်ထံမှ ကျွန်မ ဒေါ်နန်းခမ်းဆွေက ဝယ်ယူလက်ရှိထားခဲ့ပြီး ယင်းမြေကွက်နှင့်ကပ်လျက် ကျွန်မအမည်ပေါက် လားရှိုးမြို့၊ (၇)ရပ်ကွက်၊ နယ်မြေ(၁၁)၊ အကွက်အမှတ်(၄၇/လုံလော့ရပ်)၊ ဦးပိုင်အမှတ်(၇၃/ဠ)၊ ဧရိယာ ၀ဒသမ ၀၂၆ဧက၊ မြေဂရန်အမှတ်တွဲ အမှတ် ၃၈၈-၅/၂၀၁၄-၂၀၁၅(အေ) မြေကွက်(၂)ကွက်တို့ကို ဦးပိုင်ပေါင်းစပ်ခွင့်နှင့် မြေဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက်၂၀ အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နန်းခမ်းဆွေ ၁၃/ပဆတ(နိုင်)၀၀၇၃၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ဥယျာဉ်စုရပ်၊ ကွင်းအမှတ် ၁၆၈၇/ဥယျာဉ်စုကွင်း၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်း၊ မြေကွက်အမှတ် ၉၆၄/၁၃၀၀၊ ဧရိယာ ၀ဒသမ ၀၅၀ဧကရှိ ရွာမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်မြကျင် (ဘ) ဦးဘိုးမြ ၉/တသန(နိုင်)၀၇၅၉၆၃ကပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေက ဥပဒေနှင့်အညီ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးအပြတ် တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူမြင့် (LL.B.,LL.M,)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၆၉)**
**၁၄/၆၂၈၊ ပေါင်းလောင်း (၄)လမ်း၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၁၀၉၀၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၃၀၄၇၅)၊ အကျယ်အဝန်း(၈၀×၈၀)ပေ ဧရိယာ ၀ဒသမ ၁၄၆ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆင့်ဆင့်စာချုပ်ချုပ်ဆို ဝယ်ယူပိုင်ဆိုင်ထားသူ ဦးပြည့်ဖြိုးမောင်၏ အခွင့်ရကိုယ်စားလှယ်ဖြစ်သူ ဦးခင်မောင်ဇော် ၈/တတက(နိုင်)၁၂၁၃၉၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲတင့် ၁၂/ဗတထ(နိုင်)၀၂၀၆၀၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ဖြူ (စဉ်-၄၀၃၁၈)**
**အထက်တန်းရှေ့နေ**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၃၅၉၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁ခ)၊ ဦးပိုင်အမှတ်(၃၄၀)၊ မြေဧရိယာ ၀ဒသမ ၀၉၃ဧကရှိပြီး ၂၁-၇-၂၀၁၇ ရက်ထိ ၁၅ နှစ် မြေငှားဂရန်သက်တမ်းရှိ ဦးစိန်ဝင်းအမည်ပေါက် နေအိမ်မြေကွက်ကို ၂၀-၂-၂၀၀၃ရက်တွင် ဦးသော်တာထွန်းကလည်းကောင်း၊ ၂၂-၅-၂၀၀၉ရက်တွင် ဦးဖော်ကောန်လဂျာ(ခ)လဂျာကလည်းကောင်း နှစ်ဦးသဘောတူစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၁၈-၁-၂၀၁၇ရက်စွဲပါ ကတိသစ္စာပြုလွှာမှတ်ပုံတင်အမှတ်(၁၁/၂၀၁၇)ပြုဆိုတင်ပြလျက် ဦးလဂျာ ၁/ကမန(နိုင်)၀၀၃၉၀၂ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းရရှိရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၂)၊ ဦးပိုင်အမှတ် ၂၁၊ ဧရိယာ ၀ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ ဦးသက်ခိုင်ဦးအမည်ပေါက် ဂရန်မြေကွက်နှင့် ၎င်းအိမ်ခြံမြေပေါ်တွင်ရှိသော သီးပင်၊ စားပင်၊ အိမ်ခြံမြေပေါ်အောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်ခိုင်ဦး ၉/အမဇ(နိုင်)၀၀၀၉၆၀ထံမှ ကျွန်တော် ဦးဝင်းငွေ ၈/မကန(နိုင်)၁၉၁၀၉၀မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ အိမ်ခြံမြေကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ချုပ်ဆိုဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းငွေ**
**ဖုန်း-၀၉-၄၃၀၂၆၆၇၂၊ ၀၉-၇၉၀၁၆၇၂၉၈**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ စမ်းကြီးနေ ဒေါ်အေးသိုက်နွန် ၁၀/ရမန(နိုင်)၁၀၆၇၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ ဖောင်တော်သီကျေးရွာနေ ဦးသိန်းထူး၏သား ဦးဝင်းကိုကိုထွန်း ၇/ဒဥန(နိုင်)၁၁၄၅၆၅ နှင့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ စမ်းကြီးနေ ဦးချစ်သောင်း၏သမီး ဒေါ်အေးသိုက်နွန် ၁၀/ရမန(နိုင်)၁၀၆၇၇၈ တို့သည် ၁၆-၁၀-၂၀၁၇ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းဇေယျစိုး (စဉ်-၉၀၅၉)**
**တရားလွှတ်တော်ရှေ့နေ**
**၃၈၊ ယုဇနလမ်း၊ ကွင်းရပ်၊ မော်လမြိုင်**
**ဖုန်း-၀၉-၄၃၀၇၁၃၇၃**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မလင်းအေးငြိမ်း ၁၂/လမတ(နိုင်)၀၃၄၃၃၆နှင့် မောင်ပြည့်ဖြိုးကျော် ၁၂/မရက(နိုင်)၁၃၆၉၃၀တို့သည် စိတ်သဘောချင်းမတိုက်ဆိုင်သဖြင့် အသိသက်သေများရှေ့မှောက်၌ လမ်းမတော်တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် ကျွန်မ မလင်းအေးငြိမ်းနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မလင်းအေးငြိမ်း**
**၁၂/လမတ(နိုင်)၀၃၄၃၃၆**

# GRAND HANTHA INTERNATIONAL HOSPITAL

## HEMODIALYSIS CENTER (ကျောက်ကပ်သွေးသန့်စင်ဌာန)

GREEN. GRAND. CARE FOR THE PEOPLE

ဂျာမနီနိုင်ငံ *Frensenius Company* မှ နောက်ဆုံးပေါ်နည်းပညာဖြင့် ထုတ်လုပ်ထားသော

- ကျောက်ကပ်သွေးသန့်စင်စက်များ
- *Double RO (Reverse Osmosis) System* နှင့်
- အာရှပစိဖိတ်ဒေသတွင် *CDS (Concentrate Delivery System)*

ကို ပထမဆုံး တပ်ဆင်ထားသော

***Grand Hantha Hemodialysis Center*** ကို

စတင် ဖွင့်လှစ်နေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။



ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

01 523 000, 01 523 111, 01 523 222, 09 520 2282, 09 520 2283, 09 520 2284

---

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/သီဟသူ၊ ဦးပိုင်အမှတ်(၃၃)၊ မြေဧရိယာ ၀ ဒသမ ၁၀၇ဧကရှိ မြေကွက်အား ဦးတိုးလွင် (ဘ)ဦးမြလွင် ၉/တကန(နိုင်)၀၁၂၄၁၈၊ ဒေါ်မူမူ (ဘ) ဦးလုံး ၉/တကန(နိုင်)၀၁၂၃၈၂ မှ အရောင်းအ၀ယ်စာချုပ်၊ တပ်ကုန်းမြို့နယ်တရားရုံး၏ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန်ထရိုက်တာ ဦးလှဝင်း(LC-၃၂၆)နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၅၁၅/ ၂ခနေ ဒေါ်နီလာမင်း ၁၂/ကမတ(နိုင်)၀၄၄၈၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅E၅၊ မြေကွက် IV 9D/5-1 ဧရိယာ ၀ ဒသမ ၃၂၄ ဧကရှိမြေကွက်ကြီးမှ တရားဝင်ခွဲစိတ်ထားပြီးသည့် မြေကွက်အမှတ် 9D/5-1A ဧရိယာ ၀ ဒသမ ၀၇၂ ဧကရှိ ဒေါ်နီလာမင်းအမည်ပေါက် မြေပိုင်မြေကွက်ပေါ်တွင် Basement+၂ခန်းတွဲ (၈½)ထပ်တိုက် Lift (၁)စီးပါ ဆောက်လုပ်ရန်အတွက် မြေရှင် ဒေါ်နီလာမင်းနှင့် ကန်ထရိုက်တာ ဦးလှဝင်းတို့သည် ၁၆-၂-၂၀၁၄ ရက်က သဘောတူကတိစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ယာ/အုံ)က၊ စာအမှတ် ၂၉၆၀/၂၉၆၁/စည်ပင်-ယာ(အုံ)ဖြင့် ၂၇-၁၀-၂၀၁၅ ရက်က ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

မြေရှင်နှင့်ကန်ထရိုက်တို့ သဘောတူထားသည့်စာချုပ်အရ သက်ဆိုင်ရာမှ တရားဝင်ဆောက်မိန့်ကျသည့်ရက်မှ (၁၄)လအတွင်း လူနေထိုင်ရန်အသင့်ဖြစ်ပြီး BCC နှင့်တကွ မြေရှင်လက်သို့ အပ်မည်ဖြစ်ကြောင်း ကန်ထရိုက်တာ ဦးလှဝင်းမှ ကတိပြု၍စာချုပ်၌ လက်မှတ်ရေးထိုးခဲ့ပါသည်။ သို့သော် သတ်မှတ်ရက်၌ အဆောက်အအုံမှာ Basement ပင် မပြီး၍ စာချုပ်စည်းကမ်းအရ နောက်ထပ် (၄)လခွင့်ပြုခဲ့ပါသည်။ စာချုပ်သက်တမ်းပြည့် ၂၇-၄-၂၀၁၇ ရက်ထိတိုင်အောင်လည်း Basement ခင်းထားခြင်းမှလွဲ၍ မည်သည့်လုပ်ချက်မျှ မရှိခဲ့ပါ။

ကန်ထရိုက်တာ ဦးလှဝင်း၏မေတ္တာရပ်ခံချက်အရ မူလစာချုပ်ကို ပြင်ဆင်ကာ၊ တိုက်ဆောက်လုပ်သည့်ကာလကို ၁၉-၁၁-၂၀၁၅ ရက်မှစ၍ (၁၆)လအတွင်း လူနေထိုင်ခွင့်နှင့်တကွ တိုက်ကိုအပ်နှံရန် အကယ်၍ မအပ်နှံနိုင်ပါက နောက်ထပ်အချိန်ပို(၄)လ တိုးပေးရန် ၆-၅-၂၀၁၆ ရက်၌ ထပ်မံပြင်ဆင်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ သို့အတွက် ကန်ထရိုက်တာ ဦးလှဝင်းက လူနေထိုင်ခွင့်နှင့်တကွ အဆိုပါတိုက်ကို ၁၉-၇-၂၀၁၇ ရက် နောက်ဆုံးထားကာ မြေရှင်ထံ မပျက်မကွက်အပ်နှံရမည်ဖြစ်ကြောင်း တွေ့ရပါသည်။ ထိုအချိန်က အဆိုပါကန်ထရိုက်တိုက်မှာ ခြောက်လွှာကြမ်းခင်းထားသည်မှလွဲ၍ အခြားအသင့်အပ်နိုင်သည့် အနေအထားမရှိဘဲ လုပ်ငန်းတစ်ခုလုံး၏ ၅၀ရာခိုင်နှုန်းခန့်သာပြီးစီးကြောင်း သိရပါသည်။

အဆိုပါတိုက်အပြီးတည်ဆောက်ပြီး လူနေခွင့်(BCC) နှင့်တကွ မြေရှင်ထံအပ်ရမည့် အချိန်ကာလထက် (၃)လ ကျော်လွန်လာပြီးဖြစ်ပါသည်။

၆-၅-၂၀၁၆ ရက်စွဲဖြင့် မူလကန်ထရိုက်စာချုပ်အား ပြင်ဆင်ချုပ်ဆိုသော စာချုပ်အပိုဒ် ၁၅(ခ)အရ၊ ၁၉-၁၁-၂၀၁၅ ရက်မှ (၁၆)လအတွင်း အပြီးဆောက်ရန် မပြီးက အချိန်ပို(၄)လတိုးပေးရန် သဘောတူခဲ့ပြီး ထိုအချိန်ပို(၄)လအတွင်း အဆိုပါတိုက်ကို ၉၀ရာခိုင်နှုန်းပြီးစီးအောင် ဆောက်ရကြောင်း၊ အကယ်၍ ၉၀ ရာခိုင်နှုန်းမပြီးခဲ့ပါက မြေရှင်သက်သေအဖြစ် အသိအမှတ်ပြုရောင်းချထားသည့် တိုက်ခန်းများမှအပ ကန်ထရိုက်သည် ၎င်း၏အကျိုးခံစားခွင့်အားလုံးကို စွန့်လွှတ်ကာ ထွက်ခွာသွားမည့်အပြင် ကန်ထရိုက်နှင့်ပတ်သက်သည့် အခြားမည်သူ့ကိုမျှ အသိအမှတ်ပြုရန်မဟုတ်ကြောင်း စာချုပ်၌ လက်မှတ်ရေးထိုးသဘောတူထားသည်ကို တွေ့ရသည်။

သို့အတွက် ဦးလှဝင်းသော်လည်းကောင်း၊ ဦးလှဝင်းနှင့်ပတ်သက်ဆက်နွှယ်၍ ရောက်ရှိနေသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မြေရှင်ဒေါ်နီလာမင်းပိုင် အထက်ပါပစ္စည်းပေါ်မှ အပြီးတိုင်ထွက်ခွာသွားကြပါရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေကြောင်းများအရ တရားစွဲအရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နီလာမင်း** | **ဦးအေးမြင့် (Advocate)** |
| **၁၂/ကမတ(နိုင်)၀၄၄၈၅၉** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၅၂)** |
| | **၉/၁၁၊ ၃၆လမ်း၊ လေးလွှာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** |

---


မဟာ SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

အိမ်အရောက်ငွေပေးချေသည်၊

"ပွဲခ လုံး၀ မယူပါ"

09-33 333 511

09-33 333 514

09-33 333 644



အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း / နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကား မျိုးစုံဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

09-250095114

09-421041338

09-73224763


---

## အမြန်ရောင်းမည်

ရန်ကုန်မြို့တွင်းနှင့်နီးပြီး အနီးဝန်းကျင်တွင် ကန်ထရိုက်တိုက်များ ဆောက်လုပ်နေသော ဒေါပုံမြို့နယ်၊ ယမုံနာ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း (အလယ်)ရှိ မြေပေ (၁၄×၅၀)နှင့် အိမ်။ **(ညှိနှိုင်းဈေး)**

**ဖုန်း-၀၉-၉၆၄၇၇၃၃၆၄**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8J/8874 Bason P/U (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်မြင့် ၁၂/ဒဂန(နိုင်)၀၁၀၇၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်မာမာကြည် ၁၂/တမန(နိုင်)၀၀၈၂၂၆ သည် နိုင်ငံကူးလက်မှတ် A-353697 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းပြန်ပါရန်။ **ဖုန်း-၀၁-၅၄၀၉၄၃**

---

## ပျောက်ဆုံး

ကျွန်တော် ခွန်ဟိန်းကျော် CDC No-77152 သည် BST, EDH, Tanker, SSA, DSD, PSCRB လက်မှတ်များပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးကြပါရန်။ **ဖုန်း-၀၉-၇၉၄၀၇၀၄၄၆**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ ဗြဟ္မစိုရ်လမ်း၊ မြေကွက်အမှတ် (၄/ခ)၊ မြေအလျား×အနံပေ (၂၀×၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခိုင်ခိုင် ၁၂/ဗဟန(နိုင်)၀၃၅၅၇၆ ထံမှ ၀ယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းဌေး ၁၂/ဥကတ(နိုင်)၀၅၃၅၈၇နှင့် ဒေါ်သန်းသန်းဦး ၁၂/ဥကတ(နိုင်)၁၁၁၀၁၉ တို့က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဌေး လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်စု၀သန့်ကျော် LL.B; (အထက်တန်းရှေ့နေ) (စဉ်-၄၁၉၅၆)**

**အမှတ် (၈၀၂)၊ ပြည်သာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

---

## ချိပ်ပိတ်တင်ဒါကြော်ငြာ

ညောင်ဦးခရိုင်၊ ပုဂံမြို့သမိုင်းဝင် ရှေးဟောင်းဘုရားဖြစ်သည့် အာနန္ဒာမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၈ရက်မှ ပြာသိုလကွယ်နေ့ အထိ)၂၅-၁၂-၂၀၁၇ရက်မှ ၁၆-၁-၂၀၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဈေးဆိုင်များနှင့် ဇာတ်ရုံဆောက်လုပ်လိုသူများသည် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဂေါပကအဖွဲ့ရုံးသို့ ၂၅-၁၀-၂၀၁၇ရက်(၁၃၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက်) နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက အာနန္ဒာဘုရားဂေါပကရုံး ဖုန်း-၀၉-၂၀၄၂၇၂၉၊ ၀၉-၄၀၂၅၀၀၁၉၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အာနန္ဒာဘုရားဂေါပကအဖွဲ့**

---

**ဖခင်အမည်မှန်**

မင်းဘူးမြို့၊ မြို့မကျောင်း၊ အထက(ခွဲ)၊ အဌမတန်း(A)မှ မယမင်းဖြူဖြူ၏ ဖခင်အမည်မှန်မှာ ဦးဖုန်းမြတ်မင်း ၈/မဘန(နိုင်)၀၆၁၈၁၃ ဖြစ်ပါကြောင်း။ **ဦးဖုန်းမြတ်မင်း**

---

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်မေတ္တာ(B)၊ သစ်တောလမ်း၊ အမှတ်(၄၆၂) ဟုခေါ်တွင်သော အလျား(၆၅)ပေ × အနံ(၆၅)ပေရှိ အိမ်ခြံမြေနှင့် ၎င်းအိမ်ခြံမြေပေါ်တွင်ရှိသော သီးပင်၊ စားပင်၊ အိမ်ခြံမြေပေါ်အောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါက်တာကိုကိုနိုင် ၈/မကန(နိုင်)၀၆၂၂၄၉ ၏ ကိုယ်စား (ဇနီး)ဒေါ်သစ်သစ်သွေး ၁၃/တကန(နိုင်)၀၁၄၂၂၀ ထံမှ ကျွန်မဒေါ်ဆွေဇင်ထွန်း ၈/မကန(နိုင်)၁၅၀၈၈၅ မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါအိမ်ခြံမြေကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ချုပ်ဆိုဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဇင်ထွန်း**

**ဖုန်း-၀၉-၇၉၈၄၈၀၄၉၀**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ အကွက်အမှတ် (၆/နန္ဒဝန်)၊ ဦးပိုင်အမှတ် (၄၉၉-င)၊ မြေယာအမှတ်(499-E)၊ မြေဧရိယာ ၀ ဒသမ ၁၆၅ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ် (၃၉၃/၂၀၀၅)အရ ဦးမြင့်ခိုင် ၉/ပမန(နိုင်)၀၀၅၃၇၀ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါအမည်ပေါက်ဂရန်မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရှိ (၁-က)စာရင်းတွင် ရေးသွင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဦးမြင့်ခိုင်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်ခိုင် ၉/ပမန(နိုင်)၀၀၅၃၇၀**

**အိမ်အမှတ် (၄၉၉-င)၊ သီရိနန္ဒာလမ်း၊ ရပ်ကွက်ကြီး(၉)၊ ပြင်ဦးလွင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးသွင် (မိုးကောင်း)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးမြင့်ဆွေ-ဒေါ်နုနုအေး၊ ဦးတင့်ဆွေ-ဒေါ်ကြည်ကြည်ဆွေ၊ ဦးတင့်ဝေ-ဒေါ်သိန်းသိန်းဆွေ၊ ဒေါ်ကြူကြူသွင်တို့၏မိခင်သည် ၁၉-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်နုနုဆွေ**
**သား ကိုကျော်သီဟ(ခ)ကိုပေါက်-မနွေးအိအိဇင်**
**သမီး မသီရိဆွေ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သောင်းသောင်း(အမေသောင်း) (မြင်းခြံ)
### အသက်(၉၁)နှစ်

သူငယ်ချင်း ရဲမှူးမြင့်လွင်(သတင်းတပ်ဖွဲ့) - ဒေါ်ကြည်ကြည်မော်တို့၏ ချစ်လှစွာသောမိခင် ဒေါ်သောင်းသောင်း(အမေသောင်း)သည် ၁၇-၁၀-၂၀၁၇ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် သူငယ်ချင်း၏မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်း (အရာရှိ) သင်တန်းအမှတ်စဉ်(၁၅)မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောမောင်
### အသက်(၉၀)

သူငယ်ချင်း ဒုတိယရဲမှူးကြီးလှမြင့်(ငြိမ်း)-ဒေါ်ခင်ထားမြင့်(ဦးစီးအရာရှိ၊ ငြိမ်း၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာန)၏ ချစ်လှစွာသောဖခင် ဦးစောမောင်သည် ၁၆-၁၀-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် သူငယ်ချင်း၏မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်း (အရာရှိ) သင်တန်းအမှတ်စဉ်(၁၅)မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်မောင်
### အသက်(၇၇)နှစ်

ကျိုင်းတုံတက္ကသိုလ်၊ ရက္ခဗေဒဌာနမှ ကထိက ဒေါက်တာနွယ်နီတင်၏ ဖခင် ဦးတင်မောင် အသက်(၇၇)နှစ်သည် ၁၆-၁၀-၂၀၁၇ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ရက္ခဗေဒမိသားစု၊ ကျိုင်းတုံတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသန်းထွန်းအောင်(ငြိမ်း)
### ကြည်း-၁၂၄၀၀၊ OTS-44
### အသက်(၇၆)နှစ်

မော်လမြိုင်မြို့နေ ဗိုလ်ကြီးသန်းထွန်းအောင်(ငြိမ်း)သည် ၁၈-၁၀-၂၀၁၇ရက်က ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS-44 မှ သူငယ်ချင်းများ**

ရဟန်းအမ
## ဒေါ်ခင်သော်တာဦး(ခ)ဒေါ်ရီသိန်း
### ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ဆေးစပ်)(ငြိမ်း)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကျော်သူ ၂၅လမ်း၊ (၉)ရပ်ကွက်၊ အမှတ် ၁၉ (က)နေ (ဦးတင်မောင်-ဒေါ်ခင်မြဦး)တို့၏သမီး၊ ဦးလှအောင်-ဒေါ်ခင်စန္ဒာဦး(ဆေးသုတေသနဦးစီးဌာန)၊ ဦးတင်ဦး-ဒေါ်ခင်ဥမ္မာအောင်(ဆေးမှတ်တမ်းဌာန၊ YGH)၊ ဦးတင်ကိုကိုဦး(ဆေးသုတေသနဦးစီးဌာန)၊ ဦးတင်ကိုကိုဇော်-ဒေါ်တင်မိုးခိုင်၊ ဦးအောင်သက်ဇော်-ဒေါ်ခင်ကလျာတင်၊ ဒေါက်တာချမ်းငြိမ်းဦး-ဒေါ်ခင်ထက်ထက်တင်တို့၏အစ်မ၊ တူ၊ တူမ မြေးမြေးတို့၏ကြီးကြီး၊ မြေးတစ်ယောက်၏ဘွားဘွားကြီးသည် ၁၉-၁၀-၂၀၁၇ရက် နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၇ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြတ်သူ(ခ)ပေါက်ပေါက်
### ထားဝယ်စု၊ မီးသတ်(D.F.B)၊ အတွင်းရေးမှူးချုပ်
### မြိတ်မြို့
### အသက်(၅၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ထားဝယ်စုရပ်၊ သမ္မတရုံလမ်းနေ (ဦးကျင်ဝမ်-ဒေါ်ကြည်ညွန့်)တို့၏သား၊ (ဦးယုတင်-ဒေါ်ရှု့ကျင်)တို့၏သားသမက်၊ဒေါ်ကြူကြူစန်း(ခ)ဒေါ်ဒေါ်၏ခင်ပွန်း၊မရတနာသူ(ခ)မောက်မောက်၊ ကိုပြည့်စုံသူတို့၏ဖခင်၊ (ဦးမြတ်ခိုင်)၊ ဒေါ်ဝင့်ဝင့်တို့၏ညီ/မောင်၊ ဦးညီညီ-ဒေါ်ရီရီမော်၊ ဒေါ်သင်းသင်းဝမ်တို့၏အစ်ကိုသည် ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၇ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်အောင်
### B.Sc (Maths)
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၅၂၈နေ (ဦးဟန်ရှိန်)-ဒေါ်သန်းလှတို့၏သား၊ (ဦးမြင့်သန်း)၊ ဒေါ်အေးအေးဟန် (အမက-၁၁၊ အင်းစိန်)၊ (ဦးသန်းထွဋ်)-ဒေါ်ရီရီနိုင်၊ ဦးစိုးမြင့်ဝင်း-ဒေါ်မိုးမိုးဟန်၊ ဦးမောင်မောင်သန်း-ဒေါ်မော်မော်သိန်းတို့၏ညီ/မောင်၊ တူ/တူမ လေးယောက်တို့၏ဦးလေးသည် ၁၈-၁၀-၂၀၁၇ရက် နံနက် ၁၁း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၀-၁၀-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဘိုးဘွားရိပ်သာ ဒါယိကာမကြီး
## တန်ရှူ့ဟုတ်(ခ)ဒေါ်ခင်ရီ (ညောင်လေးပင်မြို့)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၂၈၊ ပထမထပ်နေ(ဦးချွန်နား)၏ချစ်လှစွာသောဇနီး၊ ဦးထွန်းသန်း-ဒေါ်မေပုလဲ၊(ဦးသက်ထွန်း)-ဒေါ်ခင်ဝါ၊ ဦးသိန်းအောင်-(ဒေါ်ခင်ငွေးဝင်း)၊ (ဦးသိန်းဝင်း)၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးထိုက်စန်း-ဒေါ်လှလှ၊ ဦးအောင်ဆွေ-ဒေါက်တာကြည်ကြည်အေး၊ ဦးမောင်ကျင်-ဒေါ်နှင်းနှင်းခိုင်၊ ဒေါ်ကြည်ကြည်သန်း၊ ဦးစိုးဝင်းအောင်-ဒေါ်ကြည်ကြည်စန်း(Ever Full Co.,Ltd)၊ ဦးရင်ကြည်-ဒေါ်သန်းသန်းလွင်တို့၏မိခင်၊ မြေး ၂၂ယောက်၊ မြစ် ၁၄ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၁၀-၂၀၁၇ရက် (အင်္ဂါနေ့)ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ညောင်လေးပင်ဘိုးဘွားရိပ်သာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်
### မြန်မာ့စိုက်ပျိုးရေး(ငြိမ်း)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၁လမ်း၊ တိုက် ၉၊ အခန်း ၂၀၈နေ (ဦးသန့်-ဒေါ်မြင့်)တို့၏သမီး၊ (ဦးတင်မြင့်)၏ဇနီး၊ ဒေါ်မေသက်တင်(ဦးစီးအရာရှိ၊ ငြိမ်း၊ အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံး)၊ ဦးအေးထွန်း-ဒေါ်အေးအေးချို(အယ်နီ)(ခေတ္တ-ကနေဒါ)တို့၏မိခင်၊ မောင်ထက်ဖြိုးဝေ၊ မောင်သုတ၊ ဦးသက်နောင်ဝင်း၊ ဦးအောင်ကျော်ဝင်း-ဒေါ်မူဆဲလာ၊ ဦးကျော်စွာရွှေ-ဒေါ်အိအိမွန်တို့၏အဘွားသည် ၁၈-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## အဖီးဂါ့စိန်စိန်
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ စောတေလိန်းလမ်း၊ တိုက် ၁၊ အခန်း ၅(ဒီ)နေ (မန်းပန်းအောင်-ဒေါ်ဖော့)တို့၏သမီး၊ (ဦးလှဖေ-ဒေါ်ချယ်ရီ)တို့၏သမီးချွေးမ၊ (မန်းဘော-ဒေါ်ကျင်ဟုန်)၊ (ဒေါ်ခင်-မန်းစိန်စီ)တို့၏ညီမ၊ ဒေါ်သန်းသန်းရွှေ-ဦးအောင်မြင့်၊ ဒေါ်မေရီ-ဦးကျော်ငြိမ်း၊ ဒေါ်စန်းစန်းခင်(ခ)မကေ-ဦးစိုးမြင့်၊ ဒေါ်ရင်ရင်ရွှေ-ဦးမောင်ရွှေ၊ ဒေါ်စန်းစန်းအေး(ခ)အသိန်း၊ စအောင်မျိုးသန့်-ဒေါ်နွယ်နွယ်အောင်တို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ဖီးဖီးကြီး၊ (ဦးရွှေ)၏ ချစ်လှစွာသောဇနီးသည် ၁၉-၁၀-၂၀၁၇ရက် နံနက် ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၁၀-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့မအသင်းတော် (SS.K.B.M.S) ၆၂၊ သီတာလမ်း၊ (အနောက်ပိုင်းဆေးရုံဘေး) ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီးရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဝေ(မန္တလေးမြို့) အသက်(၇၉)နှစ်

သူငယ်ချင်း ကေသီဝေ(တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ၊ မန္တလေးတိုင်း)၏ဖခင် ဦးမြင့်ဝေသည် ၁၇-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(B.Agr.Sc) ၁၉၉၄ အကြီးတန်းသူငယ်ချင်းများ**

ရဟန်းဒါယိကာမကြီး
## ဒေါ်တင်တင်နု
### (T.S.C/ D.G.S.E)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ် ၁၄နေ [ဦးမြင့်မောင်(ဒီဇိုင်း)-ဒေါ်စောသင်]တို့၏သမီး၊ (ဦးမောင်မောင်ကြီး-ဒေါ်ချိုချို)တို့၏သမီးချွေးမ၊ ဒေါ်ကြူကြူစော၊ ဦးခင်မောင်လင်း-ဒေါ်ခင်လှိုင်ဝင်း၊ ဦးအေးကျော်-ဒေါ်ခင်ခင်အုန်းတို့၏ညီမ၊ ဦးသန်းချို (T.S.C/ D.G.S.E) ကုဋေကုဋာကလေးကစားစရာအရုပ်ဆိုင်၊ မင်္ဂလာဈေး၏ချစ်လှစွာသောဇနီး၊ ဦးခင်ဇော်မောင်(ကေဇော်)-ဒေါ်ခင်ခင်သစ်၊ ဦးဝင်းမော်မောင်၊ ဦးကျော်စောမောင်(ပန်းချီ)၊ ဦးဝင်းပေါ်မောင်-ဒေါ်မာလာရွှေတို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏ကြီးကြီးသည် ၁၉-၁၀-၂၀၁၇ရက် နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၇ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဇော်(ခ)ပူတူးငယ်
### စာပြင်အယ်ဒီတာဟောင်း(ပေါ်ပြူလာဂျာနယ်)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ အမှတ် ၁၆၊ အခန်း ၆၊ မြေညီထပ်နေ စာရေးဆရာ၊ သတင်းစာဆရာ၊ အမျိုးသားစာပေဆုရှင်(စိန်ခင်မောင်ရီ-ဒေါ်သန်းသန်း)တို့၏သား၊ ဦးခင်မောင်သော်(မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ ကမာရွတ်မြို့နယ်ဥက္ကဋ္ဌ)၊ ဦးခင်မောင်ကျော်တို့၏ညီ၊ (ဦးမျိုးဝင်း-ဒေါ်အေးအေးသော်)၊ (ဦးခင်မောင်မော်)၊ (ဦးဘိုဘိုချော)၊ (ဦးဘိုဘိုဒေါ)၊ ဦးဘိုဘိုထွေးတို့၏အစ်ကို၊ မောင်ညေးယျသော်၊ မောင်ဝင်းအောင်သော်၊ မနိုနိုအိစံ၊ မဖူးပွင့်သော်၊ မောင်ပြည့်ဖြိုးသော်-မဇာခြည်ဖြိုးတို့၏ဦးလေး၊ မောင်ထက်ဖြိုးသော်၏အဘိုးသည် ၁၉-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၄ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၇ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေးသွင် (မိုးကောင်း)
### အသက်(၉၁)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နေ (ဦးလှတင်-ဒေါ်ကြည်)တို့၏သမီး၊ ဒေါ်အေးမြိုင်၏အစ်မ၊ (ဦးလောစိန်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ-ဒေါ်နုနုအေး၊ ဦးတင့်ဆွေ - ဒေါ်ကြည်ကြည်ဆွေ၊ ဦးတင့်ဝေ-ဒေါ်သိန်းသိန်းဆွေ၊ ဒေါ်ကြူကြူသွင်တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀း၂၀နာရီတွင် ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ရှင်စောပုရပ်ကွက်၊ ပဏ္ဍိတလမ်း၊ တိုက် ၁၊ အခန်း ၂ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း (တောင်ကုတ်)
### [စာရေးဆရာ-မစ္စတာဝါယော/ တင်ထွန်း (တောင်ကုတ်)]
### အသက်(၉၀)

(ဦးရွှေပြား-ဒေါ်အေးရင်)တို့၏သား၊ (ဦးမောင်ကြီး-ဒေါ်သိန်းချို)တို့၏ သားသမက်၊ဒေါ်ခင်ခင်လှ၏ခင်ပွန်း၊ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် ၄၃၆/၁၁နေ (ဦးဉာဏ်ထွန်း - ဒေါ်ဆွေဆွေမြင့်)တို့၏ ဖခင်၊ မောင်ဒီပါချမ်းမြေ့ (I.C.E.C-တာမွေ)၊ မသီရိဉာဏ်ရည်ထွန်း (အထက-၄၊ ဗိုလ်တထောင်)တို့၏ ဘိုးဘိုးကြီးသည် ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီး ဦးနောက်နှင့် အာရုံကြောဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၇ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ကပ္ပတိန်တင်မောင်ချို
### (BOYSIE)
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ယိုးဒယားလမ်းသွယ်၊ အမှတ် ၈ နေ ဦးခင်မောင်ချို - ဒေါ်မြမြဝင်း(JEAN CHO)တို့၏သား၊ တင်နွယ်နီ၊ တင်နှင်းယု၊ တင်လင်းဝင်း၊ ဇေဒါချို၊ ချိုမင်းသန့်၊ ချိုခင်ခင်ကျော်ဝင်း၊ ဗညားကျော်ဝင်း၊ ချိုဇင်ဇင်ကျော်ဝင်း၊ A.J တို့၏ဦးလေး/ဘကြီးသည် ၁၇-၁၀-၂၀၁၇ ရက်(အင်္ဂါနေ့) နံနက် ၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ဝတ်ပြုဆုတောင်းပြီး ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသက်လွင်
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစီနွာလမ်း၊ အမှတ် ၄၂ (မြေညီခေါင်းရင်း)နေ (ဦးအုန်းမောင်-ဒေါ်ခင်သိန်း)တို့၏သား၊ (ဦးသက်ဇင်)-ဒေါ်မို့မို့ခိုင်၊ (မသင်းသင်းဆွေ)တို့၏အစ်ကို၊ မအိအိဖြိုး၏ဖခင်၊ မောင်ရဲကိုဇင်(တတိယနှစ်၊ အင်္ဂလိပ်စာအဝေးသင်၊ ဒဂုံ)၏ ဘကြီးသည် ၁၈-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၄၅နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀-၁၀-၂၀၁၇ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## သထုံမြို့နယ်အသင်း(ရန်ကုန်)
## ဦးမင်းမော်စိုး အသက်(၅၄)နှစ်
### TTC ကျောင်းသားဟောင်း
### အသင်းဝင်အမှတ်-၁၈၆၁

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၃)၊ အမှတ် ၃၀၈၊ အခန်း ၄နေ ဒုတိယဗိုလ်မှူးကြီး စိုးမြင့်(ငြိမ်း) - (ဒေါ်လှငွေ)တို့၏သား၊ ဒေါ်သူဇာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကြည်စင်မင်းမော် (ကွန်ပျူတာတက္ကသိုလ်)၊ မမွန်မြတ်မင်းမော်(TTC) တို့၏ဖခင်သည် ၁၇-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဦး
### အမျိုးသားကျောင်းသားဟောင်းအသင်း နာယကကြီး
### အသက်(၉၂)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်း၊ ရွှေဒေါင်းရပ်နေ (ဦးမောင်ကြီး-ဒေါ်သိန်း)တို့၏သား၊ မင်းတဲစက်မြေရပ်နေ [ဒေါ်မြသန်း(ကျောင်းဆရာမ)]၏ခင်ပွန်း၊ (ဦးဉာဏ်လွင်ဦး)-ဒေါ်အေးအေးဆင့်၊ ဒေါ်ချိုချိုဦး၊ ဦးကျော်မြင့်(Chief Engineer)-(ဒေါ်တိုးတိုးဦး)၊ ဒေါ်သင်းသင်းဦး(ရေခွန်ဌာန၊ မန်းစည်ပင်)၊ ဦးဇော်မင်းဦး(မြို့/မြေဌာန၊ မန်းစည်ပင်)-ဒေါ်ဥမ္မာကျော်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၈-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးအောင်သန်း(ခ)ဦးရွှေ
### (ပ)အုပ်စုမှူး၊ M.E.P.E (ငြိမ်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်းအောက်၊ တိုက် ၅၀ (ဒုတိယထပ်)နေ (ဦးသာနု-ဒေါ်စိန်နု)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်သန်းတင်)တို့၏သားသမက်၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးစန်းရွှင်-ဒေါ်မြင့်မြင့်ဦး(YESC ရုံးချုပ်)၊ မအေးအေးလွင်၊ မောင်မျိုးလွင်(ခေတ္တ-USA)၊ မခင်အေးမော် (မြန်မာ့စီးပွားရေးဘဏ်ခွဲ-၃)တို့၏ဖခင်၊ မဆွေဆွေထွန်း (EM Production)၊ မယဉ်မွန်မွန်အေးတို့၏အဘိုးသည် ၁၉-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၃း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၇ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်ဝေ (ပ/၂၀၇၀)
### ဒုတိယညွှန်ကြားရေးမှူး (ထွေ/အုပ်၊ ငြိမ်း)
### အသက်(၇၉)နှစ်

မန္တလေးမြို့၊ အမှတ် ၅၁/က၊ ၆၉လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ပတ်ကုန်းပျော်ဘွယ်ရပ်၊ ချမ်းအေးသာစံမြို့နယ်နေ (ဦးဘခွေး-ဒေါ်အေးတင်)တို့၏သား၊ ဒေါ်နီနီဝေ(ကထိက၊ တောင်ကြီးပညာရေးကောလိပ်)၊ ယာယီဒုတိယရဲမှူးကြီးတင်ထွန်းဝေ-ဒေါ်သန်းသန်းမော်(အမှတ်-၃၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၊ စစ်ကိုင်း)၊ ဦးခိုင်ဝေ၊ ဦးနိုင်ဝေ(ဈေးတာဝန်ခံ၊ ရတနာပုံဈေး)-ဒေါ်အေးအေးသင်း၊ ဒေါ်ကေသီဝေ(တိုင်းသီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံ၊ မန္တလေးတိုင်းစိုက်ပျိုးရေးရုံး)၊ ဒေါက်တာသီတာဝေ (ကထိက၊ ရန်ကုန်ပညာရေးတက္ကသိုလ်)တို့၏ဖခင်၊ မသင်းမြတ်ဝေ၏အဘိုး၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ ဘုရင့်နောင်လမ်း၊ မ/၇၄နေ ဒေါ်ခင်နွဲ့ဝေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)ည ၈း၁၅နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးမောင်ကျော်(ခ)မိုဟမ္မဒ်အိုင်ယူဘ်
### B.A(Hist)R.L ၊ ယခင်အောင်ဆန်းသူရိယလှသောင်းကျောင်းဆရာ
### နာယက၊ ဥယျာဉ်မှူးအစ္စလာမ့်ပညာရေးသုတေသနအဖွဲ့
### အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်းသွယ်၊ အမှတ် ၁၄ (က)နေ (ဦးရွှေလုံး-ဒေါ်မအေး)တို့၏သား၊ (ဦးဖိုးသာဦး-ဒေါ်ညီမပု)တို့၏သားသမက်၊ (ဦးကျော်ဖဲလှ)၏ညီ၊ ဦးရွှေထွန်းအောင်၊ ဒေါ်သန်းတင်၊ ဒေါ်သန်းရွှေ၊ ဒေါ်ခင်မြင့်၊ ဒေါ်တင်တင်အေး၊ ဒေါ်ခင်သန်းထွေးတို့၏အစ်ကို၊ (ဒေါ်ခင်ပု)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မျိုးကျော်-ဦးသံတွဲမောင်(B.A-Psy)၊ ဒေါ်ခင်မေကျော်(B.A-Psy)-ဦးဇော်မင်းထွန်း(Chief Engineer-Uniteam Marine)၊ ဒေါ်သီဂီကျော်(B.A Business Science)-ဦးမိုးနိုင်(LL.B)၊ ဦးကျော်ဇေယျ(Dura Mine SDN BHD-QC incharge Fiber Optic Cable ခေတ္တ-မလေးရှား) - ဒေါ်ချောစုခင် (B.A-History)၊ ဦးကျော်သူရ(LL.B)-ဒေါ်စိုးဇင်မာဝင်း၊ ဦးဇေယျာကျော်(B.E Electrical)-ဒေါ်သန်းသန်းစိုး(LL.B)၊ ကိုဝဏ္ဏကျော်စွာ(LL.B)၊ မမျိုးသီရိကျော် (B.Sc Zoo, Dip in Midwife)၊ မကျော်ယုယုထွေး[B.N.Sc (Generic), Mini MBA- ခေတ္တ-စင်ကာပူ]တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၀၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ အဆွရ်နမားဇ်အပြီး သန်လျင်စွန္နီကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထွန်းနိုင် (စစ်တွေ)
### အသက်(၄၆)နှစ်

ပေါက်တောမြို့၊ ပြားသူကြွယ်ကျေးရွာနေ (ဦးစံကျော်လှ-ဒေါ်ဖြူမ)တို့၏ သားသမက်၊ စစ်တွေမြို့နေ (ဦးသာဒိုးအောင်-ဒေါ်စံမြသာ)တို့၏သား၊ ဦးတင်မောင်-ဒေါ်မသန်းရွှေ၊ ဦးအောင်စံကျော်-ဒေါ်မလှတင်၊ ဦးစိန်ညွှန့်လှိုင်-ဒေါ်မနုတင်၊ဦးမောင်လှတင်-ဒေါ်ရီရီလှိုင်တို့၏ ညီ/မောင်၊ ဒေါ်မတင်လှိုင်၏ခင်ပွန်း၊ မနှင်းဝေဝေကျော်၊ မောင်အောင်မြတ်ထွန်းတို့၏ဖခင်သည် ၁၈-၁၀-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၀-၁၀-၂၀၁၇ ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အာကျိုတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးထွန်းနိုင် (စစ်တွေ)
### မြို့သူကြီးရပ်ကွက်
### အသက်(၄၆)နှစ်

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်နေ (ဦးသာဒိုးအောင်-ဒေါ်စံမြသာ)တို့၏သား၊ (ဦးစံကျော်လှ-ဒေါ်ဖြူမ)တို့၏သားသမက်၊ (ဦးဦးသာထွန်း)၊ ဒေါ်စန္ဒာသီဂီ၊ ဦးစိန်ကျော်မောင်-ဒေါ်မတင်အေး၊ ဒေါ်မခင်မြ၊ ဦးထွန်းတင်မောင် - ဒေါ်မသန်းနွယ်၊ (ဦးမြင့်ကျော်)-ဒေါ်စမ်းစမ်းနွယ်၊ ဦးစံမြ-ဒေါ်နီနီတို့၏မောင်၊ ဒေါ်မတင်လှိုင်၏ခင်ပွန်း၊ မနှင်းဝေဝေကျော်၊ မောင်အောင်မြတ်ထွန်းတို့၏ ဖခင်သည် ၁၈-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အာကျိုတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု



ကန်တော်ကြီးနန်းတော်ဟိုတယ် မီးလောင်နေမှုကို
မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး သက်စွန့်ဆံဖျား မီးငြိမ်းသတ်နေစဉ်

# ကန်တော်ကြီးနန်းတော်ဟိုတယ် မီးလောင်၊ နှစ်ဦးသေဆုံးပြီး ဒဏ်ရာရသူများရှိ

**သတင်း-ကိုကြီးတင်၊ ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

**ရန်ကုန်  အောက်တိုဘာ ၁၉**

အောက်တိုဘာ ၁၉ ရက် နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် ပန်းဥယျာဉ်ရပ်ကွက် ကန်ရိပ်သာပတ်လမ်းရှိ ကန်တော်ကြီးနန်းတော်ဟိုတယ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးစတင်လောင်ချိန်မှာ နံနက် ၃ နာရီ ၁၀ မိနစ်ခန့်ဖြစ်သော်လည်း မီးသတ်တပ်ဖွဲ့သို့ သတင်းရောက်သည့်အချိန်မှာ နံနက် ၃ နာရီ ၂၅ မိနစ်မှ သတင်းစတင်လက်ခံရရှိခဲ့သည်ဟု သိရသည်။

Level 1 အုပ်စုမှ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက "ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ မီးက အပေါ်ကိုတောင် တက်နေပြီ။ မီးအရှိန်များလွန်းတဲ့အတွက် နောက်ဆုတ်ခဲ့ရတယ်။ မရှေးမနှောင်းပါပဲ မီးသတ်ယာဉ်တွေ အများကြီးရောက်လာတဲ့အတွက် မီးငြိမ်းဖို့ အားလုံးကြိုးစားခဲ့ကြပါတယ်"ဟု တွေ့ကြုံရမှုကို ပြောပြသည်။

ရန်ကုန်တိရစ္ဆာန်ရုံအိမ်ရာမှ အမျိုးသမီးတစ်ဦးက "မီးအရှိန်ကလည်းများတယ်။ လေတိုက်အားကလည်း ကောင်းတယ်၊ နောက် အမိုးတွေအားလုံးက ကျွန်းပြားတွေနဲ့ မိုးထားတာ၊ နောက် ရေနံကလည်း ဝနေတာဆိုတော့ ပိုဆိုးတာပေါ့။ အမိုးတစ်လျှောက်ကနေ မီးကူးလောင်တာ" ဟု မြင်သမျှကို ပြောပြခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

# မောင်တောဒေသအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိ

**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

**မောင်တော  အောက်တိုဘာ ၁၉**

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေးကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ မောင်တောဒေသကိုလည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မောင်တောမြို့ပေါ် အတွက် နိုင်ငံတော်ဓာတ်အား စနစ်ကနေ ဓာတ်အား အရန်သင့် ပို့လွှတ်နိုင်ဖို့အတွက် အခုနှစ်မှာ ထရန်စဖော်မာ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်သွားမှာပါ။ မောင်တောဒေသအတွက် ထရန်စဖော်မာ လေး-ငါးလုံးလောက် တည်ဆောက်မယ်လို့ ရည်ရွယ်ထားပါတယ်။ မောင်တောမြို့ပေါ် လျှပ်စစ်မီးရောက်တာနဲ့ မြို့နားနီးတဲ့ ကျေးရွာ ၁၅ ရွာကိုလည်း လျှပ်စစ်မီးရောက်ရှိဖို့ ဆောင်ရွက်သွားမှာပါ"ဟု မောင်တောခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွန်းက ပြောကြားသည်။

လက်ရှိတွင် မောင်တောခရိုင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင်- မောင်တော စသည်ဖြင့် နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပို့လွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ❐

## ဖားကန့် ၌ တုတ်၊ ဓားလက်နက်များကိုင်ထားသည့် ရေမဆေးကျောက်ရှာသူများက လုပ်ကွက်အတွင်း အတင်းဝင်ရောက်ပြီး ရဲတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက်၊ ရဲတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရ၊ ရေမဆေးကျောက်ရှာသူ ငါးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိ

စာမျက်နှာ-၁၂

GRAND HANTHA INTERNATIONAL HOSPITAL
Physical Medicine & Rehabilitation Center
GREEN. GRAND. CARE FOR THE PEOPLE
အကြောအဆစ်ရောဂါနှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးကုသမှုစင်တာ




"To help you through back to your journey of happy and healthy life."
အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523 000, 01 523 111, 01 523 222